# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**နှစ်သက်ဝမ်းမြောက်**

ကောင်းမှုပြုသောသူသည် ဤပစ္စုပ္ပန်လောက၌လည်း ဝမ်းမြောက်၏။ တမလွန်ဘဝ၌လည်း စည်းစိမ်ချမ်းသာကို ဝမ်းမြောက်စွာခံစားရ၏။ ပစ္စုပ္ပန်၊ တမလွန်နှစ်တန်သောဘဝတို့၌လည်း စည်းစိမ်ချမ်းသာကို ဝမ်းမြောက်စွာခံစားရ၏။ ထိုသူသည် မိမိ၏စင်ကြယ်သောသုစရိုက်မှုကို ရှုမြင်၍ အလွန်နှစ်သက်ဝမ်းမြောက်ရ၏။

(ဓမ္မပဒ-၁၆) (မြန်မာပြန်-ဦးသီလာစာရ)


၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၆ ရက် ကြာသပတေးနေ့ 28, Thursday April 2016 (၈၅၄၅)


## နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ခန့်အပ်လွှာများ ပေးအပ်


စာမျက်နှာ - ၃


# လာမည့် တစ်လ၊ နှစ်လအတွင်း နှစ်ဆယ့်တစ်ရာစုပင်လုံညီလာခံကို စတင်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုက်တွန်းပြောကြား

**နေပြည်တော် ဧပြီ ၂၇**

လာမည့် တစ်လ၊ နှစ်လအတွင်း နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံကို စတင်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အဖွဲ့ဝင်များနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးစဉ် ထိုသို့ထည့်သွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင်များက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာတွင် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းများမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေး လုပ်ငန်းများ တည်တံ့ခိုင်မြဲမှလည်း ထာဝရငြိမ်းချမ်းရေး လုပ်ငန်းများကို လုပ်နိုင်မည်ဖြစ်ကြောင်း၊ JMC-U ထဲတွင် ပါဝင်ကြသူများသည် ကမ္ဘာတစ်ဝန်းမှ လုပ်ဆောင်နေသည့် ပစ်ခတ်ရပ်စဲရေးအစီအစဉ်များနှင့် ပတ်သက်ပြီး လေ့လာထားသည့် ပုဂ္ဂိုလ်များဖြစ်၍ ပစ်ခတ်ရပ်စဲရေးများတွင် သဘောတူညီမှုထက် တည်တံ့ခိုင်မြဲရေးက ပိုမိုခက်ခဲသည်ကို သိရှိကြမည်ဖြစ်ပါကြောင်း၊ ပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ်အများစု၏ ကိုးဆယ်ရာခိုင်နှုန်းမှာ လပိုင်းအတွင်း ပြန်ပျက်သွားသည်ကို မိမိအနေဖြင့် ကြားသိရပါကြောင်း၊ ဤသည်မှာ JMC – U က မည်မျှ အရေးကြီးသည်ကို ပြသသည့် သက်သေဖြစ်ပါကြောင်း။

ပစ်ခတ်ရပ်စဲရေးများ တည်တံ့ခိုင်မြဲအောင် လုပ်ရန်သည် အလွန်အရေးကြီးပါကြောင်း၊ လက်မှတ်ထိုးရေးသည် ပထမခြေလှမ်းပင်ဖြစ်ပါကြောင်း၊ ပစ်ခတ်ရပ်စဲရေးများ တည်တံ့ခိုင်မြဲခြင်းမရှိပါက ငြိမ်းချမ်းရေးအတွက် ဆက်လက်သွား၍ မရနိုင်ပါကြောင်း၊ ထို့ကြောင့် JMC – U အနေဖြင့်လုပ်ငန်းစဉ်များကိုအဆင်ပြေချောမွေ့စွာစတင်


စာမျက်နှာ ၈ ကော်လံ ၁ သို့




**တကယ်စေတနာမှန်ပါက မအောင်မြင်စရာမရှိ၊ အများနှင့်စုပေါင်းလုပ်သည့်နေရာတွင် အပေးအယူဆိုရာ၌ အဓိကအားဖြင့် ကိုယ်ဘာပေးမည်ဆိုသည်ကို တစ်ယောက်ချင်း၊ တစ်ယောက်ချင်းက စဉ်းစားပေးပါက အများကြီးအောင်မြင်မည်ဟု မိမိအနေဖြင့် ထင်မြင်**










# ကြေးမုံ

## ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲရေး

ကမ္ဘာပေါ်မှာ ပြည်တွင်းစစ်အရှည်ကြာဆုံးဟူ၍ နာမည်ကျော်ကြားသည့် မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးဆိုသည်ကား နိုင်ငံသူ နိုင်ငံသားတိုင်း တောင့်တကြသော ရတနာတစ်ပါးဖြစ်ပေသည်။

လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာသည့် ပြည်တွင်းစစ်ကို စစ်ရေးနည်းနှင့် တပ်မတော်ခေါင်းဆောင်တို့ ဖြေရှင်းဖို့ ကြိုးစားခဲ့ကြသော်လည်း မအောင်မြင်ခဲ့။ နီးပင် မနီးစပ်ခဲ့ဟု ဆိုရပေမည်။ ပြည်ထောင်စုသားချင်းတစ်ဦးနှင့်တစ်ဦး အပြတ်ခြေမှုန်းဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ကြသော်လည်း လက်နက်ကိုင်ထားသူများ၏ လက်ထဲမှ လက်နက်များ၏ တစ်ဖက်လူအား တိုက်ခိုက်နိုင်စွမ်းအား အရည်အသွေးတို့သာ မြင့်မားလာ၏။ လက်နက်အရေအတွက်တို့သာ တိုးပွားများပြားလာ၏။

ဤလို နှစ်ငါးဆယ်ကျော် ခြောက်ဆယ် တိုင်းရင်းသားအရေး၊ နိုင်ငံအရေးတို့ကို စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံဆွေးနွေးစကားပြောပြီး ကျေနပ်သည်အထိ ညှိနှိုင်းနိုင်စွမ်းမရှိခဲ့ကြဘဲ လက်နက်စွမ်းရည်၊ စစ်စွမ်းရည် မြင့်တက်ရေးကသာ ရှေ့တန်းရောက်ရောက်လာခဲ့သလို ဖြစ်ခဲ့ပါသည်။ ငြိမ်းချမ်းရေးအတွက်ဆိုသည့် ကြွေးကြော်သံများ ဟစ်ကြွေးရင်း ပြည်သူတို့မှာ အသံဝင် မောပန်းဖြစ်ခဲ့ရသည်။ နှစ်ဖက်ကြား အသက် သွေး ချွေးပေးဆပ်ရသူအများစုမှာ သားချင်းညီအစ်ကိုလူငယ်များ ဖြစ်ခဲ့ပါသည်။ စစ်ဘေးစစ်ဒဏ် ခံခဲ့ရသူများမှာ ကျေးလက်ပြည်သူ တိုင်းရင်းသားများ အများစုသာ ဖြစ်ခဲ့ရသည်။

ငြိမ်းချမ်းရေးကို လက်နက်နှင့် အဖြေရှာလို့မရနိုင်ပါ။ နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးအရသာ ဖြေရှင်းလို့ ရနိုင်ပါမည်။ နိုင်ငံရေးကို အမြဲတမ်းလိုလို စစ်ရေးအမြင်တစ်ခုတည်းနှင့် ကြည့်၍မရနိုင်ပါ။ အမြင်မတူကြသူချင်း၊ ပြည်ထောင်စုသားချင်း မှန်ကန်သော သဘောထားအမြင်၊ ကိုယ်ကျိုးမကြည့် ပြည်သူ့အကျိုးကိုသာ ဦးထိပ်ထားသော ခံယူချက်၊ ပြေလည်အောင် ညှိနှိုင်းမည်ဟူသော သန္နိဋ္ဌာန်တို့ဖြင့် မျက်နှာချင်းဆိုင် ဆွေးနွေးစကားပြောကြခြင်းဖြင့်သာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ကြမည်ဟု မြင်ပါသည်။

ယနေ့ကာလက မြန်မာနိုင်ငံ၏ အပြောင်းအလဲတို့အတွက် စတင်ခြေလှမ်းနေကြသော အချိန်ဖြစ်ပါသည်။ ပြည်သူတို့က ရွေးချယ်ထားသော ပြည်သူ့အစိုးရကာလ။ ပြည်သူ့အစိုးရသည် ပြည်သူတို့၏ လိုလားချက်ကို အထူးအလေးဂရုပြု ဆောင်ရွက်ရန် ဆုံးဖြတ်ထားကြပြီးဖြစ်သည်ဟု ယုံကြည်ပါသည်။

ယခုအခါ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ စတင်ဆွေးနွေးနေပြီဟု သိရပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အဖွဲ့ဝင်များနှင့် ယနေ့တွေ့ဆုံဆွေးနွေးစဉ်တွင် လာမည့်တစ်လ၊ နှစ်လအတွင်း နှစ်ဆယ့်တစ်ရာစုပင်လုံညီလာခံကို စတင်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် ပြောကြားလိုက်သည်ဟု သိရသည်။

ထို့နောက် ပစ်ခတ်ရပ်စဲရေးများတွင် သဘောတူညီမှုထက် တည်တံ့ခိုင်မြဲအောင်လုပ်နိုင်ရန် အလွန်အရေးကြီးပါကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ယခုလို ငြိမ်းချမ်းရေးကို ပြည်သူတစ်ရပ်လုံးက ဝတ်မွတ်နေသည့်အချိန်မှာ ပြည်သူလူထုထောက်ခံမှု အများဆုံးရရှိထားသော ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးမှုများတွင် ပါဝင်လာခြင်းသည် လွန်စွာမှ အပေါင်းလက္ခဏာဆောင်သော အနေအထားဟု ရှုမြင်ပါသည်။

လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းက တစ်မျိုးသားလုံး ညီညွတ်ရေးအတွက် ဆောင်ရွက်ခဲ့သလို တစ်ကျော့ပြန် ပင်လုံညီလာခံတစ်ခုကို ပြည်သူတို့ မျှော်လင့်နေကြပါသည်။

ပြည်ထောင်စု အမျိုးသား အင်အားစုများအားလုံးက ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်ကာ ပြည်သူလူထုကြီးလိုလားသည့် စစ်မှန်သော ငြိမ်းချမ်းရေး ပန်းတိုင်ဆီသို့ ဝံ့ဝံ့စားစား ချီတက်နိုင်ကြပါစေသတည်း။ ။

## နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း

(ပြည်သူများသိရှိလေ့လာ အကြံပြုနိုင်ပါရန် ဖော်ပြခြင်း ဖြစ်ပါသည်။)

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၈ ခုနှစ်၊ လ ရက်**
**(၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၃)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ခွဲစိတ်ကုသခဲ့သော မျက်လုံးအား ပြန်လည်စမ်းသပ်စစ်ဆေးမှုခံယူ

**နေပြည်တော် မေ ၂၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်တို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး၌ ယခင်ခွဲစိတ်ကုသခဲ့သောမျက်လုံးများအား ပြန်လည်စမ်းသပ်စစ်ဆေးမှုခံယူခဲ့ရာ အခြေအနေကောင်းမွန်ကြောင်း သိရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် မေ ၉ ရက် နံနက်ပိုင်းတွင် အဆိုပါ ဆေးရုံကြီး၌ ညာဘက်မျက်လုံးအား ခွဲစိတ်ကုသခဲ့ပြီး မေ ၁၆ ရက်တွင် သူရဦးအောင်ကို၊ ဦးဝင်းထိန်၊ ဒေါ်ရွှေမှုံတို့နှင့်အတူ ဘယ်ဘက်မျက်လုံးအတွင်းတိမ်အား ထပ်မံခွဲစိတ်မှု ခံယူခဲ့ရာ ယနေ့တွင် ခွဲစိတ်ခဲ့သော မျက်လုံးများအား ပြန်လည်စမ်းသပ်စစ်ဆေးခြင်းဖြစ်ပြီး မျက်လုံးများ အခြေအနေကောင်းမွန်ကြောင်း ဆေးရုံအုပ်ကြီးက မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆေးရုံအတွင်းရှိ လူနာများအား လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

နေပြည်တော် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးအား မတ် ၉ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး နေပြည်တော်တစ်ဝန်းရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ စုစည်းကာ အဆင့်မြင့် စက်ကိရိယာများဖြင့် ကုသပေးလျက်ရှိရာ နေ့စဉ် လူနာ ၅၀ ခန့် လာရောက်ကုသမှု ခံယူလျက်ရှိကြောင်း ဆေးရုံအုပ်ကြီးထံမှ သိရှိရသည်။

**(သတင်းစဉ်)**

❖


## ပြန်ကြားရေးဝန်ကြီး ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်အား တွေ့ဆုံ

**နေပြည်တော် မေ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် မစ္စစ် ရေနာတာ ဒေဆာလျံနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးရုံး၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**




## ဘီပိုး၊ စီပိုးကာကွယ်ဆေးအခမဲ့ထိုးနှံမည်

**နွားထိုးကြီး မေ ၂၇**

နွားထိုးကြီး သုခချမ်းသာလူမှုကူညီရေး ကျန်းမာရေးစောင့်ရှောက်မှုအသင်းက နွားထိုးကြီးမြို့နယ် လူထုအတွက် အသည်းရောင်အသားဝါ ဘီပိုး၊စီပိုးစစ်ဆေးခြင်းနှင့် ဘီပိုးကာကွယ်ဆေးကိုပထမဦးဆုံးအကြိမ်အဖြစ် လူ ၅၀၀ ကိုအခမဲ့ထိုးပေးရန် စီစဉ်နေကြောင်း အသင်းဥက္ကဋ္ဌဦးအေးလွင်က ပြောသည်။

ပထမအကြိမ်အဖြစ် အသင်းသား၃၀၀ နှင့် မြို့နယ်လူထု ၂၀၀ အား ကာကွယ်ဆေးအခမဲ့ထိုးနှံပေးရန် ကာကွယ်ဆေးထိုးနှံလိုသူများကို စာရင်းကောက်ခံနေကြောင်း သိရသည်။ **(ဌေးမြင့်မောင်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီပံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ခန့်အပ်လွှာများ ပေးအပ်



**နေပြည်တော် ဧပြီ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်များအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်ကြသည့် သံအမတ်ကြီး သုံးဦးသည် ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်၌ သံအမတ်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

အဆိုပါသံအမတ်ကြီးများမှာ အီရန်အစ္စလာမ့်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာမိုဆမ် မိုဟာမက်ဒီ၊ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ်နှင့် ဆလိုဗက်နိုင်ငံ သံအမတ်ကြီး မစ္စတာ စတန်နီစလဗ် အိုပီလာတို့ဖြစ်ပြီး ယနေ့နံနက်ပိုင်းတွင် သံအမတ်ခန့်အပ်လွှာများအား နိုင်ငံတော်သမ္မတထံသို့ ပေးအပ်ခဲ့ကြခြင်းဖြစ်သည်။

ယနေ့ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သည့် အစိုးရစတင်တာဝန်ယူစဉ် နိုင်ငံတကာမှ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီး ခြောက်ဦးတို့သည် ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများ ပေးအပ်ခဲ့ကြပြီး ဧပြီ ၂၈ ရက်တွင်လည်း သံအမတ်ကြီးနှစ်ဦးက ၎င်းတို့၏ ခန့်အပ်လွှာများကို နိုင်ငံတော်သမ္မတထံ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့ အလန်မာရှယ်အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်များနှင့် လက်ရှိပါတီစုံဒီမိုကရေစီခေတ်၏ ဒုတိယအစိုးရကာလ၊ အပြောင်းအလဲကာလတွင် တပ်မတော်၏ အမျိုးသားရေးဆိုင်ရာ ရပ်တည်ချက်၊ လုပ်ဆောင်ချက်များ၊ နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ ဘာသာရေးအရ ဖြစ်ပေါ်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် တပ်မတော်၏ သဘောထားနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ မိမိနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာဆက်ဆံရေးအခြေအနေ၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်ကြား အပြန်အလှန်ယုံကြည်မှုကိုအခြေခံ၍ ဆက်ဆံရေးတိုးမြှင့်နိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဧည့်သည်တော် သံအမတ်ကြီးကလည်း ၎င်းတာဝန်ထမ်းဆောင်မည့်ကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တိုးမြှင့်လုပ်ဆောင်နိုင်မည့်အခြေအနေများကို ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးတို့ တက်ရောက်ကြပြီး သံအမတ်ကြီးနှင့်အတူ သံရုံးဒုတိယအကြီးအကဲနှင့် စစ်သံမှူးတို့ တက်ရောက်ကြသည်။ **(မြဝတီ)**

❑



# ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၅ / ၂၀၁၆
၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၂)နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၅ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဝင်းမော် | အဖွဲ့ဝင် |
| (၂) | ဦးသန်းထွန်း | အဖွဲ့ဝင် |
| (၃) | ဒေါက်တာဦးပွား | အဖွဲ့ဝင် |
| (၄) | ဦးစောဗယ်လင်တိုင်း | အဖွဲ့ဝင် |

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ကြေညာချက်အမှတ်၊ ၈/ ၂၀၁၆
၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(စ) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၄ တို့ပါ ပြဋ္ဌာန်းချက်များအရ **"ပြည်ထောင်စုရာထူးဝန်အဖွဲ့"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါက်တာဝင်းသိမ်း | ဥက္ကဋ္ဌ |
| (၂) | ဦးဝင်းမော် | အဖွဲ့ဝင် |
| (၃) | ဦးသန်းထွန်း | အဖွဲ့ဝင် |
| (၄) | ဒေါက်တာဦးပွား | အဖွဲ့ဝင် |
| (၅) | ဦးစောဗယ်လင်တိုင်း | အဖွဲ့ဝင် |

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ညောင်လေးပင်မြို့နယ်၌ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ညောင်လေးပင် ဧပြီ ၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သောင်ကြီးကျေးရွာနေပြည်သူများ အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာတတ်သော အနာရောဂါဘေးမှ ကင်းဝေးစေရန်အတွက် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းကို ဧပြီ ၂၆ ရက်က အဆိုပါကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ညောင်လေးပင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးသည် မဒေါက်မြို့အုပ်ချုပ်ရေးမှူး ဦးနေဇာမျိုး၊ မဒေါက်မြို့တိုက်နယ်ဆေးရုံမှ ဒေါက်တာဒေါ်ခင်မာလွင်တို့နှင့်အတူ ဒေသခံများအား အယ်နီညိုရာသီဥတုပူပြင်းမှုကြောင့် ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများအကြောင်း အကျယ်တဝင့်ရှင်းလင်းဟောပြောခဲ့ကြပြီး ရွာလုံးကျွတ် ယင်လုံအိမ်သာအသုံးပြုရေးကိုပါ စည်းရုံးဟောပြောခဲ့ကြသည်။

ထို့နောက် အသစ်တည်ဆောက်လျက်ရှိသော ဒေသခံပြည်သူများ၏ ယင်လုံအိမ်သာ ၆၅ လုံးအတွက် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ထောက်ပံ့ထားသော အိမ်သာခွက်နှင့် ပိုက် ၆၅ စုံတို့ကို တာဝန်ရှိသူများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**

## ဂျာမနီရှိ နျူစက်ရုံတစ်ရုံ၌ ကွန်ပျူတာဗိုင်းရပ်များ တွေ့ရှိ

**ဖရန်းဖတ်　မေ ၂၇**

ဂျာမနီနိုင်ငံ နျူကလီးယားဓာတ်အားပေးစက်ရုံတွင် ကွန်ပျူတာဗိုင်းရပ်သင့်ရောက်ခံရမှုကို ရှာဖွေတွေ့ရှိရသော်လည်း စက်ရုံလည်ပတ်မှုကို ထိခိုက်ဖွယ်မရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျာမနီနိုင်ငံ မြူးနစ်မြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၁၂၀ (၇၅ မိုင်)ခန့်အကွာရှိ ဂန်ဒရင်မင်ဂျန် နျူကလီးယားဓာတ်အားပေးစက်ရုံရှိ ကွန်ပျူတာစနစ်၌ W 32 Ramnit နှင့် Conflicker အမည်ရှိ ကွန်ပျူတာဗိုင်းရပ်များအပါအဝင် ကွန်ပျူတာဗိုင်းရပ်များကို ရှာဖွေတွေ့ရှိရကြောင်း အဆိုပါစက်ရုံကို လုပ်ကိုင်နေသည့် အာရ်ဒဗလျူအီးကုမ္ပဏီက ပြောကြားသည်။

ကွန်ပျူတာဗိုင်းရပ်ဖြင့် တိုက်ခိုက်ခံရမှုမရှိစေရန်အတွက် လုံခြုံရေးအစီအမံများကို အဆိုပါကုမ္ပဏီက ချမှတ်ဆောင်ရွက်လျက်ရှိသည် ဆို၏။

ကွန်ပျူတာဗိုင်းရပ်များ တွေ့ရှိရမှုနှင့်ပတ်သက်၍ ကုမ္ပဏီတာဝန်ရှိသူများက ဂျာမနီသတင်းအချက်အလက်လုံခြုံရေးဌာနသို့ အသိပေးအကြောင်းကြားခဲ့သည်။

W 32 Ramnit ကွန်ပျူတာဗိုင်းရပ်သင့်ရောက်ခံရသော ကွန်ပျူတာများမှ ဖိုင်များကို ခိုးယူနိုင်ပြီး Microsoft Windows ဆော့ဖ်ဝဲကို ပစ်မှတ်ထားကြောင်း၊ ယင်းကွန်ပျူတာဗိုင်းရပ်ကို ၂၀၁၀ ပြည့်နှစ်တွင် ပထမဆုံးအကြိမ် ရှာဖွေတွေ့ရှိခဲ့ရကြောင်း၊ Conflicker ကွန်ပျူတာဗိုင်းရပ်ကို ၂၀၀၈ ခုနှစ်တွင် ပထမဆုံးအကြိမ် ရှာဖွေတွေ့ရှိခဲ့ရပြီးနောက် ကမ္ဘာတစ်ဝန်းရှိ Windows ကွန်ပျူတာသန်းပေါင်းများစွာ တိုက်ခိုက်ခံခဲ့ရကြောင်း ကျွမ်းကျင်သူပညာရှင်များက ပြောကြားကြသည်။ **ရိုက်တာ။**

## အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့မှ နိုင်ငံခြားရေးအတွင်းဝန်များ တွေ့ဆုံဆွေးနွေး



**နယူးဒေလီ　မေ ၂၇**

အိန္ဒိယနိုင်ငံရှိ လေတပ်အခြေစိုက်စခန်းတစ်ခုကို စစ်သွေးကြွများက တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် လပေါင်းအတန်ကြာကာလတွင် အိန္ဒိယနှင့် ပါကစ္စတန် ထိပ်တန်းသံတမန်များ၏ တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၇ ရက်တွင်ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အိန္ဒိယနှင့် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အတွင်းဝန်များသည် နယူးဒေလီမြို့တွင် တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်သည်။ ဒေသဆိုင်ရာညီလာခံသို့ တက်ရောက်နေကြသည့် အဆိုပါနှစ်နိုင်ငံမှ အတွင်းဝန်များ သီးခြားတွေ့ဆုံကြခြင်းဖြစ်သည်။

ယခုနှစ် ဇန်နဝါရီလအတွင်း ပါမန်ကော့ လေတပ်အခြေစိုက်စခန်းကို စစ်သွေးကြွများက တိုက်ခိုက်ခဲ့ရာတွင် အိန္ဒိယတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးခဲ့ရသည်။ ယင်းတိုက်ခိုက်မှုကိုအကြောင်းပြု၍ နှစ်နိုင်ငံသံတမန်များ၏ ဆွေးနွေးပွဲများ ရပ်ဆိုင်းခဲ့ရပြီး ယင်းဆွေးနွေးပွဲများ ပြန်လည်အသက်ဝင်လာစေရန် ကြိုးပမ်းမှုအဖြစ် နိုင်ငံခြားရေးအတွင်းဝန်များ တွေ့ဆုံကြခြင်းဖြစ်သည်။

မကြာသေးမီကာလအတွင်းက ဖြစ်ပေါ်တိုးတက်မှုများအပေါ် ရှုမြင်သုံးသပ်ကာ အမြင်ချင်းဖလှယ်နိုင်ခဲ့ကြကြောင်း နယူးဒေလီမြို့၌ ပါကစ္စတန်သံအမတ်ကြီးက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

**ရိုက်တာ။**

❐

## ချာနိုဘိုင်းနျူကလီးယားမတော်တဆမှုမှ သင်ခန်းစာယူရန် ဘန်ကီမွန်းတိုက်တွန်း

**ကုလသမဂ္ဂ　မေ ၂၇**


လူ့သမိုင်းတွင် အဆိုးရွားဆုံးသော နျူကလီးယားမတော်တဆမှုအဖြစ် မှတ်တမ်းတင်ခံရသော ချာနိုဘိုင်းနျူကလီးယားဘေးက ပေးစွမ်းသည့်သင်ခန်းစာများကို ကမ္ဘာ့နိုင်ငံများက အလေးထားမှတ်ယူကြပါရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ချာနိုဘိုင်းနျူကလီးယားမတော်တဆမှုသည် ကမ္ဘာတစ်ဝန်းရှိ နျူကလီးယားစက်ရုံများ၌ လုံခြုံရေးစံချိန်စံညွှန်းများနှင့် ဥပဒေစည်းမျဉ်းများ တင်းကြပ်ရန် လိုအပ်ပုံကို အသိပေးလျက်ရှိကြောင်း အဆိုပါမတော်တဆမှုဖြစ်ပွားခဲ့သည့် နှစ် (၃၀) ပြည့် နှစ်ပတ်လည်အခါသမယတွင် ဘန်ကီမွန်းက ပြောကြားသည်။

ချာနိုဘိုင်းနျူကလီးယားမတော်တဆမှုဖြစ်ပွားခဲ့မှုနှစ်ပတ်လည်ကာလသည် ယင်းဖြစ်ရပ်ပေါ်မှ သင်ခန်းစာအများအပြားရယူနိုင်သော အခွင့်အလမ်းတစ်ရပ်ကို ပေးစွမ်းကြောင်း၊ နျူကလီးယားမတော်တဆမှု ဖြစ်ပွားခဲ့စဉ်က မိမိ၏အသက်ကို ပဓာနမထားဘဲ ကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခဲ့သူများ၏ သူရဲကောင်းဆန်သော ကြိုးပမ်းမှုများကိုလည်း မိမိတို့ တန်ဖိုးထားလေးစားကြရမည်ဖြစ်ကြောင်း ဘန်ကီမွန်းက ပြောကြားသည်။ ယူကရိန်းနိုင်ငံမြောက်ပိုင်းရှိ ချာနိုဘိုင်း နျူကလီးယားဓာတ်အားပေးစက်ရုံ၌ ၁၉၈၆ ခုနှစ် ဧပြီ ၂၆ရက်က မတော်တဆမှုဖြစ်ပွားခဲ့ရာတွင် ရေဒီယိုသတ္တိကြွစေသော ပစ္စည်းယိုစိမ့်မှု ရှစ်တန်ကျော်ထုတ်လွှတ်ခဲ့ပြီး စတုရန်းကီလိုမီတာ ၆၀၀၀၀ ကျော် အကျယ်အဝန်းရှိ နေရာကို တိုက်ရိုက်ညစ်ညမ်းစေခဲ့သဖြင့် လူပေါင်း ၃ ဒသမ ၂ သန်းခန့်မှာ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ဓာတ်ရောင်ခြည်သင့်မှုကို တွေ့ကြုံခဲ့ရသည်။

**ဆင်ဟွာ။**

## အိုလံပစ်မီးရှူးတိုင် လက်ဆင့်ကမ်းပြေးပွဲတွင် ဆီးရီးယားဒုက္ခသည်တစ်ဦး ပါဝင်ဆင်နွှဲ



**အေသင်　မေ ၂၇**

ဂရိနိုင်ငံတွင် ကျင်းပသည့် အိုလံပစ်မီးရှူးတိုင်လက်ဆင့်ကမ်းပြေးပွဲတွင် ဆီးရီးယားဒုက္ခသည်တစ်ဦး ပါဝင်ဆင်နွှဲခဲ့သည်။ အိုလံပစ်မီးရှူးတိုင်လက်ဆင့်ကမ်းပြေးပွဲကို လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့က စတင်ကျင်းပခဲ့သည်။ အင်္ဂါနေ့ကကျင်းပခဲ့သည့် လက်ဆင့်ကမ်းပြေးပွဲတွင် အေသင်မြို့စွန်ရှိ ဒုက္ခသည်စခန်းမှ အသက်(၂၇)နှစ်ရှိ ဆီးရီးယားဒုက္ခသည် အီဘရာဟင် ဟူစိန်က မီးရှူးတိုင်သယ်ဆောင်သူအဖြစ် ပါဝင်ဆင်နွှဲခဲ့သည်။ ယင်းဒုက္ခသည်စခန်းတွင် ရွှေ့ပြောင်းလာသူများနှင့် ဒုက္ခသည် ၁၅၀၀ ခန့် ယာယီနေထိုင်လျက်ရှိသည်။

ရွှေ့ပြောင်းလာသူများနှင့် ဒုက္ခသည်များကို စာနာထောက်ခံစေရန်အတွက် အိုလံပစ်မီးရှူးတိုင်လက်ဆင့်ကမ်းပြေးပွဲတွင် အီဘရာဟင် ဟူစိန် ပါဝင်နိုင်ရေးကို ဂရိအိုလံပစ်ကော်မတီက စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အီဘရာဟင်သည် ဆီးရီးယားနိုင်ငံတွင် ဗုံးပေါက်ကွဲမှုတစ်ခုအတွင်း ညာဘက်ခြေထောက် ပြတ်တောက်သွားခဲ့ရသည်။ လွန်ခဲ့သည်နှစ်နှစ်က ဂရိနိုင်ငံသို့ရောက်ရှိလာပြီး ခြေထောက်တုဖြင့် ရေကူးပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲလျက်ရှိသည်။

အီဘရာဟင် မီးရှူးတိုင်ကို ကိုင်ဆောင်ပြီး ဒုက္ခသည်စခန်းအတွင်းသို့ ဝင်ရောက်လာသည့်အခါ လူများက ပျော်ရွှင်စွာအော်ဟစ်ကြပြီး ကလေးငယ်များက သူ့နောက်သို့ ခုန်ပေါက်ပြေးလွှားလိုက်သွားကြသည်။

အီဘရာဟင်က ဆီးရီးယားဒုက္ခသည်များနှင့် အခြားနိုင်ငံများမှ ဒုက္ခသည်များအနေဖြင့် ဒုက္ခသည်စခန်းတွင် နေထိုင်နေခြင်းထက် အခြားနေရာများသို့ ရွှေ့ပြောင်းသင့်သည်ဟုပြောကြားပြီး ၎င်းက ဒုက္ခသည်များကို စာနာထောက်ထားကြရန်လည်း မေတ္တာရပ်ခံခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

## မလေးရှားနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ ရာထူးမှအနားယူ

**ကွာလာလမ်ပူ　မေ ၂၇**

မလေးရှားနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ ဇက်တီ အက်ခ်တာ အာဇစ်သည် မေ ၃၀ ရက်တွင် ဥက္ကဋ္ဌတာဝန်မှ အနားယူမည်ဖြစ်ပြီး ၎င်းနေရာတွင် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌက တာဝန်ယူမည်ဖြစ်ကြောင်း မလေးရှားအစိုးရအဖွဲ့က ယနေ့ သတင်းထုတ်ပြန်ခဲ့ကြောင်း သတင်းများအရ သိရသည်။

လက်ရှိဥက္ကဋ္ဌ အာဇစ်သည် မေ ၃၀ ရက်မှစပြီး တာဝန်မှ အနားယူမည်ဖြစ်ပြီး ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ မိုဟာမက်အီဘရာဟမ်က မေ ၁ ရက်မှစပြီး ဗဟိုဘဏ်ဥက္ကဋ္ဌရာထူး ၄နှစ်သက်တမ်းအတွက် လုပ်ငန်းတာဝန်များကို စတင်တာဝန်ယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တစ်ရပ်တွင် မလေးရှားဝန်ကြီးချုပ်က ဆိုသည်။

“မိုဟာမက် အီဘရာဟမ်ရဲ့ ဦးဆောင်မှုအောက်မှာ ဘဏ်လုပ်ငန်းအားလုံးအဆင်ပြေမယ်လို့ ယုံကြည်ပါတယ်။ အစိုးရရဲ့ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းတွေ စည်းမျဉ်းစည်းကမ်းချမှတ်တဲ့နေရာတွေနဲ့ ငွေကြေးမူဝါဒတွေ ချမှတ်တာတွေအပြင် မလေးရှားနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အစိုးရအဖွဲ့ကို အကြံဉာဏ်တွေပေးနိုင်မယ်လို့လည်း ယုံကြည်ပါတယ်”ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အသက်(၅၆)နှစ်ရှိသည့် မိုဟာမက်အီဘရာဟမ်သည် ၂၀၁၀ ခုနှစ်မှစပြီး ဘဏ်ဒုတိယဥက္ကဋ္ဌရာထူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ဟားဗက်တက္ကသိုလ်မှ မာစတာဘွဲ့ရရှိခဲ့သည်။ ယင်းသည် ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်းချမှတ်မှုများ၊ ကြီးကြပ်အုပ်ချုပ်မှုများ၊ မဟာဗျူဟာအစီအစဉ်များချမှတ်မှု၊ ငွေပေးချေမှုစနစ်များ၊ အာမခံလုပ်ငန်းကိစ္စများ၊ နိုင်ငံခြားဘဏ်လုပ်ငန်းများနှင့် စီးပွားရေးဈေးကွက်များအပါအဝင် ကဏ္ဍအများအပြားတွင် ကျွမ်းကျင်စွာဆောင်ရွက်နိုင်သူဖြစ်သည်။

အာရှစီးပွားရေးပျက်ကပ်ဖြင့် ရင်ဆိုင်နေရသည့် ၁၉၉၈ ခုနှစ်တွင် အစိုးရ၏ချမှတ်ထားသော ပြောင်းလဲခြင်းမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရန်အတွက် အသက်(၆၈)နှစ်ရှိသည့် ဇက်တီ အက်ခ်တာ အာဇစ်သည် ယာယီဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ၂၀၀၀ ပြည့်နှစ်ကစပြီး ဗဟိုဘဏ်ဥက္ကဋ္ဌရာထူးကို တာဝန်ယူထမ်းရွက်ခဲ့သည်။ ၎င်းတာဝန်ထမ်းရွက်ခဲ့သည့် ၁၆ နှစ်တာကာလပတ်လုံးတွင် မလေးရှားနိုင်ငံတွင်းသာမက ကမ္ဘာ့နိုင်ငံများကပါ ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် အသိအမှတ်ပြု အလေးပေးခြင်းခံခဲ့ရသူလည်းဖြစ်သည်။ **ဆင်ဟွာ။**




မလေးရှားနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ ဇက်တီ အက်ခ်တာအာဇစ်။

# နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူများထံမှဆင်းသက်ပြီး ပြည်သူလူထုထံတွင်သာရှိ

**နေပြည်တော် မေ ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး လွှတ်တော်ဆိုင်ရာအတွေ့အကြုံများ၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒီမိုကရေစီ နိုင်ငံတော်တွင် ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာတို့ကို အညီအမျှ ခွဲဝေပိုင်းခြားသုံးစွဲပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူများထံမှဆင်းသက်ပြီး ပြည်သူလူထုထံတွင်သာ ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးတာဝန်ကို အဓိကထားထမ်းဆောင်ရသည် ဖြစ်ပါကြောင်း၊ ဥပဒေပြုရေး လုပ်ငန်းများ အဆင်ပြေချောမွေ့ပါမှ အခြားမဏ္ဍိုင်၏လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို အလေးထား၍ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ရိုးရိုးသားသား သန့်သန့်ရှင်းရှင်း အလုပ်လုပ်ကြရမည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ကိုရွေးချယ်ပေးလိုက်သည့် ပြည်သူများထံ အရောက်သွားပြီး ပြည်သူများ၏ဆန္ဒ၊ လိုအပ်ချက်များကို ဖော်ဆောင်သည့် မေးခွန်းများမေးမြန်းခြင်း၊ အဆိုနှင့်ဥပဒေကြမ်းများ တင်သွင်းခြင်းတို့ကို ဆောင်ရွက်နိုင်ပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဒေသ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခြင်းက ပို၍အောင်မြင်မှု ရရှိနိုင်ပါကြောင်း။

ဥပဒေပြုရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်ညီရန်လိုအပ်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေသည့် ကိစ္စရပ်များကို အဓိကထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်များက ပြဋ္ဌာန်းသည့် ဥပဒေများသည် ဒီမိုကရေစီ စံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးစံနှုန်းများနှင့် ညီရမည်ဖြစ်ပြီး နိုင်ငံတကာနှင့်ချုပ်ဆိုထားသော စာချုပ်၊ ပဋိညာဉ် သဘောတူညီချက်များနှင့်လည်း ညီညွတ်မှုရှိ/မရှိ သေချာစွာစိစစ်ကြရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီကျင့်စဉ်တွင် လူနည်းစု၏တင်ပြချက်ကို အလေးအနက်ထားရမည်ဖြစ်ပြီး လူအများစု၏ဆုံးဖြတ်ချက်ကို လိုက်နာရမည်ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် အဂတိတရားကင်းစင်သည့် လူမှုအသိုင်းအဝိုင်း ဖြစ်အောင် ဖော်ဆောင်နေပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လာဘ်ပေးလာဘ်ယူ ကင်းကင်းရှင်းရှင်းဖြင့် ဆောင်ရွက်စေလိုကြောင်း၊ ထို့အပြင် တရားမျှတမှုရှိရမည် ဖြစ်ပါကြောင်း၊ တရားမျှတမှုခိုင်မာအောင် တည်ဆောက်နိုင်မှ တရားမျှတသည့် လူ့အသိုင်းအဝိုင်းနှင့် ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်း ပေါ်ပေါက်လာပြီး ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်အတွက် အားလုံးတက်ညီလက်ညီပူးပေါင်းပြီး ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲမထားဘဲ မည်သည့် အဖွဲ့အစည်း၊ ပါတီ၊ ပုဂ္ဂိုလ်များနှင့်မဆို လက်တွဲဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။





ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက လွှတ်တော်ကိုယ်စားလှယ်များ အရည်အသွေးမြှင့်တင်ရေးအတွက် သင်တန်းများပို့ချနိုင်ရန် ဆောင်ရွက်ထားရှိမှုအား ရှင်းလင်းတင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းမေးမြန်းခြင်း၊ အဆိုနှင့်ဥပဒေကြမ်းများ တင်သွင်းခြင်းဆိုင်ရာအချက်အလက်များနှင့် ပညာရေး၊ လူမှုရေးစသည့် ဒေသဖွံ့ဖြိုးရေး အခြေခံလိုအပ်ချက်များကို မေးမြန်းဆွေးနွေးကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးတင်ပြမှုများအပေါ် လွှတ်တော်အပိုင်းမှ ဆောင်ရွက်ရမည့် နည်းလမ်းအဆင့်ဆင့်နှင့် လုပ်ထုံးလုပ်နည်းများကို အသေးစိတ်ပြန်လည်ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်၌ တည်ဆောက်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးကို ရှေးရှုပြီး အမျိုးသားအကျိုးစီးပွားအတွက် မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းနှင့်မဆို ညှိနှိုင်းပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် မေ ၂၇**

မိမိနှင့်အတူ ကော်မရှင်တွင် တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်အများစုကို ပါတီမှအနားပေးထုတ်ပယ်လိုက်သော်လည်း မိမိအနေဖြင့် ပါတီဝင်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ပါတီကို တာဝန်ခံဆောင်ရွက်ရသည်ဖြစ်စေ၊ မဆောင်ရွက်ရသည် ဖြစ်စေ၊ မိမိ၏နိုင်ငံရေးယုံကြည်ချက်၊ ခံယူချက်ဖြစ်သည့် ပြည်သူများ၏ဘဝလုံခြုံရေးနှင့် တိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောကြားလိုက်သည်။

အဆိုပါ ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများနှင့်တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက လွှတ်တော်ဝင်းအတွင်းရှိ ရေးရာဆောင် အမှတ်(၁) အစည်းအဝေးခန်းမ၌ကျင်းပစဉ် သူရဦးရွှေမန်းက ထိုကဲ့သို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"မိမိတို့ကော်မရှင်အနေနဲ့ နိုင်ငံနှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် လွှတ်တော်များ၊ အစိုးရအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်နေပါတယ်။ လွယ်လွယ်ပြောရရင် ဒီကော်မရှင်က ပြည်သူတွေနဲ့အတူရှိပါတယ်။ ပြည်သူ့အကျိုးစီးပွားအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အလားတူ ကော်မရှင်အဖွဲ့ဝင် ဦးဇော်မြင့်ဖေကလည်း "ပါတီအတွင်းမှာ ပါတီစည်းမျဉ်းစည်းကမ်းနဲ့ မညီညွတ်တဲ့ ကိစ္စတွေဖြစ်လာတဲ့အပေါ် တပ်မတော်နဲ့ NLD အစိုးရရဲ့ ဆက်ဆံရေးကို တိုက်ရိုက်ထိခိုက်မယ်လို့တော့ မထင်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ အခက်အခဲတွေရှိပေမယ့် တည်ငြိမ်အေးချမ်းတယ်။ တပ်မတော်ကလည်း ပြည်သူတွေရွေးကောက်ထားတဲ့ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုတာ အတိအလင်းပြောထားတာ ဖြစ်တဲ့အတွက် တွေးမိသလောက် ပြဿနာမရှိဘူးလို့ပဲ မြင်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် သူရဦးရွှေမန်းက ၎င်း၏လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖော်ပြခဲ့မှုအပေါ် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ထုတ်ပြန်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ မှတ်ချက်မပြုလိုပါကြောင်း၊ သို့သော်လည်း ၎င်းအနေဖြင့် တပ်မတော်တွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ရာ တွဲဖက်လုပ်ကိုင်ခဲ့ဖူးသည့် တပ်မတော်သားများသည် ၎င်း၏သဘောထားကို သိရှိကြပါကြောင်း၊ တပ်မတော်အား သံယောဇဉ်ရှိပြီး လေးစားတန်ဖိုးထားပါကြောင်း မီဒီယာများ၏ မေးမြန်းချက်များအား ဖြေကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။



ထို့ပြင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ပါဝင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပါတီဝင်များက ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကော်မရှင်အဖွဲ့ဝင်အများစုအား မေ ၂၂ ရက်တွင် ကျင်းပခဲ့သည့် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ပါတီဝင်အဖြစ်မှ အနားပေးမှုအား အကြောင်းကြားစာပေးပို့ခဲ့ပါကြောင်း။

ပါတီညီလာခံနှင့် ပါတီဗဟိုကော်မတီက ရွေးချယ်တင်မြှောက်ထားသည့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များကို ၂၀၁၅ ခုနှစ် ဩဂုတ် ၁၂ရက်တွင် ပြင်ဆင်ဖွဲ့စည်းမှုပြုလုပ်ခဲ့ပြီး ရက်ပိုင်းအတွင်း၌ ပါတီဝင်ဖြစ်လာသူများနှင့် သာမန်ပါတီဝင်အချို့ကို ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်အဖြစ် တိုက်ရိုက်ခန့်အပ်ခြင်းသည် တည်ဆဲဥပဒေနှင့် ပါတီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ချိုးဖောက်ခြင်းရှိ/မရှိ သိမြင်နိုင်ပါကြောင်း။

ကော်မရှင်အဖွဲ့ဝင်များသည် ပါတီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ "ပါတီ၏ အကျိုးစီးပွားနှင့် နိုင်ငံတော်၏အကျိုးစီးပွားယှဉ်လာလျှင် နိုင်ငံတော်၏အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်သွားရမည်။ တရားဝင်ဖွဲ့စည်းထားသော နိုင်ငံရေးပါတီ အဖွဲ့အစည်းအင်အားစုများအားလုံးကို လုပ်ဖော်ကိုင်ဖက်များအဖြစ် သဘောထား၍ ဆက်ဆံမည်။ အမျိုးသားအကျိုးစီးပွားအတွက် မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းနှင့်မဆို ညှိနှိုင်းပူးပေါင်းဆောင်ရွက်မည်"ဆိုသည့် မူဝါဒများနှင့်အညီ ပြည်သူများက ရွေးကောက်တင်မြှောက်ထားသည့်လွှတ်တော်၊ အစိုးရအဖွဲ့တို့နှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးကို ရှေးရှုဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၂၀၁၆ ခုနှစ် မေ ၂၂ ရက်စွဲဖြင့် အကြောင်းကြားစာပေးပို့မှုအရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များ ဖြစ်ကြသော သူရဦးရွှေမန်း၊ ဦးဇော်မြင့်ဖေ၊ ဦးမောင်တိုး၊ ဦးကြည်သာ၊ ဦးအေးမောက်၊ ဦးကိုကိုနိုင်၊ ဦးမြင့်ထွန်း၊ ဦးတင်မောင်ဦး၊ ဦးလှမြင့်ဦး၊ ဦးစိုးမြင့်၊ ဦးမောင်မောင်သိမ်း၊ သူရဦးအောင်ကို၊ ဦးမျိုးမြင့်၊ ဦးဆန်းဆင့်၊ ဦးဝင်းသန်း၊ ဦးခင်ရွှေနှင့် ဦးစံရွှေအောင် စုစုပေါင်း ၁၇ ဦးကို ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ ပါတီဝင်အဖြစ်မှ အနားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် သတင်းဌာနအသီးသီးမှ အယ်ဒီတာနှင့် သတင်းထောက်များ တက်ရောက်ခဲ့ကြသည်။

**သတင်း-မျိုးမြင့်၊ ဟန်နီဝင်း၊ ဓာတ်ပုံ-မောင်ထိန်**

# ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့်တွေ့ဆုံ

**နေပြည်တော် မေ ၂၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Christian-Ludwig Weber-Lortsch၊ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Mr. Nicholas Coppel နှင့် World Food Programme (WFP)မှ Country Director and Representative ဖြစ်သူ Mr. Dom Scalpelli တို့နှင့် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သီးခြားစီတွေ့ဆုံပြီး ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

မေ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် ကနေဒါနိုင်ငံ သံအမတ်ကြီး H.E. Mr. Mark McDowell နှင့် ညနေ ၄ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံအမတ်ကြီး H.E. Mr. Peter Lysholt Hansen နှင့် အဖွဲ့အားလည်းကောင်း၊ မေ ၂၂ ရက် နံနက် ၁၀ နာရီတွင် ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI၊ နံနက် ၁၁ နာရီတွင် ကိုးရီးယားသံအမတ်ကြီး H. E. Mr. Lee Baek Soon၊ မွန်းလွဲ ၁ နာရီတွင် Asia Development Bank-ADB ၏ Myanmar Resident Mission မှ Country Director Dr. Winfried F. Wicklein နှင့် ညနေ ၃ နာရီတွင် ဘရာဇီးသံအမတ်ကြီး H.E. Mr. Alcides G.R.Prates တို့အားလည်းကောင်း နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံပညာရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# နေဝင်အိပ်တန်း တက်နိုင်ဖို့

**လက်ျာရည်ကျော်**

"နေဝင်အိပ်တန်းတက်"ဆိုတာက ၂၀၀၈ ခုနှစ်က ကျွန်တော် ရေးခဲ့သော ဝတ္ထုရှည်တစ်ပုဒ်ဖြစ်သည်။

ဆရာဝန်ဘဝမှ စာရေးဆရာစဖြစ်လာချိန်တွင် ကျင်လည်ခဲ့ရာ ဆရာဝန်ဘဝကို ဝတ္ထုရှည်သုံးပုဒ်နှင့် ကျေးဇူးဆပ်မည်ဟု ရည်ရွယ်ခဲ့သည့်အတိုင်း လူငယ်ဆရာဝန်ဘဝကို "ကြိုးကြာတောင်ပံခတ်သံ"၊ လူလတ်ပိုင်းဆရာဝန်ဘဝကို "ဒေါက်တာရွှေသွေးနှင့် မပန်းမှုံ"၊ သက်ကြီးပိုင်းဆရာဝန်ဘဝကို "နေဝင်အိပ်တန်းတက်"ဟု သုံးပုဒ်ဆက်တိုက်ရေးဖြစ်ခဲ့ရာ ပထမနှစ်ပုဒ်က အမျိုးသားစာပေဆုရခဲ့သည်။

"နေဝင်အိပ်တန်းတက်"မှာ ကျွန်တော်ဆုမရသော်လည်း ထူးခြားသော ပရိသတ်တွေရခဲ့သည်။ အဲ့ဒါကတော့ သံဃာတော်များပါ။ လောကီရေးရာကိစ္စများတွင် ဘုရားဟောဓမ္မများနှင့် ယှဉ်၍ ဆင်ခြင်ကြည့်တတ်ကြဖို့ အဲသည်ဇာတ်လမ်းထဲမှာ ကျွန်တော်မသိမသာ ထည့်ရေးခဲ့တာကို ဆရာတော်၊ သံဃာတော်တွေကမြင်ပြီး ချီးကျူးစကားဆိုကြတာတွေ ရေးကြသဖြင့် ကျွန်တော်ပီတိဖြင့်စာဆက်ရေးဖို့ အားရှိခဲ့ရသည်။

ယခု ရှစ်နှစ်တိတိကြာပြီးသွားသောအခါတွင်တော့ ဒါရိုက်တာဝိုင်းက ရုပ်ရှင်ကြီးပါ ရိုက်ပြီးသွားသဖြင့် တစ်နေ့က ကိုဝိုင်းတည်းဖြတ်နေသော ဇာတ်ကားကို ကျွန်တော်သွား၍ပင် မြည်းစမ်းခဲ့ပြီးပါပြီ။ မကြာခင် ရုံတင်တော့မှာပါ။

ကိုယ်တိုင် ဇာတ်ညွှန်းရေးထားသော ဇာတ်ကားဖြစ်၍ ကျွန်တော်မကြော်ငြာလိုပါ။ ပြောပြချင်တာက အဲဒီဇာတ်လမ်းထဲမှာ ကျွန်တော်သုံးခဲ့သော အောင်မြင်သည့်ဘဝ၏ အနက်အဓိပ္ပာယ်ဖြစ်ပါသည်။ ကျွန်တော်က "နောင်တရစရာနည်းတဲ့ဘဝက အောင်မြင်တဲ့ဘဝပဲ"ဟု ပြောခဲ့သည်။ "နောင်တမရတတ်တာကတော့" ပိုဆိုးတာပေါ့ဟုလည်း ပြောခဲ့သည်။

မြတ်စွာဘုရား၏ အဆုံးအမတရားတော်များက နောင်တရစရာနည်းအောင် ကူညီနိုင်သလားဟု မေးလျှင်တော့ သိပ်ကူညီနိုင်တာပေါ့ဟု ဆိုရပေမည်။

တရားတော်၏ အနှစ်ချုပ်ကိုက "မကောင်းမှုဟူသမျှကို ရှောင်ကြဉ်ခြင်း၊ ကောင်းမှုဟူသမျှကို ပြုခြင်းနှင့် စိတ်ကို ဖြူစင်အောင်ထားခြင်း"တဲ့။ ဘာများ နောင်တရစရာရှိနိုင်မှာတဲ့လဲ။

အဲဒီမှာ ကျွန်တော်ထပ်သတိရမိတာက ၁၉၉၆ ခုနှစ် ကျွန်တော်ယူကေနိုင်ငံသို့ တော်ဝင်သမားတော်ဘွဲ့စာမေးပွဲဖြေဖို့ ခရီးရှည်ကြီးထွက်ခွာရန် ပြင်ဆင်နေချိန်ဖြစ်ပါသည်။

ပညာလောဘတွေ အကြီးအကျယ်တက်နေချိန်ပေါ့။

ဉာဏ်ဆိုတာက လုံလောက်လို့ ဒီအခြေအနေအထိ ရောက်ခဲ့တာဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်သည်လေ။ ဝီရိယကလည်း တစ်ချိန်လုံး ထုတ်နေခဲ့တာ။ ကံကောင်းဖို့ပဲ လိုသည်ပေါ့။

အသက် (၃၅)နှစ်အရွယ် ပညာလောဘတွေ ငယ်ထိပ်ဆောင့်နေသော ကျွန်တော်က "ကံ"ဆိုတာ အလုပ်။ ပြီးခဲ့ပြီးသော အတိတ်ကံက ကိုယ်မတတ်နိုင်တော့။ ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ကံကောင်းသထက်ကောင်းအောင် ကောင်းသောအလုပ်ကို ကြိုးစား၍လုပ်မှုဖြစ်မည်ဟု ရိုးရိုးကလေး မရှုမြင်တတ်ပါ။ တကူးတက မဟုတ်သော်လည်း ကြုံကြိုက်လာလျှင် ဗေဒင်မေးချင်သည်။ ယတြာချေချင်သည်။ ကံတက်မည့် ပစ္စည်းကလေးများရလျှင် ဆောင်ထားချင်သေးသည်။

တိုက်ဆိုင်ချင်တော့ အိမ်နားမှာ တန်ခိုးကြီးဆင်းတုတော် ဆိုတာမျိုးပင့်သည်။ လာဖူးပါတဲ့။ အိတ်မစိုက်ရဘဲ ကံတက်မည့်ကိစ္စပဲဟု သဘောထားကာ သွားဖူးသည်။ တကယ်အကျိုးပေးမှာက ဆင်းတုတော်မဟုတ်ဘဲ မိမိရင်ထဲက ဗုဒ္ဓဟောကြားတော်မူသောတရားတို့ကို နှစ်နှစ်ကာကာ ယုံကြည်သက်ဝင် ညွတ်ပျောင်းသည့် သဒ္ဓါစိတ်ဆိုတာ သဘောမပေါက်သေး။ အဲဒီမှာ အဲဒီဆင်းတုတော်ကြွရာ အိမ်သို့လိုက်၍ ဝေယျာဝစ္စလုပ်ပေးသော ကျွန်တော့်အရွယ်လောက်ပဲရှိမည့် ပုဂ္ဂိုလ်တစ်ဦးနှင့်ဆုံသည်။ နိုင်ငံခြားသွားခါနီးဆဲဆဲ ဆရာဝန်ဆိုတာ သူသိတော့ စကားတစ်ခွန်းပြောသည်။

"ရောက်လေရာ အရပ်မှာ သာသနာပြုစမ်းပါဗျာ" . . . . တဲ့။

သူဘာအဓိပ္ပာယ်နှင့်ပြောလဲတော့ ကျွန်တော်မသိ။ ကိုယ့်လောဘနှင့်ကို သဘောပေါက်တာတော့ သာသနာပြု၊ သာသနာပြုလျှင် ကံကောင်းမည်။ ကံကောင်းလျှင် စာမေးပွဲအောင်မြင်မည်။ တော်ဝင်သမားတော်ကြီးဖြစ်မည်ပေါ့။

ယူကေရောက်တော့ ကျွန်တော်အလုပ်လုပ်သည့် ဆေးရုံက စကော့တလန်မှာ။ စကော့တလန်မှာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတောင်မရှိ။ ဂလတ်စဂို ဗုဒ္ဓဘာသာအသင်းက ဘာသာရေးပွဲလုပ်ချင်လျှင်တောင် အင်္ဂလန်ထဲမှာရှိသည့် နယူးကာဆယ်မြို့က "ရတနာဂီရိ" အမည်ရှိ ဘုန်းကြီးကျောင်းမှ ဘုန်းတော်ကြီးကို ပင့်ရသည်။

ယခု လူတွေသုံးသုံးနေသည့် "သာသနာပြုသည်" ဆိုသည့် စကားနှင့် စေတီ ပုထိုး ကျောင်းကန်တွေ လုပ်ပေးဖို့ဆိုတာ စိတ်ကူးတောင် ယဉ်စရာမရှိ။

ကြွလာသည့် ဘုန်းတော်ကြီးက အမေရိကန်လူမျိုး၊ အင်္ဂလိပ်ဘာသာနှင့် တရားဟောသည်။ ထိုင်းနိုင်ငံကို ရောက်၍ ဗုဒ္ဓဘာသာ၏ အခြေခံအနှစ်သာရတွေကို သဘောပေါက်သွားသည့်နောက် "သဒ္ဓါ"ပေါက်၍ ရာသက်ပန်ဘုန်းကြီးဝတ်လိုက်တာတဲ့။ သူပြောသည့် စကားထဲမှာ သဒ္ဓါ ဆိုတာကို တော်တော်လေးလေးနက်နက်ရှင်းပြသွားသည်။

ဟုတ်တာပေါ့။

ဆရာ ပါရဂူလည်း ရှင်းခဲ့တာပဲလေ။

အရပ်စကားထဲမှာ သာသနာဆိုတာ ဘုရား၊ တန်ဆောင်း၊ စေတီပုထိုး စသည်တို့ကို ရည်ညွှန်းတတ်သတဲ့။ နေရာတကာမှာ ကျောင်းကန်ဘုရားတွေရှိနေလျှင် "သာသနာထွန်းကားသည်"ဟု သုံးလေ့ရှိသတဲ့။ ဓမ္မစကားမှာတော့ သာသနာဆိုတာ လူတို့အတွက် အမှန်တကယ်မှီခိုအားထားရာ ဖြစ်နိုင်သော၊ မတင်းတိမ်၊ မရောင့်ရဲနိုင်သည့် အခြေအနေ (ဒုက္ခ)ကို အပြီးသတ်ပစ်နိုင်သော ဓမ္မသာလျှင် သာသနာမည်သတဲ့။ အဲဒီ ဓမ္မ လူတို့အတွင်းမှာ ပြန့်ပွားထွန်းကားနေတာမှ သာသနာထွန်းကားတာတဲ့။ အနည်းဆုံး ဒေသနာဟု အဓိပ္ပာယ်ရပြီး နက်နက်နဲနဲစဉ်းစားလျှင် "ပြဟ္မာစရိယ အကျင့်ကိုပါ ကျင့်ရမှာတဲ့" (ဆရာပါရဂူ၏ ဓမ္မစကား)။

အရှင်ဆေကိန္ဒလည်း ဟောတာပါပဲ။ လောဘနည်းနည်းသွားတာ၊ ဒေါသ နည်းနည်းသွားတာ၊ မောဟနည်းနည်းသွားတာ၊ တရားရှိရှိလာတာပဲတဲ့။

အဲသည်တုန်းက ကျွန်တော် ဆရာပါရဂူ၏ ဓမ္မစကားကိုလည်း မဖတ်ဖူးသေး။ အရှင်ဆေကိန္ဒတရားတွေလည်း မနာဖူးသေးသော်လည်း "သာသနာပြု"သည်ဆိုတာ ဘုရား၊ ပုထိုးစေတီတွေတည်သလောက် ကိုခေါ်တာမဟုတ်။ ဓမ္မပြန့်ပွားအောင် လုပ်တာဆိုသည့် အခြေခံသဘောလောက်ကို တော့လောက် ရိပ်မိခဲ့သည်။

ဓမ္မကို ပြန့်ပွားအောင် လုပ်ရအောင် ကိုယ်ကိုယ်တိုင်ကိုက မိရိုးဖလာထက် နည်းနည်းသာ သာသည့်ဗုဒ္ဓဘာသာဝင်ပေပဲ။ သို့သော် ကျွန်တော်နိုင်သလောက်တော့ ကြိုးစားပါသည်။

အနည်းဆုံးတော့ ကိုယ့်ဓမ္မအသိ ဘယ်လောက်နည်းနည်း၊ ကိုယ့်ထက်နည်းသူတွေကတော့ အမြဲရှိနေတာပါပဲ။ အဲသည်သူတွေကို ကျွန်တော်သိသလောက်တော့ အမြဲဝေမျှသည်။ နိုင်ငံခြားမှာနေတုန်းကလည်း နိုင်ငံခြားသားတွေကို ကြုံတိုင်းပြောပြသည်။ မြန်မာပြည်ပြန်ရောက်တော့လည်း အထူးသဖြင့် ကိုယ့်ထက်ငယ်သူတွေ ကိုယ့်လောက်ဓမ္မစာပေ မဖတ်သူတွေကို ဝေမျှသည်။

"နေဝင်အိပ်တန်းတက်"မှာလည်း ကျွန်တော်ထည့်ရေးသည်။ ဆရာတော်၊ သံဃာတော်တွေအားပေးကြတော့လည်း ပီတိဖြစ်ရသည်။

ဘဝနေဝင် အိပ်တန်းတက်ချိန်မှာ နောင်တတွေနည်းနိုင်ဖို့အတွက် လောဘ၊ ဒေါသနဲ့ မောဟတို့ နည်းနိုင်သမျှနည်းအောင် ကျွန်တော်ဆက်၍ကြိုးစားပါဦးမည်။

နောင်တမရတတ်သူတွေလည်း နောင်တရတတ်အောင် ကြိုးစားကြစေချင်ပါသည်။ ။

## မုတ်သုံရာသီ မိုးဦးကာလဖြစ်၍ မြစ်ကြောင်းသွားရေယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးဧရာဝတီမြစ်ရေလမ်းသတိပေးချက်ထုတ်ပြန်

**မန္တလေး မေ ၂၇**

မြန်မာနိုင်ငံ၏ရာသီဥတုမှာ မုတ်သုံရာသီအစ မိုးဦးကာလသို့ ရောက်ရှိလာပြီဖြစ်၍ မြစ်ကြောင်းသွားရေယာဉ်များ ဘေးအန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် ရေအရင်းအမြစ်နှင့်မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မေ ၂၅ ရက်စွဲဖြင့် ရေလမ်းသတိပေးချက်ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

"ရေတက်လာပြီဆိုရင် မြစ်အတွင်းက ရေမြှုပ်ပေါက်တွေမှာ ရေယာဉ်တွေ သွားလာရေး အန္တရာယ်ရှိနိုင်တယ်။ ရေအနက် မလုံလောက်တဲ့ ရေမြှုပ်ပေါက်ထဲမှာခုတ်မောင်းတာမျိုးမလုပ်ရပါဘူး။ ရေများချိန်မှာ ရေစီးသန်လာပြီး ဝဲလှည့်တာတွေရှိလာမယ်"ဟု အဆိုပါဌာနမှ တိုင်းဒေသကြီးလက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်မင်းထွန်းက ပြောသည်။

အဆိုပါဌာနအနေဖြင့် ရေယာဉ်များအန္တရာယ်ကင်းစွာ ခုတ်မောင်းနိုင်ရန်အတွက် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများပြသထားကြောင်း၊ ရေအနက်မလုံလောက်သည့်ရေမြှုပ်ပေါက်ဖြတ်လမ်းများတွင် ခုတ်မောင်းခြင်းမပြုရန်၊ မြစ်ကူးတံတားကြီးများအောက် ဖြတ်သန်းရာတွင် သတ်မှတ်ထားသည့် ဝင်ပေါက်/ထွက်ပေါက်များအတိုင်း ခုတ်မောင်းကြရန်နှင့် တံတားကြီးများ၏ ရေလယ်တိုင်များအကြား ရေစီးသန်မည်ဖြစ်၍ စက်အား/ ဝန်အား/ ရေစီးနှုန်းတို့ကို ချင့်ချိန်မောင်းနှင်ရန်လိုကြောင်း ထုတ်ပြန်ထားသည်။

"ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန်အမှတ်အသား စိုက်ထူထားတာတွေ၊ ပျက်စီးပျောက်ဆုံးတာတွေရှိနိုင်လို့ ဂရုစိုက်မောင်းနှင်ဖို့ လိုပါတယ်။ တံတားအောက်တွေဖြတ်သန်းရင်လည်း တစ်စင်းချင်း၊ တွဲတစ်တွဲချင်း ချိတ်ဆွဲခုတ်မောင်းကြရမှာပါ။ ရေယာဉ်တွေ သွားလာတဲ့အခါ ဘေးကင်းဖို့ ဌာနကအခါအားလျော်စွာ ရေလမ်းသတိပေးချက်တွေ ထုတ်ပြန်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သို့ဖြစ်ရာ ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများဖြစ်ပေါ်လာသည့်အခါ ရေယာဉ်များအန္တရာယ်ကင်းစေရေးအတွက် အထူးဂရုပြုမောင်းနှင်ကြရန်နှင့် ရေယာဉ်များလိုက်နာရမည့် နည်းဥပဒေများကို လိုက်နာသွားကြရန်လိုကြောင်း သတိပေးချက် ထုတ်ပြန်ပေးထားကြောင်း သိရသည်။ **(အောင်ရဲသွင်)**



## တိုင်းဒေသကြီး/ပြည်နယ်များရှိ ဒေသအချို့တွင် ပြည်သူများသောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ကူညီဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၇**

ယခုနှစ်နွေရာသီတွင် အယ်နီညိုနှင့်ဆက်စပ်၍ သောက်သုံးရေရှားပါးပြတ်လပ်နေမှုများ နိုင်ငံတစ်ဝန်းဖြစ်ပေါ်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပြည်သူများရေရရှိရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်းများသည် မေ ၂၆ ရက်က ပြည်သူများထံသို့ သောက်သုံးရေများ ဆက်လက်ဖြန့်ဝေလျက်ရှိရာ ကရင်ပြည်နယ် ဘားအံမြို့နယ် သာမညကျေးရွာအုပ်စု ဝိဇ္ဇာရပ်ကွက်အပိုင်း(၂)နှင့် ရွှေတောင် (၂)ရပ်ကွက်တို့သို့ ရေဂါလန် ၁၆၀၀၊ မွန်ပြည်နယ် သထုံမြို့နယ် တောကြီးကျေးရွာသို့ ရေဂါလန် ၁၂၀၀၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ရွှေတဆုပ်ကျေးရွာသို့ ရေဂါလန် ၁၃၅၂ ကို လည်းကောင်း။

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် ယန်းခမ်းအထက်အခါရွာသို့ ရေဂါလန် ၂၇၀၀၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ရေပေါက်ချောင်းကျေးရွာသို့ ရေဂါလန် ၁၀၀၀၊ ရမ်းဗြဲမြို့နယ် အောင်စည်သာယာကျေးရွာသို့ ရေဂါလန် ၈၀၀၊ မကွေးတိုင်းဒေသကြီး သပြေရိုးကျေးရွာသို့ ရေဂါလန် ၁၆၀၀၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျွဲကူးကျေးရွာအတွင်းရှိ ချမ်းမြေ့သာရီရပ်ကွက်၊ အဏ္ဏဝါရပ်ကွက်၊ ရတနာရပ်ကွက်၊ ကျွဲကူးရပ်ကွက်များသို့ ရေဂါလန် ၄၈၀၀ တို့ကို အသီးသီး ဖြန့်ဝေပေးခဲ့ကြောင်းနှင့် လိုအပ်သောနေရာများသို့ နေ့စဉ်ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ထိုင်းကဲ့သို့ မိုးပျံကားလမ်းဆောက်ပေးရန် အကြံပြု

**အောင်ချိန်ဘွား**

၁၉၈၂ ခုနှစ်က။ ဆိုသော် လွန်ခဲ့သည့် ၃၄ နှစ်တုန်းက ဖြစ်သည့် ဧပြီလထဲမှာပါပဲ။ အစိုးရတာဝန်နှင့်ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကိုရောက်ခဲ့သည်။ ဒွန်မောင်းလေဆိပ်မှ ဘန်ကောက်မြို့လယ် ရာမာဖိုး(Rama 4)လမ်းသို့သွားရာကားလမ်းသည် မော်တော်ကားအလွန်ကျပ်၍ ပိတ်ဆို့မှုကြောင့် မီးပွိုင့်တစ်ခုကြုံတိုင်း မီးနီသုံးလေးခါ မိပြီး နာရီဝက်ခန့် ကားမရွေ့ဘဲ ရပ်နေရသည်။

ယခုနှစ် သင်္ကြန်အကြိုနေ့ (၁၂-၄-၂၀၁၆ ရက်နေ့) က ဘန်ကောက်ကို Asia Ainu နှင့်သွားရာ ဒွန်မောင်းလေဆိပ်တွင် ကားလမ်းသုံးထပ်ကို တွေ့ရသည်။ လေဆိပ်မှ ပတ္တယားပင်လယ်ကမ်းခြေမြို့ကို ကားကြီးဖြင့်သွားသည်။ ကီလို ၁၆၀ ခန့်ဝေးသောကားလမ်းမကြီး Highway သည် မယုံကြည်နိုင်အောင် ကြီးကျယ်ညီညာကြောင်းတွေ့ရသည်။ Freeway ခေါ် မီးပွိုင့်မရှိ၊ ဖြတ်လမ်းလုံးဝမရှိသော လမ်းမကြီးဖြစ်သည်။ မိုးပျံကားလမ်းများက နှစ်ထပ်မှ လေးထပ်အထိရှိသောလမ်းဆုံကို သတိပြုမိသည်။ ဤသို့လမ်းဆုံလမ်းခွများတွင် အပေါ်ထပ်၊ အောက်ထပ်စသဖြင့် လိုလျှင်လိုအပ်သလောက် လမ်းများအထပ်ထပ် တည်ဆောက်ထားနိုင်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ အားကျမိသည်။ ပတ္တယားမြို့ဝင်သည်အထိ Freeway ချည်းသာ မောင်းခဲ့ရ၍ ယာဉ်ကျပ်တည်းမှု၊ ပိတ်ဆို့မှုလုံးဝမရှိဘဲ မှန်မှန်နှင့် မိုင်နှုန်းမနှေးမမြန်မောင်းခဲ့ရာ နှစ်နာရီခွဲအကြာ ပတ္တယားမြို့ထဲဝင်သည်။ မီးပွိုင့်ကို လမ်းဆုံ၌တွေ့ရပြီး မီးနီကို မှိတ်တုတ် အချက် ၅၀ သာစောင့်ရ၍ အချက်ပြမီးရှိရာတွင် ကားတန်းအရှည်ကြီး တန်းစီမစောင့်ရ၊ တိုးဝှေ့မမောင်းရဘဲ ခဏနှင့်လမ်းဆုံကိုဖြတ်ကျော်ခဲ့သည်။

ဘန်ကောက်-ပတ္တယား ကားလမ်းမကြီးသည် အချို့နေရာတွင် ဘယ်ဘက်တွင်ယာဉ်ကြော ခြောက်ခု၊ ညာဘက်ယာဉ်ကြောခြောက်ခုအထိကျယ်သည့်အပြင် Freeway ယာဉ်ကြောများ၏ ဝဲ၊ယာအနားသတ်ခြံစည်းရိုးသို့မဟုတ် အုတ်ရိုး သို့မဟုတ် သံတန်း (သုံးပေခန့်အမြင့်နှင့်ကာရံထား)၏ အပြင်ဘက်တွင် နှစ်လမ်းမောင်းယာဉ်ကြော နှစ်ကြောလည်းရှိသေးပုံကို အံ့မခန်းတွေ့နိုင်သည်။ ဤသို့ ကျယ်ပြန့်သောလမ်းနေရာတွင် Freeway ဝဲဘက်၌ လက်ဝဲကပ်မောင်း ခြောက်လိုင်းနှင့် အပြင်ဘက် နှစ်လမ်းမောင်းနှစ်လိုင်း၊ ယာဘက်၌လက်ဝဲကပ်မောင်းမျက်နှာချင်းဆိုင် ခြောက်လိုင်းနှင့်အပြင်နံရံဟိုဘက် နှစ်လမ်းမောင်း နှစ်လိုင်း စုစုပေါင်း ယာဉ်ကြောပမာဏ ၁၆ လိုင်းအထိရှိပုံကို တွေ့ရသည်။ ရန်ကုန်-နေပြည်တော် -မန္တလေးလမ်းမကြီးကို အဘယ်ကြောင့်ဤသို့မဆောက်နိုင်ရမှာလဲဟု တွေးမိသည်။ လက်ရှိ ရန်ကုန်-နေပြည်တော်လမ်းမကြီးသည် လမ်းခင်းကွန်ကရစ်ကို နေရာအနည်းငယ်သာ ကတ္တရာဖုံးနိုင်သေးသည်။ ဘန်ကောက်-ပတ္တယားလမ်းမကြီးကမူ အစအဆုံးကတ္တရာအချိုးကျခင်းထားသဖြင့် အလွန်ချောမွေ့ပြီး ကားတွေခုန်လည်းမခုန်၊ ဆောင့်လည်းမဆောင့်၊ လူးလည်းမလူး၊ တာယာနှင့်ယာဉ်အပိုပစ္စည်းများ ပျက်စီးမှုဒဏ်မခံရ၍ သက်တမ်းရှည်ရှည် အသုံးခံမည်။ ထိုလမ်းချောမွေ့မှုကြောင့် ကားအပိုပစ္စည်းခဏခဏ မလဲရဘဲ နိုင်ငံခြားမှ ခဏခဏဝယ်ရမည့် ကုန်ကျစရိတ်များစွာသက်သာပေမည်။



လက်ရှိကာလတွင် ရန်ကုန်မြို့တော်၌ ကားကျပ်ပြီး ယာဉ်ပိတ်ဆို့မှုဒုက္ခ အကြီးအကျယ်ခံနေရပုံမှာ လွန်ခဲ့သော အနှစ် ၃၀ ကျော်က ဘန်ကောက်မြို့ခံရပုံနှင့်အတော်တူသည်။

လွန်ခဲ့သည့်အနှစ် ၃၀ ကျော်က ဘန်ကောက်မြို့ကို ကိုယ်တိုင်ရောက်ခဲ့သည်မှာ အစိုးရတာဝန်နှင့် လေးနှစ်အတွင်း ခြောက်ခေါက်ရောက်ခဲ့ဖူးသည်။ သံရုံးဝန်ထမ်းများဆို နှစ်နှင့်ချီ၍နေခဲ့ဖူးသည်။ ထို့ကြောင့် လွန်ခဲ့သော အနှစ် ၃၀ ကျော်က ယာဉ်ကြောပိတ်ဆို့မှုကြောင့် ကိုယ်တွေ့သိကြမည်။

ယခုဘန်ကောက်မြို့မှ ပတ္တယားကမ်းခြေမြို့သို့ ကီလိုမီတာ ၁၆၀ ခန့်အသွားတွင်လည်း Freewayနှင့် တောက်လျှောက် အပေါ်လမ်း၊ အလယ်လမ်း၊ မြေညီအောက်လမ်းတို့မှ သွား/ပြန်ခဲ့သည်။ ဘန်ကောက်မြို့မှ အယုဒ္ဓယမြို့သို့ ကီလို ၉၀ ခရီးကို သွား/ပြန်ခဲ့သည်။ အစအဆုံး Freeway ချည်းဖြစ်သည်။ အယုဒ္ဓယမြို့ဝင်မှ အချက်ပြမီးတိုင်ကို ဆုံရသည်။ ဤမျှရှည်သော အဝေးပြေးလမ်းမများကို Freeway ခေါ် ဖြတ်လမ်းမရှိ၊ အချက်ပြမီးတိုင်မရှိဘဲ တောက်လျှောက်မောင်းခဲ့ရခြင်းမှာ Crossing ခေါ် ဖြတ်လမ်းနှင့်ဆုံတိုင်း အပေါ်မှ မိုးပျံလမ်းတည်ဆောက်ထား၍ဖြတ်ကျော်နိုင်ခြင်းကြောင့် ဖြစ်သည်။

ဘန်ကောက်မြို့လယ်တွင် မိုးပျံကားလမ်း အထပ်ထပ်ရှိနေကြောင်း တွေ့ခဲ့သည်။ ယခင်လွန်ခဲ့သော အနှစ် ၃၀ ကျော်ရောက်ရှိစဉ်က မိုးပျံလမ်းများမရှိ၍ လမ်းလေးခွဆုံသောနေရာအလွန်များသော ဘန်ကောက်မြို့တွင် အချက်ပြမီးတိုင်များရောက်တိုင်း ရပ်ရ၊ စောင့်ရသောကြောင့် ကားပိတ်ဆို့မှုဖြစ်ခဲ့သည်။ မြို့ကြီးများတွင် ကားကျပ်၍ ပိတ်ဆို့မှုဖြစ်ရခြင်းမှာ လမ်းဆုံလမ်းခွများပြီး အချက်ပြမီးတိုင်များကို ရပ်စောင့်ရသောကြောင့် အဓိကဖြစ်သည်ဟု ယာဉ်သွားလာရေးလုပ်ငန်းကျွမ်းကျင်သူတို့က ဆိုသည်။ ထို့ကြောင့် ကားလမ်းများကျပ်တည်းပိတ်ဆို့မှုနည်းအောင်နှင့်မရှိအောင်လုပ်ရန် အကောင်းဆုံးနည်းလမ်းမှာ မိုးပျံလမ်းများဖောက်လုပ်မှ အဆင်ပြေမည်ဖြစ်သည်။ မိုးပျံလမ်းများဟူသည်ဖြတ်လမ်းမရှိ၍ လွတ်လပ်စွာ သွားလာနိုင်သောအလွတ်လမ်း (Freeway)များဟု အနောက်တိုင်း (အထူးသဖြင့်အမေရိကန်တို့)ကခေါ်သည်။ အရှေ့တိုင်း စင်ကာပူနှင့် ယခုဘန်ကောက်တို့က Express way ဟု ခေါ်သည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် လွန်ခဲ့သော အနှစ် ၃၀ ကျော်ကတည်းက လူဦးရေခြောက်သန်းကျော်သည်။ ကမ္ဘာလှည့်ခရီးသည်လာရောက်မှု တစ်နှစ်ကိုးသန်းအထိ ရှိခဲ့သည်။ ကားစီးရေ ခြောက်သန်းကျော်ရှိခဲ့သည်။ ထိုစဉ်က ကားပိတ်ဆို့မှုကြီးစွာဖြစ်ခဲ့သည်ကို ကမ္ဘာ့ခေတ်မီတိုးတက်သော နိုင်ငံများမှ ယာဉ်သွားလာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ဖိတ်ခေါ်၍ ကားလမ်းပိတ်ဆို့မှုမဖြစ်စေသော နည်းလမ်းများကိုမေးမြန်းခဲ့သည်။ ပညာရှင်များက လေ့လာပြီး လမ်းဆုံလမ်းခွများ၌ မီးပွိုင့်များခြင်းကြောင့် အဓိကဖြစ်ကြောင်း၊ မီးပွိုင့်လျှော့ချ၍မရသောကြောင့် မိုးပျံကားလမ်း၊ ရထားလမ်းနှင့် မြေအောက်ရထားလမ်းများဖောက်လုပ်မှသာ ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းမည်ဟု အကြံပြုခဲ့သည်။



ယခုဘန်ကောက်မြို့ကိုရောက်သော် မြို့လယ်ကောင်

**မြို့ကြီးများတွင် ကားကျပ်၍ ပိတ်ဆို့မှုဖြစ်ရခြင်းမှာ လမ်းဆုံလမ်းခွများပြီး အချက်ပြမီးတိုင်များကို ရပ်စောင့်ရသောကြောင့် အဓိကဖြစ်သည်ဟု ယာဉ်သွားလာရေးလုပ်ငန်းကျွမ်းကျင်သူတို့က ဆိုသည်။ ထို့ကြောင့် ကားလမ်းများကျပ်တည်းပိတ်ဆို့မှုနည်းအောင်နှင့် မရှိအောင်လုပ်ရန် အကောင်းဆုံးနည်းလမ်းမှာ မိုးပျံလမ်းများဖောက်လုပ်မှ အဆင်ပြေမည်ဖြစ် ...**

မှာရော၊ မြို့စွန်များရော၊ မြို့ချင်းဆက်အဝေးပြေးကားလမ်းကြီးများတွင်ပါ ကားကျပ်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်း လုံးဝမရှိသလောက်ဖြစ်နေကြောင်း ခြောက်ရက်ကြာ သွားလာစဉ် တွေ့သိခဲ့ရသည်။

ယခုအခါ ဘန်ကောက်မြို့တွင်လူဦးရေ ၁၁ သန်းခန့်ရှိသည်။ ကားစီးရေက ထိုင်းနိုင်ငံတွင် ၁၁ သန်းကျော်ရှိသည်။ ကမ္ဘာလှည့်ခရီးသည်များက တစ်နှစ် ၂၈ သန်းမှသန်း ၃၀ ခန့်လာရောက်မှုရှိသည်။ သွားလာရေးကိစ္စက အလွန်များပြားလှသည်။ သို့ပါလျက် ဘန်ကောက်မြို့ကြီးရော အခြားမြို့များပါ ကားလမ်းများတွင် ကားမကျပ် ယာဉ်ပိတ်ဆို့မှုမရှိဘဲ ရှိသမျှကားများ ခပ်ကျဲကျဲ တန်းစီပြေးနေကြသည်ကို မြင်ရသည်။

မကျပ်ရခြင်းမှာ ကားလမ်းဟူသမျှ မြို့ထဲမြို့ပြင်၊ မြို့ဆက်လမ်းများမကျန် မိုးပျံလမ်း နှစ်ထပ်၊ သုံးထပ်မှ အရေးကြီးလမ်းဆုံဆို လေးထပ်အထိ တည်ဆောက်ထားပုံမှာ အလွန်ရှုခင်းလှသည်။ ကားလမ်းအပြင် မိုးပျံရထားလမ်းလည်းရှိသည်။ မြေအောက်ရထားလမ်းလည်းရှိသည်။ အာရှမြို့တော်ကြီးများနှင့် ကမ္ဘာ့မြို့တော်ကြီးများနည်းတူ Traffic Jam ယာဉ်သွားလာရေးပိတ်ဆို့မှုမရှိအောင် ထိုင်းခေါင်းဆောင်တို့ ပီပီပြင်ပြင် ပြတ်ပြတ်သားသား ထိထိရောက်ရောက် လုပ်ပေးစရာရှိ လုပ်ပေးခဲ့ခြင်းကြောင့် ဖြစ်သည်။

ကမ္ဘာ့ထိပ်ဆုံးနိုင်ငံဖြစ်သည့် အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ ကနေဒါ စသောနိုင်ငံများနှင့် အာရှတိုက်မှ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ဟောင်ကောင်၊ စင်ကာပူစသော နိုင်ငံများရှိမြို့တော်ကြီးများတွင် ကားနှင့်ရထားလမ်းများ ပိတ်ဆို့မှုမဖြစ်စေရန် မိုးပျံနှင့်မြေအောက်ကားလမ်း၊ ရထားလမ်းများကို မလွဲမသွေ ဖောက်လုပ်ခဲ့ကြသည်။ ထို့ကြောင့် ရန်ကုန်မြို့တွင် ကားလမ်းများကျပ်၍ ယာဉ်ကြောပိတ်ဆို့မှုမှာ သိသိသာသာများလာသည်ကို ဖြေရှင်းရန် အကောင်းဆုံးနည်းမှာ မိုးပျံကားလမ်းများကို ဦးစွာပထမ ဦးစားပေးဖောက်လုပ်တည်ဆောက်ပေးရန်ဖြစ်သည်။

ယခုအစိုးရသစ်တွင် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က အကြံပေးမှုကို လက်ခံကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း နှစ်သစ်ကူးမိန့်ခွန်းတွင် "ပြည်သူလူထုရဲ့ ပါဝင်ပတ်သက်မှုနဲ့ ကျွန်မတို့ အောင်မြင်စေရမယ်လို့တော့ ကျွန်မပြောရဲပါတယ်"ဟု မိန့်ဆိုခဲ့သည်။ ပြည်သူက ယုံကြည်မှု တကယ်ရှိတယ်ဆိုလို့ရှိရင် ကျွန်မတို့မအောင်မြင်နိုင်တဲ့ကိစ္စ ဘာမျှ

**စာမျက်နှာ ၉ သို့**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင်များနှင့် ပထမအကြိမ် တွေ့ဆုံဆွေးနွေးစဉ်။

❐ရှေ့ဖုံးမှ
လုပ်ဆောင်နေသည်ဟု နားလည်ထားပါကြောင်း၊ အစကောင်းမှ အနှောင်းသေချာဆိုသည့်အတိုင်း ကောင်းမွန်သော လက္ခဏာများပင်ဖြစ်ပါကြောင်း၊ JMC-U ထဲတွင် အစိုးရ၊ တိုင်းရင်းသားများနှင့် အရပ်ဘက်အပါအဝင် အဘက်ဘက်မှ ပါဝင်ကြသည့်အတွက် ပါဝင်သင့် ပါဝင်ထိုက်သူများ စုံစုံလင်လင် ပါဝင်သည်ဟု မိမိအနေဖြင့် ယူဆပါကြောင်း၊ ပါသင့်ပါထိုက်သူများသည် ယခုခေတ်စကားအရ Stakeholder ဆိုသည့် စကားက တွင်ကျယ်နေပါကြောင်း၊ Stakeholder ကို တိတိကျကျ တွေးခေါ်မည်ဆိုပါက ကိစ္စတစ်ရပ်ရပ်တွင် တစ်နည်းမဟုတ်တစ်နည်း ပါဝင်ပတ်သက်နေသူဟု အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ပါကြောင်း။

အမှန်တကယ် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တစ်နည်းမဟုတ်တစ်နည်း ပါဝင်ပတ်သက်နေသူများမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးပင် ဖြစ်ပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားသန်းငါးဆယ်ကျော် ပါဝင်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လုပ်ကိုင်မည်ဆိုသည်မှာ လက်တွေ့မကျပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် မည်သူများ ပါဝင်သင့်သည်ကို အများကြီးစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် JMC ထဲတွင် ပါဝင်သင့် ပါဝင်ထိုက်သူများ မည်သူများ ပါဝင်ရမည်ကို စပြီးစဉ်းစား၍ ယခုလုပ်ငန်းစဉ်မှ သင်ခန်းစာယူနိုင်မည်ဟု မိမိထင်မြင်ပါကြောင်း။

ဆက်လုပ်ရမည့်လုပ်ငန်းမှာ ငြိမ်းချမ်းရေးညီလာခံ ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးညီလာခံကို ဆက်လက်လုပ်ဆောင်ရာ၌ ယခင်သဘောတူညီထားပြီးဖြစ်သည့်အပြင် လိုအပ်ပါက ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ JMC-U ၏ အတွေ့အကြုံများသည် ယခုကဲ့သို့ ဆောင်ရွက်ရာ၌ အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ JMC-U ထဲမှာ အဘက်ဘက်က ပါသင့်ပါဝင်ထိုက်သူများကို ကိုယ်စားပြုသူများဖြင့် ဆောင်ရွက်သည့်အတွက် အားနည်းချက်၊ အားသာချက်များကိုသိရှိပြီး မည်သို့ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားမည်ကို ကြိုတင်စဉ်းစားထားကြမည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့ စဉ်းစားထားသည်များကို အခြေခံပြီး ငြိမ်းချမ်းရေးညီလာခံကို မည်သို့ကျင်းပသွားမည်ဆိုသည့် အကြံဉာဏ်များရရှိမည်ဟု ယုံကြည်ပါကြောင်း၊ JMC-U နှင့် တွေ့ဆုံခြင်းသည် မိမိအနေဖြင့် အတွေ့အကြုံများကို နားထောင်ရန်အတွက် ဖြစ်ပါကြောင်း။

JMC-U ၏ တိုက်ရိုက်ခန့်အပ်သည့် တာဝန်သည် အပစ်အခတ်ရပ်စဲရေး တည်မြဲဖို့ဖြစ်ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ မည်သည့်ဘက်မှ မကျေနပ်စရာမရှိရန်၊ အမှန် အမှား၊ တရားမျှတမှု ရှိ၊ မရှိ တို့ကို JMC-U က အဓိကထိန်းသိမ်း ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ သို့ရာတွင် အပစ်အခတ်ရပ်စဲရေးမကျိုးပျက်အောင်၊ မချိုးဖောက်အောင် ဆောင်ရွက်ခြင်းသည် ငြိမ်းချမ်းရေးညီလာခံ အောင်မြင်ရေးအတွက် ဖြစ်ပါကြောင်း၊ JMC-U ၏ အကြံဉာဏ်များထဲတွင် ငြိမ်းချမ်းရေးညီလာခံ အောင်မြင်ဖို့အတွက် မည်သို့ဆောင်ရွက်သွားသင့်သည်ကို မိမိတို့အနေဖြင့် သိချင်ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေး မချိုးဖောက်ရန်အတွက် မည်သို့ ဆောင်ရွက်ရမည်မှာ JMC-U ၏ တိုက်ရိုက် ချက်ချင်းလက်ငင်းတာဝန်ဖြစ်ပါကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့် အရေးကြီးတာဝန်မှာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့် ငြိမ်းချမ်းရေးညီလာခံများကို မည်သို့အောင်မြင်အောင် ဆောင်ရွက်ရမည်ဆိုသည့် အကြံဉာဏ်များကို လိုချင်ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်နှင့်စပ်လျဉ်း၍ အားလုံးပါဝင်စေချင်ပါကြောင်း၊ အားလုံးပါဝင်အောင် မည်သို့ဆောင်ရွက်ရမည်ကို မိမိတို့အနေဖြင့် ဝိုင်းဝန်းစဉ်းစား အဖြေရှာသွားရမည်ဖြစ်ပါကြောင်း။

တကယ်စေတနာမှန်ပါက မအောင်မြင်စရာမရှိပါကြောင်း၊ အလုပ်တစ်ခုကို လုပ်သည့်နေရာတွင် အထူးသဖြင့် အများနှင့်စုပေါင်းပြီးလုပ်သည့် နေရာတွင် အပေးအယူဆိုရာ၌ အဓိကအားဖြင့် ကိုယ်ဘာပေးမည်ဆိုသည်ကို တစ်ယောက်ချင်း တစ်ယောက်ချင်းက စဉ်းစားပေးပါက အများကြီးအောင်မြင်မည်ဟု မိမိအနေဖြင့်ထင်မြင်ပါကြောင်း၊ တစ်ယောက်ချင်း တစ်ယောက်ချင်းက ငါဘာယူလို့ရမလဲဆိုသည့် စိတ်ဓာတ်ဖြင့်လာပါက ပိုမိုခက်ခဲလိမ့်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အပေးအယူဟုဆိုသည့်နေရာတွင် နိုင်ငံအပေါ်ထားသည့် စေတနာ၊ မိမိဂုဏ်သိက္ခာအရ ကိုယ်ဘာပေးနိုင်သည်ကို ဦးစားပေး၍ ဆွေးနွေးစဉ်းစားစေချင်ပါကြောင်း၊ ကိုယ်ဘာလိုချင်လဲ ကြည့်မည်ဆိုပါက တိုင်းရင်းသားမျိုးစုံဖြင့် တည်ဆောက်ထားသည့် ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့၊ ညီညွတ်ဖို့ လွယ်မည်မဟုတ်ပါကြောင်း။

ယခုအစည်းအဝေးကစပြီး ငြိမ်းချမ်းရေးအတွက် ဦးတည်ပြီးဆောင်ရွက်သည့်အခါတွင် တစ်ယောက်စီတိုင်းက ငါတို့ဘာပေးနိုင်သလဲဆိုသည့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှု၊ ကိုယ်ဘာပေးနိုင်လဲဆိုသည်ကို အဓိကစဉ်းစား၍ ဝိုင်းဝန်းစဉ်းစား ကူညီစေချင်ပါကြောင်း၊ ယခုလိုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားပါက အပစ်အခတ်ရပ်စဲရေးကိုလည်း ခိုင်မာအောင် လုပ်ဆောင်နိုင်မည့်အပြင် မပါဝင်သေးသည့်အဖွဲ့များကို ပါဝင်လာရန်နှင့် ပါဝင်နိုင်အောင် အခြေအနေတစ်ခုကို ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နေစဉ်အတွင်းမှာ ငြိမ်းချမ်းရေးညီလာခံကို စတင်ကျင်းပသွားမည်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးညီလာခံနှင့် အပစ်အခတ်ရပ်စဲရေးတွင် မပါဝင်သေးသည့် အဖွဲ့များပါဝင်ရေးသည် တစ်ပြိုင်တည်းဆောင်ရွက်ရမည့် မျဉ်းပြိုင်များဖြစ်ပါကြောင်း၊ တစ်ခုပြီးမှတစ်ခု လုပ်၍မရပါကြောင်း၊ ထို့ကြောင့် ယခုမှစ၍ အပစ်အခတ်ရပ်စဲရေး ခိုင်မြဲအောင်လုပ်ခြင်းဖြင့် အပစ်အခတ်ရပ်စဲရေး၏ အကျိုးဆက်ကို ပြည်သူများက မည်သို့ခံစားရသည်ကို ရှင်းရှင်းလင်းလင်း မြင်သာထင်သာ ပြနိုင်ခြင်းဖြင့် အပစ်အခတ်ရပ်စဲရေးတွင် မပါဝင်သေးသည့် အခြားအစုအဖွဲ့များ ပါဝင်လာအောင် မိမိတို့အနေဖြင့် ဆွဲဆောင်နိုင်မည့်အပြင် တစ်ချိန်တည်းတွင် ထာဝရငြိမ်းချမ်းရေးရမည့် ညီလာခံများကျင်းပနိုင်ရန် အစပျိုးနိုင်မည်ဖြစ်ပါကြောင်း။

ယခု ၂၁ ရာစု ပင်လုံညီလာခံကျင်းပနိုင်ရန်အတွက် မိမိအနေဖြင့် အချိန်ဆွဲဆောင်ရွက်သွားမည် မဟုတ်ပါကြောင်း၊ တစ်လ၊ နှစ်လအတွင်းမှာ ယခုအစီအစဉ်များကို ပြီးမြောက်၍ ငြိမ်းချမ်းရေးညီလာခံကို စတင်ဆောင်ရွက်သွားချင်ပါကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးကို နိစ္စဓူဝ လိုအပ်နေပါကြောင်း၊ နေ့စဉ်ငြိမ်းချမ်းရေး မရသည့်အတွက် ဒုက္ခခံနေရသည့် မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများအတွက် တစ်ရက်စီ၏ ၂၄ နာရီသည် နည်းသည့် အချိန်မဟုတ်ပါကြောင်း၊ မခံစားရသူများအတွက် ၂၄ နာရီသည် ဘာမှမဟုတ်ပါကြောင်း၊ မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်နိုင်ရန် ငြိမ်းချမ်းရေးညီလာခံကို အမြန်ဆုံးအောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းစဉ်းစား၍ လက်ရှိ J MC-U ၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ သင်ယူစရာရှိသည်များကို မိမိတို့ကို သင်ကြားသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဆက်ပြီးအောင်မြင်အောင် မည်သို့ဆောင်ရွက်ရမည်၊ မပါဝင်သေးသည့်အဖွဲ့များ အပစ်အခတ်ရပ်စဲရေးစာချုပ်ထဲမှာ ပါဝင်လက်မှတ်ရေးထိုးနိုင်အောင် မည်သို့ဆောင်ရွက်သွားမည်ကို ဝိုင်းဝန်းအကြံပြုစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က JMC အနေဖြင့် NCA ကို အကောင်အထည်ဖော်ရာမှာ စစ်ဘက်ဆိုင်ရာသဘောတူညီချက်များကို ထိန်းသိမ်းလိုက်နာ အကောင်အထည်ဖော်ဆောင်သွားရန်အတွက် တာဝန်ရှိကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် NCA ပါ စစ်ဘက်ဆိုင်ရာအချက် (၅၅) ချက်ကို လက်မှတ်ရေးထိုးသူများအားလုံး လိုက်နာဆောင်ရွက်သွားစေရန် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ JMC ကို ပြည်ထောင်စု၊ ပြည်နယ်နှင့် ဒေသဆိုင်ရာအဆင့်များဆိုပြီး အဆင့်ဆင့် ဖွဲ့စည်းထားကြောင်း၊ အဆင့်တိုင်းတွင် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်နှင့် အရပ်သားကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားကြောင်း၊ JMC ကော်မတီအဆင့်ဆင့်ကို အထောက်အကူပြုရေးအတွက် အဆင့်တိုင်းတွင်လည်း ရုံးအဖွဲ့များကို ဖွဲ့စည်းထားရှိမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် JMC-U အဖွဲ့ဝင်များကို ၂၆ ဦးဖြင့် ဖွဲ့စည်းထားကြောင်း၊ အခြေအနေအချိန်အခါ လိုအပ်ချက်များအရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်နှင့် JMC-U ၏ အစိုးရကိုယ်စားလှယ်များကို ပြင်ဆင်ဖွဲ့စည်းစရာရှိသည်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

JMC ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှု ရလဒ်များအနေဖြင့် NCA လက်မှတ်ရေးထိုးပြီး ခြောက်လအတွင်း အသေးစားထိတွေ့မှု (၃) ကြိမ်သာရှိခဲ့ကြောင်း၊ အခြားနိုင်ငံများမှ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဖြစ်စဉ်များနှင့် နှိုင်းယှဉ်ပါက NCA လက်မှတ်ရေးထိုးသူများအကြား ထိတွေ့တိုက်ပွဲများ မရှိသလောက် လျှော့ချနိုင်ခဲ့ပါကြောင်း၊ သို့သော် JMC ၏ လက်ရှိလုပ်ငန်းစဉ်များကို ထိရောက်စေရန်အတွက် စနစ်တကျ လုပ်ဆောင်နိုင်သော အခြေအနေသို့ မရောက်ရှိသေးကြောင်း၊ နှစ်ဖက်ခေါင်းဆောင်များ၏ နားလည်မှုနှင့် ဆက်ဆံရေးကိုအခြေခံပြီး လုပ်ငန်းအကောင်အထည်ဖော်နေရခြင်းဖြစ်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူအပြောင်းအလဲလုပ်သည့်အခါ၊ မြေပြင်တပ်များအပြောင်းအလဲလုပ်သည့်အခါများတွင် လက်ရှိတည်ငြိမ်မှုကို ဆက်ထိန်းနိုင်ရန် အခက်အခဲရှိကြောင်း၊ ထို့ကြောင့် JMC လုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော်နိုင်သည့် ယန္တရားတစ်ခု ဖြစ်လာစေရန် အချိန်ယူတည်ဆောက်ရဦးမည်ဖြစ်ကြောင်း၊ ၎င်းယန္တရားတစ်ခု ဖြစ်လာရန် အဓိကကျသည့် အလုပ်အဖွဲ့ (ရုံးအဖွဲ့) အဆင့်ဆင့်ကို ဖွဲ့စည်း အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း။

အလုပ်အဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းလည်ပတ်နိုင်ရန် လိုအပ်သည့် ငွေကြေးပမာဏကို စိစစ်တွက်ချက်ထားပြီး နိုင်ငံတကာမှ ကျွမ်းကျင်သူများနှင့်လည်း ညှိနှိုင်းဆွေးနွေးထားပြီးဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များအတွက် (၃) နှစ်စာဘတ်ဂျက်ကို အမေရိကန်ဒေါ်လာ ၂၅ သန်းခန့် ခန့်မှန်းတွက်ချက်ထားကြောင်း၊ နိုင်ငံတကာတွင် ပြုလုပ်ခဲ့ကြသည့် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ကြီးကြပ်သည့် လုပ်ငန်းများနှင့် ယှဉ်ကြည့်လိုက်လျှင် မိမိတို့၏ ခန့်မှန်းကုန်ကျစရိတ်မှာ ငါးဆကျော် သက်သာပါကြောင်း၊ ယင်းဘတ်ဂျက်ကို ကမ္ဘာ့ကုလသမဂ္ဂမှ ကမကထပြုပြီး အထောက်အပံ့ပြုရန် ညှိနှိုင်းဆွေးနွေးထားကြောင်း၊ UN Peace Building Fund မှ အထောက်အပံ့ပြုရန် လျာထားသည်ဟု သိရှိရကြောင်း၊ JMC လုပ်ငန်းများနှင့် အလုပ်အဖွဲ့များစတင်လည်ပတ်နိုင်ရေးအတွက် လက်ရှိအစိုးရအသစ်မှ JMC တည်ရှိမှုကို အသိအမှတ်ပြုပေးပြီးမှသာ နိုင်ငံတကာအလှူရှင်များက အထောက်အပံ့များကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ NCA လက်မှတ်ရေးထိုးထားသူများအကြား ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပြီး နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ JMC အနေဖြင့် အားသွန်ခွန်စိုက်လုပ်ဆောင်သွားမည်ဟု သဘောထားပြုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပူးတွဲစောင့်ကြည့်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်စောအိုင်းဇက်ဖိုးနှင့် ဦးပြည့်စုံတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပူးတွဲစောင့်ကြည့်ရေးကော်မတီအတွင်းရေးမှူး ဒေါက်တာရွှေခါးက ကော်မတီစတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့အထိ လုပ်ငန်းဆောင်ရွက်နေမှုများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

အလားတူ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာမင်းဇော်ဦးက JMC အား အစိုးရအဖွဲ့အစည်းတစ်ရပ်အဖြစ်ထားရှိရေး၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်အဖြစ်ထားရှိရေးကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေါက်တာတင်မျိုးဝင်းက **စာမျက်နှာ ၉ သို့** ❖

## ပြည်တွင်းရေးရာ

**❖ စာမျက်နှာ ၈ မှ**

ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းမှုများညှိနှိုင်းနိုင်ရေး ရှင်းလင်းတင်ပြသည်။

ထို့နောက် ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ အရပ်သားကိုယ်စားလှယ် ဦးကိုကိုကြီးက အရပ်ဘက်ကိုယ်စားလှယ်များပါဝင်နိုင်ရေး ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြောကြားပြီး ပြည်တွင်းငြိမ်းချမ်းရေးသာမက အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိုပါ ခြုံငုံနိုင်သည့် ဖွဲ့စည်းမှုတစ်ရပ် ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ ပါဝင်သင့် ပါဝင်ထိုက်သူ အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ရေး၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မြဲစေရန်၊ လက်မှတ်ရေးထိုးမှုမရှိသေးသည့် ကျန်အဖွဲ့များ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်စေရန်နှင့် ငြိမ်းချမ်းရေးညီလာခံ အမြန်ဆုံးခေါ်ယူကျင်းပနိုင်ရန် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို အမြန်ဆုံးကျင်းပသွားမည်ဖြစ်ကြောင်း၊ တိကျမှန်ကန်သော အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ မူဝါဒလုပ်ငန်းစဉ်တစ်ရပ် ခိုင်ခိုင်မာမာချမှတ်နိုင်ရေးဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Ceasefire Monitoring Committee - JMC)၏ ပဋ္ဌမအကြိမ် အစည်းအဝေးကို နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ မေ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Ceasefire Monitoring Committee - JMC)သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ မူဝါဒချမှတ်သူများအား အပစ်အခတ်ရပ်စဲရေးအတွက် မူဝါဒဆိုင်ရာကူညီပံ့ပိုးပေးရန်၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထိန်းသိမ်းစောင့်ကြည့်ပေးသည့်ယန္တရားတစ်ခု အကောင်အထည်ဖော်နိုင်ရန်၊ ပစ်ခတ်တိုက်ခိုက်မှုများကို တည်ငြိမ်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံရေးဆွေးနွေးပွဲများကို အထောက်အကူဖြစ်စေရန်၊ နှစ်ဖက်ယုံကြည်မှုတည်ဆောက်နိုင်စေရန်နှင့် ပဋိပက္ခဒေသများတွင် ပြည်သူလူထုကို အကာအကွယ်ပေးနိုင်ရန်ဆိုသည့်ရည်မှန်းချက်များကိုအခြေခံ၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်မည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုကော်မတီ (National Reconciliation and Peace Centre - NRPC) ဖွဲ့စည်းရေးညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ လာမည့် မေလ ဒုတိယပတ်အတွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**❍ စာမျက်နှာ ၇ မှ**

မရှိပါဘူးလို့ ပြောပါရစေဟူ၍လည်း ဆိုခဲ့သည်။

ယခု ရန်ကုန်မြို့ကြီးနှင့် အချို့မြို့များတွင် Traffic Jam ယာဉ်သွားလာရေးပိတ်ဆို့မှုကို ဖြေရှင်းနိုင်သည့် မိုးပျံကားလမ်းများ တည်ဆောက်ရေးနည်းလမ်းမှာ အသင့်တော်ဆုံးဖြစ်ကြောင်း ဘန်ကောက်မြို့က သက်သေပြခဲ့လေသည်။ မြန်မာနိုင်ငံနှင့် ရန်ကုန်မြို့ ယာဉ်သွားလာရေးကျပ်တည်းပိတ်ဆို့မှုကို ယခင်အစိုးရက ငါးနှစ်လုံးလုံး ခုံးတံတားတွေဆောက်၊ လမ်းဘေးစကြံတွေဖျက်၊ ကားလမ်းတွေချဲ့၊ ကားလမ်းအလယ်များတွင် ကွန်ကရစ်ဘလောက်တုံးတွေ သောင်းနှင့်ချီချ၍ မျိုးစုံအောင်ကြိုးစားလုပ်ခဲ့သည်။ သို့သော် ကားလမ်းများက မချောင်ဘဲ ပို၍ကျပ်ခဲ့သည်။ ကားလမ်းကျပ်ပါသည်ဆိုမှ မိုးပျံရထားလမ်းဖောက်မည့်စီမံကိန်းကို ကြေညာခဲ့သေးသည်။

ယခု ပြည်သူများက ယုံကြည်သော လူထုခေါင်းဆောင်၊ ပြည်သူကြိုက်နှစ်သက်သောပါတီ ဦးဆောင်သည့် အစိုးရသစ်တက်လာသည်။ ပြည်သူတို့က လုံးဝယုံကြည်သည်။ အထူးသဖြင့် ခေတ်မီတိုးတက်ချမ်းသာသော ဒီမိုကရေစီနိုင်ငံကြီးများ၏ ခေါင်းဆောင်များနှင့် ချစ်ခင်မှုရှိပြီး လေးစားခြင်းကိုခံရသော ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ ခေါင်းဆောင်က မိတ်ဆွေနိုင်ငံများကို ဘာမဆိုအကူအညီတောင်းလျှင် ပေးကြမည်ဖြစ်သည်။

ဘတ်ဂျက်မရှိဘဲ မိုးပျံ (Express way) လမ်းနှစ်ထပ်များ ဘယ်လိုဆောက်မလဲ။ အကြွေးနှင့်ဆောက်လျှင် မည်သူကချေးမလဲ။ ဘယ်လိုပြန်ဆပ်မလဲဟု ယခင် ခေါင်းဆောင်များ တွေးခဲ့၊ မေးခဲ့သည်။ လုပ်ပေးချင်လျှင်ဖြစ်နိုင်ကြောင်း ထိုင်းနိုင်ငံက မျက်ဝါးထင်ထင် သက်သေပြသည်။

အင်ဒိုနီးရှားမှ ဂျကာတာမြို့၊ မလေးရှားမှ ကွာလာလမ်ပူမြို့ စသည်တို့လည်း လွန်ခဲ့သော အနှစ် ၄၀ ကတည်းက မိုးပျံလမ်းများ ဖောက်လုပ်ခဲ့ပြီးဖြစ်သည်။

ဤသို့ အာဆီယံအိမ်နီးချင်းများ လုပ်နိုင်ခဲ့လျှင် မြန်မာနိုင်ငံ အဘယ်ကြောင့် မလုပ်နိုင်ရမည်နည်း။ ယနေ့လူထုခေါင်းဆောင်များသည် သူများနိုင်ငံလုပ်လို့ရခဲ့လျှင် တို့နိုင်ငံလည်း လုပ်လို့ရကိုရရမည်ဟူသော စိတ်ဓာတ်အပြည့်ရှိသော ခေါင်းဆောင်သစ်များ၏ Mindset ကို ပြည်သူတို့က ယုံကြည်မှုအပြည့် ရှိပေသည်။ ယနေ့မှစ၍ မလုပ်လျှင် ဘယ်တော့လုပ်မည်နည်း။ မြန်မာတို့ဘယ်တော့မှ သူများနိုင်ငံမီမည်နည်း။ ယခင်ဗိုလ်ချုပ်အောင်ဆန်းက သူများခြေတစ်လှမ်းလှမ်းလျှင် ကျုပ်တို့က လေးငါးဆယ်လှမ်းလှမ်းနိုင်မှ နောင်အနှစ် ၂၀ ကျလျှင် တော်ကာကျမည်ဟုမိန့်ဆိုခဲ့ကြောင်း စာရေးသူဆောင်းပါးခဏခဏရေးခဲ့ဖူးသည်။ ယခု လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြေးပြီးတော့ အပင်ပန်းခံ၍လုပ်ကြဖို့ မိန့်ဆိုထားသည်။ အစိုးရသစ်ခေါင်းဆောင်များ မိုးပျံကားလမ်းများ ပေါ်ထွက်လာရေးနည်းလမ်းမှန်စွာ ချစ်ကြည်သောနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ဖြစ်အောင် ရှေ့မှနေ၍ ပြေးပြကြပါလျှင် ပြည်သူလူထုကလည်း ဦးဆောင်မှုနောက်မှ (ယခင်လိုကျန်မနေဘဲ) ယုံကြည်မှုအပြည့်နှင့်ပြေး၍ အားစိုက်ခွန်စိုက် လိုက်ကြမည်သာတည်း။ ။

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC - U) ၏ ပဋ္ဌမအကြိမ်အစည်းအဝေး ဆက်လက်ကျင်းပ



ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC–U)၏ ပဋ္ဌမအကြိမ်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

**နေပြည်တော် မေ ၂၇**

နိုင်ငံရေးဆွေးနွေးနေစဉ်ကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရန်၊ နိုင်ငံရေးအာမခံချက်များကို အကောင်အထည်ဖော်နိုင်ရန်၊ သဘောတူညီချက်များနှင့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုနိုင်ရန်အတွက် နှစ်ဖက်ကိုယ်စားလှယ်များပါဝင်သော ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ ပဋ္ဌမအကြိမ်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် JMC အလုပ်အဖွဲ့အတွင်း ဆွေးနွေးသဘောတူညီခဲ့သော ဒေသဆိုင်ရာရုံးအဖွဲ့လုပ်ငန်းလမ်းညွှန် (TOR for Secretariat of JMC - L) အား ဆွေးနွေးအတည်ပြုခြင်း၊ JMC အလုပ်အဖွဲ့အတွင်း ဆွေးနွေးခဲ့သည့် နိုင်ငံတကာအဖွဲ့အစည်းများမှ တောင်းဆိုထားသော တရားဝင်မှု (Legal Status) ကိုရရှိရန် Technical Secretrait Center(TSC) အား NGO အဖြစ် (သို့မဟုတ်) State process အဖြစ် မည်သို့ဆောင်ရွက်လိုကြောင်းကို EAOs ဘက်မှ ၂၀၁၆ ခုနှစ် မေ ၆ ရက်မတိုင်ခင် အကြောင်းပြန်ကြားပေးမည့်ကိစ္စရပ်အား ဆွေးနွေးခြင်း၊ ယာယီတိုင်ကြားကန့်ကွက်ခြင်းလုပ်ငန်းအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ ဗဟိုရုံးအဖွဲ့နှင့် ပြည်နယ်ရုံးအဖွဲ့များ၏ လုပ်ငန်းလမ်းညွှန်အရ ခန့်အပ်မည့် ဝန်ထမ်းများအတွက် တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆွေးနွေးအတည်ပြုခြင်း၊ အရပ်သားကိုယ်စားလှယ် ဒုတိယဥက္ကဋ္ဌ အလှည့်ကျလွှဲပြောင်းခြင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဆွေးနွေးမည့် အစီအစဉ်အပေါ် ဆွေးနွေးညှိနှိုင်းခြင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီများ ဖွဲ့စည်းခြင်းကိစ္စ၊ အထွေထွေကိစ္စရပ်များနှင့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ ဆဋ္ဌမအကြိမ်အစည်းအဝေးကျင်းပမည့် နေ့ရက်နှင့် နေရာသတ်မှတ်ခြင်းတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်မိုး၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးပြည့်စုံ၊ အဖွဲ့ဝင်များဖြစ်ကြသည့် အစိုးရကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈)ဖွဲ့မှ ကိုယ်စားလှယ်များ၊ နှစ်ဖက်မှ အဆိုပြုသော အရပ်သားကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် ဩဂုတ် ၇ ရက်က လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။**

ထိုသို့ လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲများစတင်ကျင်းပပြီး ပြည်ထောင်စုညီလာခံကျင်းပခြင်း၊ ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုခြင်းနှင့် ပြည်ထောင်စုသဘောတူစာချုပ်အား အကောင်အထည်ဖော်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုပူးတွဲကော်မတီ (UPDJC) တို့ကို ရက်ပေါင်း ၃၀ အတွင်း ဖွဲ့စည်း၍ သဘောတူညီချက်များနှင့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

**❖ စက်မှုဇုန်များမှ**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရန် အဓိကကျပြီး သွင်းကုန်ကိုသာ အားကိုးကာ သယံဇာတများကိုသာ မှီခိုထုတ်ရောင်းပြီး ရပ်တည်နေရသည့် နိုင်ငံအဖြစ်မှ စက်မှုအခြေခံတိုးတက်သော နိုင်ငံဖြစ်ရန် ပြုပြင်ပြောင်းလဲတည်ဆောက်ရာတွင် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်မှုသည့် အဓိကမဏ္ဍိုင်ပင်ဖြစ်သည်ဟု ဝန်ကြီးချုပ်က မှတ်ချက်ပြုသည်။ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်မှု၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရက စီမံခန့်ခွဲမှုနှင့် စည်းကမ်းပိုင်းဆိုင်ရာများ၊ လိုအပ်ချက်များကို ပူးပေါင်းဖြေရှင်းကာ ဖြည့်ဆည်းပေးသွားမည်ဟုလည်း ဆိုသည်။

"ကျွန်တော်တို့မှာ ထုတ်ရောင်းစရာပစ္စည်း စက်မှုလက်မှုနဲ့ တန်ဖိုးမြှင့်ထုတ်ရောင်းစရာပစ္စည်းတွေကို မထုတ်လုပ်နိုင်ဘူးဆိုရင် ကျွန်တော်တို့တိုင်းပြည်ဟာ သယံဇာတတွေရောင်းပြီး ရပ်တည်နေရတဲ့ နိုင်ငံအဖြစ်ဆက်ဖြစ်နေမယ်။ ဒါဆိုရင် ကျွန်တော်တို့ တိုင်းပြည်မှာ ပြည်သူတွေရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်တဲ့ နိုင်ငံတစ်ခုကို ထူထောင်နိုင်မှာ မဟုတ်ပါဘူး။ ဒီနေရာမှာ ဘဏ်စနစ်တွေနဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲဆောင်ရွက်နေကြတဲ့အခါမှာ အသေးစား၊ အလတ်စား စက်ရုံအလုပ်ရုံတွေအတွက် အခွင့်အလမ်းရအောင် ဘယ်လိုဆောင်ရွက်ပေးမလဲဆိုတဲ့ အခြေအနေဟာ ကျွန်တော်တို့အစိုးရမှာ တာဝန်ရှိပါတယ်။ ဒီနေ့ ခြေလှမ်းတစ်လှမ်းကိုစမယ်။ စက်မှုဇုန်တွေကို ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင် လုပ်မလဲ။ ဒီနေရာမှာ စီမံခန့်ခွဲရေးအပိုင်းနဲ့ စည်းကမ်းပိုင်းကို စလုပ်မယ်။ ပြီးရင် အခြေခံအဆောက်အအုံပိုင်းတွေ ပြုပြင်ပြောင်းလဲရေးတွေကို စလုပ်မယ်။ စီမံခန့်ခွဲရေးအပိုင်းနဲ့ စည်းကမ်းပိုင်းက ချက်ချင်းအကောင်အထည်ဖော်လို့ရတယ်။ ကျွန်တော်တို့ရဲ့ စီမံခန့်ခွဲမှုကို ချက်ချင်းပြင်လို့ရတယ်။ ဇုန်တွေကို ဘယ်လိုနည်းလမ်းနဲ့ စက်မှုဇုန်တာဝန်ရှိတဲ့သူတွေကို ဖွဲ့စည်းမလဲ၊ ဘယ်လိုစည်းမျဉ်းစည်းကမ်း ဘောင်တွေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့စည်းကမ်းဘောင်တွေနဲ့ ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင်လုပ်မလဲ။ စီမံခန့်ခွဲမှုအပိုင်းကို စတင်ချင်ပါတယ်။ ဒီကတစ်ဆင့် ဇုန်ထဲမှာ ဖြစ်ပေါ်နေတဲ့ ကျူးကျော်ပြဿနာတွေ၊ အခြားအခြားသော ပြဿနာတွေကို အစိုးရရယ်၊ စက်မှုဇုန်မှာ တာဝန်ယူလုပ်နေတဲ့ လုပ်ငန်းရှင်တွေရယ်၊ အလုပ်သမားရယ်၊ ပြည်သူလူထုရယ် ပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုရင် ရန်ကုန်ဟာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခြေလှမ်းတစ်လှမ်းစတင်နိုင်လိမ့်မယ်"ဟု ၎င်းက ဆိုသည်။

ယင်းသို့ ဆွေးနွေးပြောကြားရာတွင် စက်မှုဇုန်များအလိုက် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက လိုအပ်ချက်များကို တင်ပြခဲ့ကြပြီး အဓိကပြဿနာရပ်များမှာ လျှပ်စစ်မီး၊ ရေစီးရေလာနှင့် ရေဆက်သွယ်ရရှိမှု၊ ကျူးကျော်အိမ်များ၊ ကျူးကျော်ဆိုင်များနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေတို့အပေါ် ပြန်လည်ဆွေးနွေးတင်ပြကြသည်။

အဆိုပါပြဿနာရပ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ယူဖြေရှင်းဆောင်ရွက်မည်ဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်များကိုလည်း တင်ပြဆောင်ရွက်သွားမည်ဟု သိရသည်။ ယင်းအပြင် တိုင်းဒေသကြီးအတွင်း ဆက်စပ်နေသော ဌာနဆိုင်ရာများပါဝင်လျက် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဇုန်များ၏ အခြေခံလိုအပ်ချက်များ၊ ပြဿနာအခက်အခဲများ ဖြေရှင်းအဖြေရှာဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်သွားမည်ဟု သိရသည်။

စက်မှုဇုန်များ အဓိက ကြုံတွေ့နေရသည့် ပြဿနာတစ်ခုဖြစ်သည့် လျှပ်စစ်မီးပြဿနာသည် ကုန်ထုတ်လုပ်မှုတွင် ကုန်ကျစရိတ်မြင့်မားလျက်ရှိပြီး သွင်းကုန်ပစ္စည်းများနှင့် ဈေးနှုန်းယှဉ်ပြိုင်နိုင်ခြင်းမရှိသည့်အတွက်ကြောင့်လည်း လုပ်ငန်းရှင်များ ရပ်တည်နိုင်ရန် ခက်ခဲသည်ဟု သိရသည်။ ယင်းလျှပ်စစ်ပြဿနာအပေါ်ကိုလည်း လာမည့်နွေရာသီတွင် လျှပ်စစ်အလုံအလောက်ရရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိသည်ဟု ဝန်ကြီးချုပ်က ပြောသည်။ ကျူးကျော်ပြဿနာ ဖြေရှင်းရာတွင်လည်း ဘူဒိုဇာအစိုးရဟူ၍မဖြစ်ချင်ဘဲ အကောင်းမွန်ဆုံးဖြေရှင်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားမည်ဟု ပြောကြားသွားခဲ့သည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ စက်မှုဇုန်များမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

# သဘာဝဘေးဒဏ်ခံစားရသော ပြည်သူများအား ကူညီထောက်ပံ့

**နေပြည်တော် မေ ၂၇**

၂၀၁၆ ခုနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံတစ်ဝန်း အယ်နီညိုကြောင့် ရာသီဥတုဖောက်ပြန်ကာ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများရွာချခြင်း အစရှိသည့် သဘာဝဘေးအန္တရာယ်များကျရောက်ခံစားခဲ့ရသော ပြည်သူများကို ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ကူညီထောက်ပံ့မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။



မြစ်သားမြို့၏ မြို့မိမြို့ဖ ဦးစိုးညွန့်နှင့် ဦးဇော်နိုင်ဝင်းတို့အား ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ်သိန်း ၅၀၀ ပေးအပ်လှူဒါန်းစဉ်။

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွက် အိမ်မိုးသွပ်ပြားချပ်ရေ ၆၀၀၀၊ စဉ့်ကိုင်မြို့နယ်အတွက် အိမ်မိုးသွပ်ပြားချပ်ရေ ၄၀၀၀ ပါဝင်သည့် ကာလတန်ဖိုးကျပ်သိန်း ၃၅၀ ရှိ အိမ်မိုးသွပ်ပြား စုစုပေါင်း ၁၀၀၀၀ ကို မေ ၂၆ ရက်က ကမ္ဘောဇဘဏ်လီမိတက် အထက်မြန်မာပြည်တာဝန်ခံ ဦးတင်ထွန်းက ကမ္ဘောဇဘဏ်လီမိတက် ကျောက်ဆည်ဘဏ်ခွဲတွင် ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်း သဘာဝဘေးကြောင့် လုံးဝပျက်စီးသွားခဲ့သည့် အိမ်ခြေ ၃၅၀ နှင့် အမိုးအကာပျက်စီးသွားခဲ့သော အိမ်ခြေပေါင်း ၁၁၃၄ အိမ်အတွက် ပြန်လည်ပြုပြင်တည်ဆောက်ရန် ကျပ်သိန်း ၅၀၀ ကို ကမ္ဘောဇဘဏ်လီမိတက် အထက်မြန်မာပြည် တာဝန်ခံ ဦးတင်ထွန်းက မြစ်သားမြို့တွင် မေ ၂၇ ရက်က သွားရောက်လှူဒါန်းခဲ့ပြီး မြို့မိမြို့ဖ ဦးစိုးညွန့်နှင့် ဦးဇော်နိုင်ဝင်းတို့က လက်ခံရယူခဲ့သည်။

ထို့အတူ မြစ်သားမြို့နယ်အတွင်း သေဆုံးခဲ့သော ခိုင်းနွားလေးကောင်အတွက် တစ်ကောင်လျှင် ကျပ် ၁၀ သိန်းနှုန်းဖြင့် သိန်း ၄၀ ကို ကူညီထောက်ပံ့ပေးခဲ့သည်။ ထို့အတူ ဒဏ်ရာရရှိခဲ့သည့် တောင်သူတစ်ဦးအတွက်လည်း ငွေကျပ်ငါးသိန်းထောက်ပံ့ပေးခဲ့သည်။ လယ်ယာသုံးခိုင်းနွားများ အမှန်တကယ် ဆုံးရှုံးခဲ့ရသည့် တောင်သူများအနေဖြင့် သက်ဆိုင်ရာ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၏ ထောက်ခံချက်ဖြင့် အထက်မြန်မာနိုင်ငံအတွက် ဦးတင်ထွန်း ဖုန်း ၀၉-၇၉၂၀၅၂၇၀၄ နှင့် အောက်မြန်မာနိုင်ငံအတွက် ဦးစိုးတင်မောင်ဇော် ဖုန်း ၀၉-၅၀၀၀၁၇၀ သို့ ဆက်သွယ်ထုတ်ယူနိုင်သည်။

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီလအတွင်း ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်ကျရောက်ခံစားခဲ့ရသည့် ပြည်သူများအတွက် ငွေကျပ် သိန်းပေါင်း ၈၉၅ သိန်းကို ပေးလှူထားပြီးဖြစ်သည်။

**(ကြေးမုံ)**



# မန္တလေးမဟာမုနိဝါဆိုခြင်းပွဲတော်အတွက် စာရင်းပေးသွင်းနိုင်ရန်ဖိတ်ခေါ်

**မန္တလေး မေ ၂၇**

(၈၈)ကြိမ်မြောက်အဖြစ်ကျင်းပမည့် မန္တလေးမဟာမုနိဝါဆိုခြင်းပွဲတော်သို့ မြန်မာနိုင်ငံ တစ်နံတစ်လျားမှ လာရောက်ခတ်ကစားကြမည့် ခြင်းအသင်းများနှင့် ခြင်းဝါသနာရှင်များအား မေ ၅ ရက် နောက်ဆုံးထားကာစာရင်းပေးသွင်းကြရန် ပွဲတော်ကျင်းပရေးကော်မတီက ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝါဆိုခြင်းပွဲတော်သို့ မြန်မာနိုင်ငံမှ ခြင်းအသင်း၊ ခြင်းဝါသနာရှင်များသာမက ထိုင်း၊ ဂျပန်၊ ကနေဒါ၊ အမေရိကန်အစရှိသော နိုင်ငံတကာမှ ခြင်းခတ်ဝါသနာရှင်များက လာရောက်ခတ်ကစားကြမည်ဖြစ်ပြီး နိုင်ငံတကာ ခရီးသွားများ၊ နိုင်ငံတကာမီဒီယာများကလည်း လာရောက်လေ့လာမှတ်တမ်းတင်ကြသည့် ထူးခြားသည့်ပွဲတစ်ခုဖြစ်သည်။

မဟာမုနိ ဝါဆိုခြင်းပွဲတော်သည် မြန်မာနိုင်ငံတွင် အသင်းပေါင်းများစွာပါဝင်သည့် အကြီးဆုံးခြင်းအလှခတ်ပွဲတော်တစ်ခုဖြစ်ပြီး ယခုနှစ်တွင် (၈၈) နှစ်တိုင်ပြီဖြစ်သည့်အတွက် သက်တမ်းရှည်ခြင်းပွဲကြီးတစ်ခုလည်း ဖြစ်ပေသည်။ နှစ်စဉ်ဝါဆိုခြင်းပွဲတော်အား ကဆုန်လမှ စတင်ခတ်ကစားကြခြင်းဖြစ်ပြီး ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ထိ ခတ်ကစားကြခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ်က ကျင်းပခဲ့သည့် (၈၄)ကြိမ်မြောက်တွင် ခြင်းအသင်းပေါင်း ၁၅၀၀၊ ၂၀၁၃ ခုနှစ် (၈၅)ကြိမ်မြောက်တွင် ခြင်းအသင်းပေါင်း ၁၆၅၀၊ ၂၀၁၄ ခုနှစ် (၈၆)ကြိမ်မြောက်တွင် ခြင်းအသင်းပေါင်း ၁၇၁၀ တို့က ပါဝင်ခတ်ကစားခဲ့ကြပြီး ၂၀၁၅ ခုနှစ် (၈၇)ကြိမ်မြောက်ဝါဆိုခြင်းပွဲတော်တွင် ခြင်းအသင်းပေါင်း ၁၈၀၀ က ပါဝင်ခတ်ကစားခဲ့ကြကာ ခြင်းပွဲတော်ကို နှစ်လကြာ ကျင်းပခဲ့သည်။

နှစ်စဉ် မန္တလေးမဟာမုနိဘုရားကြီး ဝါဆိုခြင်းပွဲတော်တွင် ပါဝင်ခတ်ကစားသည့် အသင်းအရေအတွက် များပြားလာသည်နှင့်အမျှ ယမန်နှစ် (၈၇) ကြိမ်မြောက်ပွဲတော်တွင် လာရောက်ခတ်ကစားရန် စာရင်းပေးသွင်းထားသည့် ခြင်းအသင်းပေါင်း ၃၀၀၀ ကျော်ရှိသည့်အနက်မှ အသင်း ၁၈၀၀ ကို ခွင့်ပြုခြင်းဖြစ်ကြောင်း သိရသည်။

**(၀၀၂)**

# ရာသီဥတုဖောက်ပြန်မှု အခြေအနေများကြောင့် အန္တရာယ်မဖြစ်ပေါ်စေရေး ချင်းတွင်းမြစ်တွင်းသွားရေယာဉ်များလိုက်နာရန် သတိပေးချက်များထုတ်ပြန်ထား

**မုံရွာ မေ ၂၇**

ချင်းတွင်းမြစ်အတွင်း အစုန်အဆန် သွားလာလျက်ရှိသည့် ရေယာဉ်များ အနေဖြင့် ရာသီဥတုဖောက်ပြန်မှု ဖြစ်စဉ်များကြောင့် ရုတ်တရက် မိုးသက်လေပြင်းတိုက်ခတ်မှုများနှင့် ကြုံတွေ့ရပါက ရေယာဉ်များ အန္တရာယ်မဖြစ်စေရေးအတွက် မုံရွာမြို့နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

"မုံရွာမြို့ကနေ အထက်ချင်းတွင်းဒေသတွေကိုထွက်ခွာမယ့် လူစီးအမြန်ရေယာဉ်တွေ၊ ကုန်တင်အမြန်ရေယာဉ်တွေ ထွက်ခွာဖို့အတွက် မုံရွာမြို့နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီရုံးကို လာပြီးသတင်းပို့တဲ့အချိန်မှာ ရာသီဥတုနဲ့ ပတ်သက်ပြီး သတိပြုသွားလာကြဖို့၊ ရေဒီယိုက ရာသီဥတုသတင်းတွေကို အဆက်မပြတ်နားထောင်ကြဖို့၊ လေပြင်းတိုက်ခတ်မှုနဲ့ ရုတ်တရက်ကြုံတွေ့ရင်လည်း ခရီးသည်တွေ အန္တရာယ်ကင်းရှင်းရေးအတွက် နီးစပ်ရာကမ်းစပ်တွေမှာ ဆိုက်ကပ်ကြဖို့ သတိပေးမှာကြားပါတယ်။ နောက်ပြီး ခရီးစဉ်မထွက်ခွာမီ စစ်ဆေးတဲ့ စစ်ဆေးရေးအဖွဲ့တွေကို ထပ်ဆင့်သတိပေးဖို့လည်း မှာကြားထားပါတယ်" ဟု မုံရွာမြို့နယ် ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



မုံရွာမြို့မှ အထက်ချင်းတွင်းဒေသများသို့ ချင်းတွင်းမြစ်အတွင်းမှ လူစီးအမြန်ရေယာဉ်အသင်း ရှစ်အသင်းမှ အစင်းရေ ၁၃၄ စင်းဖြင့်လည်းကောင်း၊ ကုန်တင် ရေယာဉ် ၁၉ သင်းမှ အစင်းရေ ၄၅၂ စင်းဖြင့် ကုန်စည်များနှင့် ခရီးသည်များအား နေ့စဉ်ပို့ဆောင်ပေးလျက်ရှိရာ ယခုအခါတွင် ရာသီဥတု ဖောက်ပြန်မှုကြောင့် လေပြင်းများ မကြာခဏ တိုက်ခတ်လျက်ရှိသည့်အတွက် လမ်းခရီးတွင် မလိုလားအပ်သည့် မတော်တဆမှုများ မဖြစ်စေရေးအတွက် သတိပေးချက်များ ထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# ပူပြင်းသည့်နွေရာသီတွင် အဖြစ်များသောရောဂါရှစ်မျိုး သတိပြုရန်လို

**ကော့သောင်း မေ ၂၇**

ယနေ့ကမ္ဘာတစ်ဝန်း၌ အပူချိန်မြင့်တက်နေမှုနှင့်စပ်လျဉ်း၍ ပူပြင်းသည့်ရာသီဥတုဒဏ်ကြောင့် ဖြစ်ပွားလာနိုင်သည့် ရောဂါ ရှစ်မျိုးအား အထူးသတိပြုဆင်ခြင်နေထိုင်ရန် လိုအပ်ကြောင်း ထိုင်းနိုင်ငံကျန်းမာရေးဌာနမှ ထုတ်ပြန်ထားရာ ထိုင်းနိုင်ငံသည် မြန်မာနှင့် အိမ်နီးချင်းနိုင်ငံဖြစ်၍ ရာသီဥတုအနေအထား တူညီသဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများလည်း အထူးသတိပြုနေထိုင်ရန် လိုအပ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံကျန်းမာရေးဌာနမှ ပြည်သူများသို့သတိပေးချက်အရ ကူးစက်ရောဂါများမဖြစ်အောင် ပူနွေးသောအစာများကိုသာစားရန်၊ အစာမစားခင်နှင့် ရေအိမ်မှထွက်လာစဉ် လက်များကို စင်ကြယ်စွာဆေးကြောရန်၊ အလွန်ပူပြင်းသည့် ရာသီဥတုသည် ရောဂါပိုးများကူးစက်ရန် အကောင်းဆုံးအနေအထားတွင်ရှိပြီး အထူးသဖြင့် ဗက်တီးရီးယားပိုးမွှားများ ခန္ဓာကိုယ်ထဲသို့ မရောက်ရှိနိုင်ရန် သောက်ရေနှင့် အစားအစာများကို အထူးသတိပြုကြရန်၊ သန့်ရှင်းသောရေများကိုသာ သောက်သုံးရန်၊ ပူပြင်းသောနွေရာသီတွင် အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အစာအဆိပ်သင့်ရောဂါ၊ ကာလဝမ်းရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အဖျားရောဂါအမျိုးမျိုး စသည့်ရောဂါများသည် အစားအသောက်သန့်ရှင်းစင်ကြယ်မှုမရှိခြင်း၊ သောက်ရေမသန့်ရှင်းခြင်း စသည်တို့ကြောင့် ဖြစ်စေနိုင်သည်။

ခွေးနှင့်ကြောင်များတွင် ကူးစက်တတ်သောရောဂါများဖြစ်သော ရေကျောက်ရောဂါနှင့် အရေပြားယားယံခြင်းများသည် လေနှင့်အတူပါလာတတ်ပြီး မျက်စိ၊ နား၊ နှာခေါင်းများအတွင်းသို့ ဖုန်များဝင်ပါက ရေဖြင့် သေချာစွာဆေးကြောရန်၊ ပင်ပန်းလွန်းခြင်း၊ ရေဓာတ်နည်းခြင်း၊ အပူလွန်ကဲခြင်းကြောင့်ဖြစ်သော သတိလစ်ခြင်းများမဖြစ်ပွားအောင် နေပူထဲတွင် ကြာရှည်နေ၍ အလုပ်မလုပ်ရန်၊ အလုပ်များကို အင်တိုက်အားတိုက်မလုပ်ဘဲ စနစ်တကျအနားယူရန် သတိပေးပြောကြားထားကြောင်းသိရသဖြင့် ရာသီဥတုတူညီသည့် အိမ်နီးချင်း မြန်မာနိုင်ငံပြည်သူများအနေဖြင့်လည်း သတိပြုနေထိုင်ရန်လိုအပ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

**○ ကျောဖုံးမှ**

အဓိကကစားသမား နှစ်ဦးမပါဝင်သောကြောင့် ဧရာဝတီအသင်းမှာ ဂျိုဟိုးဒါရူးလ်အသင်းကို ပွဲအစတွင် တိုက်စစ်ဖွင့်မကစားဘဲ အမှားစောင့်ကစားခဲ့သည်။ ဂျိုဟိုးဒါရူးလ်အသင်းမှာ အမာခံကစားသမားအချို့ကို အနားပေးထားသော်လည်း ဧရာဝတီအသင်းကိုဖိအားပေးကစားနိုင်ခဲ့သည်။ ၁၅ မိနစ်နောက်ပိုင်းမှ ဧရာဝတီအသင်းတိုက်စစ်ဆင် ကစားလာနိုင်ပြီး ၂၆မိနစ်တွင် သီဟဇော်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဧရာဝတီအသင်းမှာ ဂိုးရခဲ့သော်လည်း ဦးဆောင်ဂိုးကို မထိန်းနိုင်ခဲ့ဘဲ မိနစ် ၃၀တွင် ချေပဂိုးပြန်ပေးခဲ့ရသည်။ ယင်းဂိုးကို ကွင်းလယ်လူ အမ်မီဂူလ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂျိုဟိုးဒါရူးလ်အသင်းမှာ ဒုတိယပိုင်းတွင် ပွဲကို ထိန်းချုပ်ကစားသွားခဲ့ပြီး ဧရာဝတီအသင်းမှာ ပထမပိုင်းလောက် ပြိုင်ဘက် ဂျိုဟိုးဒါရူးလ် ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခြင်းမရှိတော့ပေ။ ပွဲပြီးခါနီးတွင် ဂျိုဟိုးဒါရူးလ်အသင်း အနိုင်ဂိုးရခဲ့ပြီး ၈၆မိနစ်တွင် ဆာဖီက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဟောင်ကောင်၌ကျင်းပသည့် အုပ်စု (G) ပွဲစဉ်တွင် တောင်တရုတ်အသင်းက ရန်ကုန်အသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းမှာ ယခုရှုံးပွဲကြောင့် နောက်တစ်ဆင့်တက်ရန် ရုန်းကန်ရတော့မည်ဖြစ်ပြီး နောက်ဆုံးပွဲ၌ မဖြစ်မနေအနိုင်ရရန်လိုသလို တောင်တရုတ်၏ ရလဒ်ကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။

ရန်ကုန်အသင်းမှာ အဝေးကွင်းဖြစ်သော်လည်း ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ၂၃ မိနစ်တွင် ရန်ကုန်အသင်း ဂိုးစတင်ရရှိခဲ့ပြီး ထောင့်ကန်ဘောကို ယာမာရှိတာက ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းပွဲကို ထိန်းကစားနိုင်ခဲ့သော်လည်း ၃၉မိနစ်တွင် ပယ်နယ်တီပေးခဲ့ရပြီး ရိုင်ယန်က တောင်တရုတ်အတွက် ချေပဂိုး ပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ အပြန်အလှန်ရရှိခဲ့သော်လည်း အသုံးချနိုင်ခြင်းမရှိခဲ့ပေ။ ၆၈မိနစ်တွင် ရန်ကုန်တိုက်စစ်မှူး ကျော်ကိုကိုမှာ အငြင်းပွားဖွယ် ဒုတိယမြောက် အဝါ ထိကာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ တောင်တရုတ်အတွက် အနိုင်ဂိုးကို ၈၄ မိနစ်တွင် မာဟာမာက သွင်းယူခဲ့သည်။ ယင်းအုပ်စုတွင် မိုဟန်ဘောဂန် (အိန္ဒိယ)က ၁၁ မှတ်ဖြင့် အုပ်စုပထမရသွားပြီး လက်ကျန်တစ်နေရာအတွက် တောင်တရုတ်က ခြောက်မှတ်၊ ရန်ကုန်နှင့် မာဇီယာအသင်းတို့က ငါးမှတ်စီရရှိထားသည်။ ရန်ကုန်အသင်းမှာ မာဇီယာအသင်းနှင့် နောက်ဆုံးပွဲကစားရမည်ဖြစ်သည်။

❐

# ဦးပိန်တံတားရှိတိုင်များနှင့် ဇရပ်များအား သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**မန္တလေး မေ ၂၇**
မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ နှစ်ပေါင်း ၁၆၀ ကျော် သက်တမ်းရှိသည့် ဦးပိန်တံတားကြီး၏ တိုင်များနှင့် ဇရပ်များအား မေ ၂၄ ရက်က ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဦးပိန်တံတား အချို့တိုင်များ၏ အခေါင်းပေါက်အတွင်းစွန့်ပစ်ထားသည့် အမှိုက်များအား ဖယ်ရှားရှင်းလင်းခြင်း၊ တံတားတိုင်များတွင် ရေးခြစ်ထားသည့် ရုပ်ပုံများနှင့် စာတန်းများကို ဓာတုဆေးများဖြင့် ဖယ်ရှားသန့်စင်ခြင်းနှင့် တံတားပေါ်ရှိ ဇရပ်များအား သန့်ရှင်းစင်ကြယ်အောင် ဆေးကြောခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း အဆိုပါဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

"တံတားပေါ် လာရောက်လေ့လာကြသူတချို့က အမှိုက်တွေကို တိုင်အခေါင်းပေါက်ထဲ စွန့်ပစ်ရုံသာမက သောက်လက်စဆေးလိပ်တိုတွေကို မီးမငြိမ်းဘဲ ပစ်ထည့်သွားတဲ့အတွက် အချို့တိုင်တွေ မီးစွဲထားတဲ့အနေအထားတွေရှိနေပါတယ်။ သင်္ကြန်တွင်းကာလမှာလည်း တိုင်ခေါင်းထဲကို စီးကရက်မီးပစ်ထည့်သွားတဲ့အတွက် အခန်းအမှတ် ၃၃ နဲ့ ၃၇ မှာရှိတဲ့တိုင်တွေမှာ မီးလန့်မှုတွေဖြစ်ခဲ့ပါသေးတယ်။ ဒီသင်္ကြန်တွင်းကာလမှာ ကျွန်တော်တို့ဌာနက ဝန်ထမ်း ရှစ်ဦးနဲ့အတူ အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီစဉ်တာဝန်ချထားပေးတဲ့ ဌာနအသီးသီးက ဝန်ထမ်းတွေနဲ့ ဒေသခံရပ်မိရပ်ဖတွေ ပူးပေါင်းပြီး တံတားကြီးကို အချိန်ပြည့်စောင့်ကြည့်နေခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါဦးပိန်တံတားကြီးအား အလှူရှင် Myanmar Teakwood ကုမ္ပဏီက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပညာရှင်များနှင့်ပူးပေါင်း၍ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို မတ် ၂၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ လတ်တလောတွင် သင်္ကြန်တွင်းကာလ တံတားကြံ့ခိုင်ရေးအတွက်ကိုသာ ဦးစားပေးလုပ်ဆောင်ခဲ့ပြီး မေ ၂၇ ရက်မှစ၍ တံတားကြီး အစိတ်အပိုင်းအားလုံးကို ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# သဘာဝဘေးအန္တရာယ်များ စောင့်ကြည့်လေ့လာသုတေသနပြုနိုင်မည့် သုတေသနစင်တာ နိုင်ငံတော်မှ တည်ထောင်ပေးရန်လိုအပ်

**မန္တလေး မေ ၂၇**
သဘာဝဘေးအန္တရာယ်များကို စောင့်ကြည့်လေ့လာသုတေသနပြုနိုင်မည့် သုတေသနစင်တာတစ်ခု နိုင်ငံတော်မှ ထောက်ပံ့၍ တည်ထောင်ပေးရန် လိုအပ်ကြောင်း သိရသည်။

လက်ရှိနိုင်ငံအတွင်းဖြစ်ပေါ်နေသည့် သဘာဝဘေးအန္တရာယ်များကို ပညာရှင်များက ၎င်းတို့၏ အဖွဲ့အစည်းများအလိုက် စေတနာ့ဝန်ထမ်းများအဖြစ် လိုက်လံသုတေသနပြုနေကြပြီး အဆိုပါ ပညာရှင်များအတွက် တစ်နိုင်ငံလုံးကိုယ်စားပြု သဘာဝဘေးအန္တရာယ်သုတေသနစင်တာတစ်ခု နိုင်ငံတော်မှ တည်ဆောက်ပေးပါက သဘာဝဘေးအန္တရာယ်များကို ပိုမိုထိရောက်စွာ သုတေသနပြုနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငလျင်ကော်မတီမှ အတွင်းရေးမှူး ဒေါက်တာမျိုးသန့်က ပြောသည်။

"မြန်မာနိုင်ငံ ငလျင်ကော်မတီဆိုတာက NGO အဖွဲ့အစည်းတစ်ခုပါ။ ဒီကော်မတီမှာပါတဲ့ ဆရာတွေက သူတို့ရဲ့ကိုယ်ပိုင်အချိန်တွေထဲက သဘာဝဘေးအန္တရာယ်တွေကို သုတေသနပြုနေကြတာပေ့ါ။ အဲဒါကြောင့် ထိရောက်မှုနည်းတယ်။ ဒါကြောင့် အစိုးရကထောက်ပံ့ပေးတဲ့ သုတေသနစင်တာတစ်ခုကတော့လိုတယ်။ ဒါဆိုရင် ကျွန်တော်တို့က ငလျင်တင်မဟုတ်ဘဲ သဘာဝဘေးအန္တရာယ်တွေကို ပညာရှင်တွေပေါင်းပြီး လုပ်နိုင်သွားမယ်ဆိုရင် သဘာဝဘေးအန္တရာယ်ကျရောက်မှုတွေကို ပိုပြီးလျှော့ချနိုင်မှာပါ"ဟု ၎င်းကဆိုသည်။

လက်ရှိတွင် နှစ်ပေါင်း ၁၇၀ ကျော် ငြိမ်သက်နေသည့် စစ်ကိုင်းပြတ်ရွေ့၊ အင်းဝငလျင်အပိုင်းမှာ ပြန်လည်လှုပ်ခတ်ရန် နီးကပ်လာသည့် အခြေအနေကြောင့် အစိုးရနှင့် ပြည်သူလူထုပူးပေါင်း၍ ငလျင်အန္တရာယ်ကြိုတင်ကာကွယ်သည့် လုပ်ငန်းစဉ်များ လုပ်ဆောင်ထားသင့်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"၁၈၃၉ ခုနှစ် စစ်ကိုင်းပြတ်ရွေ့ရဲ့ အင်းဝငလျင်အပိုင်းက မလှုပ်ဘဲငြိမ်နေတာ နှစ်ပေါင်း ၁၇၀ ကျော် ၂၀၀ နီးပါးရောက်နေပြီ။ ပြန်လှုပ်မယ်ဆို လှုပ်နိုင်ခြေများနေပြီး အရင်လှုပ်ခဲ့တဲ့ ပြင်းအား ၇ ဒသမ ၃ အထက်ပဲလှုပ်မှာပါ။ ဒါကြောင့် မြို့တော်စည်ပင်သာယာ၊ အုပ်ချုပ်ရေးအဖွဲ့တွေ၊ အင်ဂျင်နီယာအသင်းတွေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး အဆောက်အအုံတွေရဲ့ ခံနိုင်ရည်ကို ပြန်လည်ဆန်းစစ်ပြီး မွမ်းမံဖို့လိုအပ်နေပါပြီ။ အထူးသဖြင့် ကျောင်း၊ ဆေးရုံ၊ ဈေးတွေရဲ့ အဆောက်အအုံခံနိုင်ရည်တွေကို ပြန်လည်မွမ်းမံပြီး ဆုံးရှုံးမှုကို လျှော့ချနိုင်မှာပါ"ဟု ၎င်းက သုံးသပ်ပြောကြားသည်။

ထိုသို့လှုပ်ခတ်ပါက ဧရာဝတီမြစ်ကြောင်းပြောင်းလဲမှုများရှိနိုင်ပြီး မြစ်ကမ်းပါးများ ပြိုကျခြင်း၊ မြစ်ကြောင်းပြောင်းပြန်စီးဆင်းခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် နယ်ပယ်ပေါင်းစုံမှ ပညာရှင်များပါဝင်သည့် သုတေသနစင်တာတစ်ခု ပေါ်ပေါက်လာရန်မျှော်လင့်နေကြောင်း သိရသည်။

**(အောင်ရဲသွင်)**

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းလျာထားမှုအား ဆွေးနွေး



**ကျွန်းစု မေ ၂၇**
ကျွန်းစုမြို့နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လျာထားလျက်ရှိသော စီမံကိန်းနှင့် လုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ယမန်နေ့ နံနက်ပိုင်းက ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ထွန်းခိုင်က ကျွန်းစုမြို့နယ်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေ ကျပ်သန်းပေါင်း ၅၅၆ ဒသမ ၀၄၀ သန်းလျာထားပြီး စစ်ဘုကျေးရွာ၊ မဲတောကျေးရွာ၊ ရေကန်တောင်ကျေးရွာ၊ စန္ဒားငယ်ကျေးရွာတို့တွင် ရေဆင်းတံတား၊ ချောင်းကူးတံတား၊ သောက်သုံးရေသွယ်တန်းမှုနှင့် ပညာရေးဝန်ထမ်းအိမ်ရာများ ဆောင်ရွက်ရန်လျာထားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကော်မတီ(၃)ရပ်၊ ကျေးရွာအထောက်အကူပြုအဖွဲ့များအား ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က အဆိုပါစီမံကိန်းနှင့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရန်နိုင်(ကျွန်းစုပြန်/ဆက်)**

# မြန်နန္ဒာကန်တော်ကြီး မိုးရေလှောင်ကန် ရေများခန်းခြောက်စပြုလာ၍ သောက်သုံးရေအတွက် ဒေသခံများစိုးရိမ်

**ငါ့သရောက် မေ ၂၇**
မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ အမှတ်(၂) ဈေးကုန်းရပ်ကွက်အတွင်းရှိ မြနန္ဒာကန်တော်ကြီး မြေသားမိုးရေလှောင်ကန်ကြီးသည် နှစ်စဉ် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်မှ ဒေသခံပြည်သူများကို သောက်သုံးရေအတွက် လုံလောက်စွာ အကျိုးပြုပေးနေကြောင်း သိရသည်။

သို့သော် ငါ့သရောက်မြို့ အမှတ်(၂) ဈေးကုန်းရပ်ကွက်ရှိ အဆိုပါကန်ကြီးမှာ ယခုအချိန်တွင် ရာသီဥတုပူပြင်းသည့်ဒဏ်ကြောင့် ရေများလျော့နည်းလာပြီး တဖြည်းဖြည်း ခန်းခြောက်စပြုနေပြီ ဖြစ်ကြောင်း ငါ့သရောက်မြို့ပေါ် ရပ်ကွက်များမှ ဒေသခံပြည်သူများက ပြောသည်။

"ကျွန်တော်တို့ အမှတ်(၂) ဈေးကုန်းရပ်ကွက်မှာရှိတဲ့ မြနန္ဒာကန်တော်ကြီး မြေသားမိုးရေလှောင်ကန်ကြီးဟာ နှစ်စဉ် ငါ့သရောက်မြို့မှာရှိတဲ့ ရပ်ကွက်လေးခုစလုံးက ဒေသခံပြည်သူတွေကို သောက်သုံးရေ လုံလောက်စွာ အကျိုးပြုပေးနေတဲ့ကန်ကြီး တစ်ကန်ပဲဖြစ်ပါတယ်။ နောက်ပြီး ဒီမြနန္ဒာကန်တော်ကြီး မြေသားမိုးရေလှောင်ကန်ကြီးက နှစ်တိုင်း မိုးဦးကျတဲ့အချိန်ထိ ရေခန်းတယ်ဆိုတာ ရှားပါတယ်။ ဒါပေမယ့် ဒီနှစ်တော့ အယ်နီညိုရဲ့ ရာသီဥတုပူပြင်းမှုကြောင့် ကန်ကြီးထဲကရေတွေ တဖြည်းဖြည်းနဲ့ လျော့နည်းခန်းခြောက်စပြုလာတာကို တွေ့ရပါတယ်။

"ဒီကန်ကြီးထဲက ရေတွေ လုံးဝ ခန်းခြောက်သွားပြီဆိုရင် ကျွန်တော်တို့ ငါ့သရောက်မြို့ပေါ်က ပြည်သူတွေအနေနဲ့ အဝီစိစက်ရေတွင်းကိုပဲ အဓိက မှီခိုအားထားရတော့မှာပါ။ နောက်ပြီး ဒီနှစ်ရာသီက အလွန်ပူပြင်းတော့ ကျွန်တော်တို့ဒေသက စိမ့်စမ်းရေတွင်းတွေကလည်း အခုဆို ရေတွင်းတိုင်း ရေထွက်အားတွေနည်းကုန်ပါပြီ။ သောက်သုံးရေခပ်ဖို့အတွက် ရေစိမ့်ထွက်တာကို ထိုင်စောင့်ပြီး ရေခပ်ယူနေရပါတယ်။

ဒါ့ကြောင့် ငါ့သရောက်မြို့နယ်က ပြည်သူတွေအတွက် သောက်သုံးရေကို အဝီစိစက်ရေတွင်းကိုပဲ မှီခိုအားထားရတော့မယ် ထင်ပါတယ်။ သောက်သုံးရေဟာ လူတွေအတွက်သာမက တိရစ္ဆာန်တွေအတွက်ပါ မရှိမဖြစ် လိုအပ်တဲ့အရာဖြစ်လို့ သောက်သုံးရေ ပေါပေါများများ သုံးနိုင်အောင် မိုးလည်း မြန်မြန်ရွာစေချင်ပါပြီ"ဟု အမှတ်(၂)ဈေးကုန်းရပ်ကွက်မှ ပြည်သူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**





## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၈ - ၄ -၂၀၁၆ (ကြာသပတေးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ အနုပညာသတင်းအစီအစဉ်
၉း၃၅ လှပစုံလင်အာဆီယံတစ်ခွင်
၉း၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၀း၃၅ အလုပ်အကိုင် အခွင့်အလမ်းအစီအစဉ်
၁၁း၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁း၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ" (အပိုင်း-၈)
၂း၀၀ မှတ်မှတ်သားသားပုံပြင်များ "ခက်တင်မောင်းနင်း" (ဘလိတ်၊ စောမြတ်နိုး၊ စောယုနန္ဒာ) (ဒါရိုက်တာ-သီတာလင်း)
၂း၄၀ "နွေးထွေးသော မေတ္တာအိမ်ကလေး"
၄း၃၅ Football Magazine (ရှမ်းယူနိုက်တက်အသင်း)
၅း၁၅ Weekly Sport Info
၅း၃၅ ပြည်သူတို့ရဲ့စကားသံများ
၆း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၉)
၈း၀၀ ပြည်တွင်းသတင်း၊ -နိုင်ငံတကာသတင်း၊ -မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၉) -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ်
၆း၃၀ ပြည်သူ့နီတိ "အတုမြင် အတတ်သင်"
၆း၅၀ တေးဂီတအစီအစဉ်
၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်သော ပုစ္ဆာ" (အပိုင်း-၃၃)
၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၃၃)
၈း၃၀ ကာတွန်းအစီအစဉ် "Flushed Away"(အပိုင်း-၃)
၉း၀၀ တေးဂီတအစီအစဉ်
၉း၁၀ English Permier League (Review-II) (အပိုင်း-၂)
၉း၃၀ နိုင်ငံတကာ ရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၄၀ ဇာတ်မင်းသားကြီး ဂရိတ် ဦးဖိုးစိန်
၁၀း၁၀ ကျွဲအက ကရအောင်အစီအစဉ်
၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "လနဲ့နေ"
၁၂း၀၀ အစီအစဉ်ပြီး၏

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၄၀ "ဒါနပါရမီ"တရားတော် [ဆရာတော်အရှင်ရာဇိန္ဒ (ရဝေနွယ်အင်းမ)]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၄၅)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (မြတ်ရေတာရှည် လူမှုကူညီရေးအသင်း တတိယအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ဒုတိယအကြိမ်နှစ်ပတ်လည် အထူးအစည်းအဝေးပွဲ အခမ်းအနား)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၉၃)
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၀း၅၅ အနုပညာမိုးကောင်းကင်
၁၁း၂၀ Food & D'ecor
၁၁း၄၀ MRTV-4 Stage
၁၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂုဏ်ဝင်ကုန်သည်" (အပိုင်း-၆၅)
၁၂း၄၅ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (ထားဝယ်မြို့ရှိ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၁၁)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၄၅)
၄း၀၀ Cartoon Series (Go Go Giggles)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၄၆)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်"(အပိုင်း-၁၂)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၉၄)
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂုဏ်ဝင်ကုန်သည်"(အပိုင်း-၆၆)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၀၅ MRTV-4 Stage
၁၁း၃၅ World of Knowledge (Inside War Mengele Twins)

### mitv

07:26 History Of Wishfulfilling Mai-Lamu Pagoda
07:45 Rakhine Traditional Wedding Ceremony
08:26 Aesthetic Chinlone
08:52 Interview with Rakhine State Chief Minister
09:26 Products Of Myanmar - Shin Ma Taung Thanakhar
09:42 The Hills Of Phowintaung And Shwebataung
10:26 Historic Temples Of Massiveness And Unique Structure
10:42 Ngapali, Unique Spot To Relax
07:26 A visit to Htam Hsan Cave A Miraculous Place
07:52 Interview with Rakhine State Chief Minister
08:26 Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung
08:39 Bollywood Actress "Laila Khan" (Born & Raised in Myanmar) (Part-II)

## Captain America: Civil War ကို လန်ဒန်မှာစမ်းသပ်ပြသ



မာဘယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်တဲ့ "Captain America: Civil War" ရုပ်ရှင်အတွက် စမ်းသပ်ပြသတဲ့အခမ်းအနားကို ပြီးခဲ့တဲ့ ဧပြီ ၂၆ ရက်က လန်ဒန်မှာရှိတဲ့ ဝက်စ်ဖီးလ်ကွင်းမှာ ပြုလုပ်ခဲ့ရာ ယင်းရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ထားတဲ့ အနုပညာရှင်အချို့ တက်ရောက်ခဲ့ကြောင်း ယူပီအိုင် ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းရုပ်ရှင်ကို လော့စ်အန်ဂျလိစ်နဲ့ ကမ္ဘာတစ်ဝန်းမှာ ပြီးခဲ့တဲ့ ဧပြီ ၁၂ ရက်ကတည်းက ရုံတင်ပြသခဲ့ပေမယ့် မြောက်အမေရိကန်မှာတော့ လာမယ့် မေ ၆ ရက်မှာ စတင်ရုံတင်သွားမှာဖြစ်ကြောင်း သိရပါတယ်။

ယခုပြသခဲ့တဲ့ရုပ်ရှင် "Captain America: Civil War" မှာ ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ "Captain America" ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ထားကြတဲ့ ရောဘတ်ဒေါင်နေဂျူနီယာ၊ ခရစ်အီဗန်စ်၊ ဆမ်မြူရယ်အယ်လ်ဂျက်ဆန်၊ အန်သိုနီမက်ကိုင်း၊ အယ်လိဇဘတ်အိုလ်ဆန်၊ စကားလက်ဂျိုဟန်စန်စတဲ့ ဟောလိဝုဒ်အကျော်အမော်တွေ ပါဝင်ထားကြပြီး ယခုရုပ်ရှင်မှာ လူစွမ်းကောင်းတွေဟာ စတိဗ်ရော်ဂျာစ် (ကပ္ပတိန်အမေရိက)အဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ ခရစ်အီဗန်စ်ရဲ့ ခေါင်းဆောင်မှုနောက်ကို လိုက်ပါကြမယ့် အုပ်စုနဲ့ တိုနီစတာ့ခ်(သံလူသား)အဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသား ရောဘတ်ဒေါင်နေဂျူနီယာရဲ့ ခေါင်းဆောင်မှုနောက်လိုက်မယ့် အုပ်စုရယ်လို့ အုပ်စုနှစ်စုကွဲသွားတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။

## အာဖရိကသို့ သွားရောက်ခဲ့တဲ့ မွန်ဂိုယောင်း

အေးပြည့် ရေးသားသည်

ကလေးသရုပ်ဆောင်မှသည် အောင်မြင်တဲ့ မင်းသမီးတစ်ဦးဖြစ်လာခဲ့တဲ့ တောင်ကိုရီးယားမင်းသမီး မွန်ဂိုယောင်းဟာ ယခုလအတွင်းမှာ အာဖရိကတိုက် အရှေ့တောင်ဘက်ခြမ်းမှာရှိတဲ့ မော်လဝီနိုင်ငံသို့ ပရဟိတခရီးတစ်ခုသွားရောက်ခဲ့ကြောင်း သိရပါတယ်။

မွန်ဂိုယောင်းက ကိုးရက်ခန့်ကြာမြင့်ခဲ့တဲ့ ယင်းခရီးစဉ်အပြီး တောင်ကိုရီးယားသို့ ပြန်ရောက်ချိန်မှာ ယင်းခရီးစဉ်အတွင်း လှုပ်ရှားခဲ့တဲ့ သူ့ရဲ့ဓာတ်ပုံကို လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ကြောင်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။



ထုတ်ဖော်ပြသခဲ့တဲ့ ဓာတ်ပုံနဲ့အတူ မွန်ဂိုယောင်းက "ကျွန်မဘေးကင်းစွာနဲ့ ပြန်လည်ရောက်ရှိလာခဲ့ပါပြီ။ အာဖရိကက ဒေသခံတွေရဲ့ ငေးကြည့်နေတဲ့ ကြင်နာတဲ့အကြည့်တွေနဲ့ ဖြူစင်တဲ့စိတ်ဓာတ်တွေကြောင့် ကျွန်မဘဝကို ကျွန်မ ရှက်မိလာတယ်။ သူတို့ရဲ့ဘဝတွေအတွက် အကူအညီမပေးနိုင်တဲ့အတွက်လည်း ကျွန်မနှလုံးသားတွေ နာကျင်ရပါတယ်။ အခုကစပြီး သူတို့ရဲ့ဘဝတွေ ပိုမိုကောင်းမွန်ဖို့၊ ပိုမိုကျန်းမာတဲ့ဘဝတွေပိုင်ဆိုင်ခွင့်ရဖို့ ကျွန်မတတ်နိုင်တဲ့အရာတွေ လုပ်ဆောင်ပေးဖို့ ကြိုးစားသွားမှာပါ"လို့ ရေးသားဖော်ပြခဲ့ပါတယ်။ ဒ့ါအပြင် မင်းသမီးက သူ့ရဲ့ပရိသတ်တွေကိုလည်း သူနဲ့အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။



မွန်ဂိုယောင်းနဲ့အတူ မော်လဝီသို့ SBS ရုပ်သံမီဒီယာလည်း အတူလိုက်ပါခဲ့ကာ မွန်ဂိုယောင်းရဲ့ လှုပ်ရှားမှုတွေကို မှတ်တမ်းတင်ခဲ့ပြီး လာမယ့် မေ ၂၇ နဲ့ ၂၈ ရက်တွေမှာ "Hope TV SBS"ကနေ ပြန်လည်ထုတ်လွှင့်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ယင်းခရီးစဉ်အတွင်းမှာ မွန်ဂိုယောင်းဟာ ဒေသခံမိခင်တွေနဲ့ ကလေးတွေရဲ့ ကျန်းမာရေးအခြေအနေတွေ တိုးတက်ဖို့ ကူညီမှုတွေ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

## ကြေးမုံ ရုပ်ရှင်အညွှန်း

### မိခင်နဲ့သားကြားက စည်းခြားမှုတွေနဲ့ The Other Side of the door သဘာဝလွန် သည်းထိတ်ရင်ဖိုဇာတ်ကား ရုံတင်ပြသ

အခုအချိန်ဟာ နွေရာသီအားလပ်ချိန် ကျောင်းပိတ်ရက်ကာလလည်းဖြစ်တာမို့ လူကြီးလူငယ် ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် တစ်ပတ်အတွင်းရုံတင်ပြသမယ့် ပြည်တွင်း၊ ပြည်ပ ဇာတ်ကားလေးတွေနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

ဒီတစ်ပတ်မှာတော့ မင်္ဂလာရုပ်ရှင်ရုံတွေမှာ အသစ်ရုံတင်ပြသမယ့် The Other Side of the door လို့ အမည်ရတဲ့ သဘာဝလွန် သည်းထိတ်ရင်ဖိုဇာတ်ကားလေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ဒီဇာတ်ကားလေးဟာ မတော်တဆမှုတစ်ခုကြောင့် သေဆုံးခဲ့ရတဲ့ သားဖြစ်သူနဲ့ ပြန်လည်ဆုံတွေ့နိုင်ဖို့ ကြိုးပမ်းနေတဲ့ မိခင်တစ်ဦး။ သူဟာ သားဖြစ်သူရဲ့ ဝိညာဉ်နဲ့ မထင်မှတ်ဘဲ တွေ့ဆုံခဲ့ရ၊ စကားပြောခဲ့ရပေမယ့် အားမရတာကြောင့် စည်းတစ်ခုကို ချိုးဖောက်လိုက်မိတဲ့အခါ ဝိညာဉ်ကမ္ဘာနဲ့ သက်ရှိကမ္ဘာတို့ကို လှုပ်ခတ်မှုများ ဖြစ်ပေါ်ခဲ့တဲ့ သဘာဝလွန် ဝိညာဉ်ဇာတ်ကားတစ်ကားဖြစ်ပါတယ်။

ဒီဇာတ်ကားလေးကို နေပြည်တော် ရုပ်ရှင်ရုံ၊ ရွှေဆောင်(၂)နဲ့ မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံတွေမှာ လာမယ့် ဧပြီ ၂၉ ရက်မှာ စတင်ရုံတင်ပြသသွားမှာဖြစ်ပါတယ်။

နောက်ထပ်ပြီးတော့ ဘောလိဝုဒ်က နာမည်ကြီးသရုပ်ဆောင် ရှရွတ်ခမ်း နှစ်ကိုယ်ခွဲ ပါဝင်သရုပ်ဆောင်ထားတဲ့ FAN လို့အမည်ရတဲ့ ဘောလိဝုဒ် ဒရမ်မာ ဇာတ်ကားလေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ဒီဇာတ်ကားဟာ အသက် ၂၀ အရွယ် လူငယ်လေးဟာ သူလေးစားချစ်ခင်ရတဲ့ သရုပ်ဆောင်မင်းသားကို ချစ်ခင်မြတ်နိုးမှုတွေဟာ မကောင်းတဲ့ဘက်ကို ကူးပြောင်းရောက်ရှိသွားတဲ့အခါ. . .။ ဒီဇာတ်ကားလေးကို မင်္ဂလာ(၁) သိမ်ကြီးဈေး၊ ရွှေ့ဆောင်၊ မြို့မ၊ မင်္ဂလာစံပြ ၁၊ ၂၊ ၃၊ မင်္ဂလာဒိုင်းမွန်းနဲ့ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတွေမှာ ပြသမှာဖြစ်ပါတယ်။

မြန်မာဇာတ်ကားကြိုက် ပရိသတ်ကြီးအနေနဲ့က ဒါရိုက်တာ သိန်းဟန်(ဖိုးနစ်) ရိုက်ကူးခြယ်မှုန်းပြီး သရုပ်ဆောင် အကယ်ဒမီနေတိုး၊ ရွှေမှုန်ရတီ၊ ဆုမြတ်နိုးဦးတို့ ခေါင်းဆောင်ပါဝင်ထားတဲ့ အချစ်စစ်ဆိုတဲ့ဇာတ်ကားကို ဆက်လက်ကြည့်ရှုကြရမှာ ဖြစ်ပါကြောင်း ကြေးမုံရုပ်ရှင်အညွှန်းကဏ္ဍကနေ ညွှန်းဆိုတင်ပြလိုက်ရပါတယ်။

(ဖြိုးစန္ဒာမြင့်)



# ဘင်ဇီမာနှင့် စီရိုနယ်လ်ဒိုတို့ ချန်ပီယံလိဂ်ဒုတိယအကျော့တွင် ကြံ့ခိုင်မှုပြည့်ဝလာမည်ဟု ဇီဒန်းဆို



တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့တွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပါဝင်လာနိုင်ခြင်းမရှိသော်လည်း ဒုတိယအကျော့တွင်မူ တိုက်စစ်မှူး စီရိုနယ်လ်ဒိုနှင့် ဘင်ဇီမာတို့ ကြံ့ခိုင်မှုအပြည့်ဖြင့် ပါဝင်လာမည်ဖြစ်ကြောင်း နည်းပြဇီဒန်းက ဆိုသည်။

မန်စီးတီးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့တွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ပြီး စီရိုနယ်လ်ဒိုပါဝင်လာခြင်းမရှိသည့် ရီးယဲလ်မက်ဒရစ်အသင်း၏ တိုက်စစ်ပိုင်းကိုလည်း ဂါရတ်ဘေးလ်က ဦးဆောင်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တိုက်စစ်မှူး စီရိုနယ်လ်ဒိုနှင့် ဘင်ဇီမာတို့မှာ ပုံမှန်လေ့ကျင့်ရေးဆင်းနိုင်ပြီဖြစ်သောကြောင့် ဘာနေဗျူး၌ ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့တွင် အဆိုပါတိုက်စစ်မှူးနှစ်ဦးစလုံးပါဝင်လာမည်ဖြစ်ကြောင်း နည်းပြဇီဒန်းက ပြောကြားခဲ့သည်။

ငွေကြယ်ရေးသားသည်

# ဆန်းချက်ဇ်အား ခေါ်ယူရန် ဘိုင်ယန်မြူးနစ် ဆန္ဒရှိနေ




ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် အာဆင်နယ်ကစားသမား ဆန်းချက်ဇ်အား ခေါ်ယူရန်ဆန္ဒရှိနေကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဆန်းချက်ဇ်အား ခေါ်ယူရန်ဆန္ဒရှိနေခြင်းကြောင့် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ဆန်းချက်ဇ်အား အာဆင်နယ်အသင်းအနေဖြင့် ရောင်းချမည်လားဆိုသည်ကိုလည်း စုံစမ်းမှုများပြုလုပ်လျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ချီလီကြယ်ပွင့် ဆန်းချက်ဇ်သည် လွန်ခဲ့သည့်နှစ်နှစ်က အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၃၃ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ဆန်းချက်ဇ်အား ခေါ်ယူရန် ယခင်ကတည်းက ချဉ်းကပ်မှုများပြုလုပ်ခဲ့သော်လည်း လက်ရှိအာဆင်နယ်အသင်းတွင် အကောင်းဆုံး ခြေစွမ်းပြကစားနေခြင်းကြောင့် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းတိုးကာ အမ်းမရိတ်၌ ဆက်ရှိနေမည်ကို စိုးရိမ်လျက်ရှိသည်။

ဆန်းချက်ဇ်၏ လက်ရှိ တစ်ပတ်လုပ်ခလစာ ပေါင် ၁၃၀၀၀၀ ဖြင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းသည် နှစ်နှစ်ကျန်ရှိနေသေးပြီး နည်းပြအာစင်ဝင်းဂါးကလည်း ဆန်းချက်ဇ်အား စာချုပ်သစ်ချုပ်ဆိုရန် ပြီးခဲ့သည့်တစ်ပတ်က ထုတ်ဖော်ပြောကြားခဲ့သည်။လက်ရှိတွင် ဆန်းချက်ဇ်အနေဖြင့် အာဆင်နယ်အသင်းတွင် တစ်ပတ်လုပ်ခ လစာပေါင် ၁၆၀၀၀၀ ရရှိရေးနှင့် ပတ်သက်၍ ဆွေးနွေးနေဆဲအဆင့်ပင်ရှိနေသေးကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ကွင်းလယ်ပိုင်းအားဖြည့်မှုအဖြစ် မိုချန်ဂလာဘတ်ချ်ကစားသမား ဇာခါကို ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ဖြင့် ခေါ်ယူရန်နီးစပ်နေပြီဖြစ်သည်။

ထို့ပြင် ဖလာမီနီ၊ အာတီတာနှင့် ရိုဆစ်စကီးတို့ စာချုပ်သက်တမ်းကုန်ဆုံးပါက တိုက်စစ်မှူးတစ်ဦး၊ နောက်ခံလူတစ်ဦးနှင့် အရန်ဂိုးသမားတစ်ဦးတို့ကို ခေါ်ယူသွားမည်ဟုလည်း သိရသည်။

# လက်စတာစီးတီး ဖလားရရှိရန် မန်ယူနှင့်ပွဲတွင် ဗာဒီမလိုအပ်ကြောင်း ဆင်ဆန်ပြောကြား



မန်ယူအသင်းနှင့် လက်စတာစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်(၃၆)တွင် တိုက်စစ်မှူး ဗာဒီပွဲပယ်ပြစ်ဒဏ်ကြောင့် မပါဝင်နိုင်သော်လည်း လက်စတာစီးတီးအသင်း ပရီမီယာလိဂ်ဖလား ရရှိနိုင်ကြောင်း တိုက်စစ်မှူးဗာဒီ၏ အသင်းဖော်ဖြစ်သူ နောက်တန်းကစားသမား ဆင်ဆန်က ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဗာဒီသည် ယခုလအစောပိုင်းက ဝက်စ်ဟမ်းအသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရခြင်းကြောင့် ပွဲပယ်ပြစ်ဒဏ်ကျခံနေရသူဖြစ်သည်။ တိုက်စစ်မှူးဗာဒီသည် အဆိုပါပွဲပယ်ပြစ်ဒဏ်ကြောင့် ဆွမ်ဆီးအသင်းနှင့် ပွဲစဉ်တွင် လက်စတာစီးတီးအသင်းနှင့်အတူ ပါဝင်လာနိုင်ခြင်းမရှိသည့်အပြင် ဒဏ်ကြေးအဖြစ် ပေါင် ၁၀၀၀၀ ကိုပါ ဒဏ်ရိုက်ခံခဲ့ရသည်။

တိုက်စစ်မှူး ဗာဒီသည် မန်ယူအသင်းနှင့် လက်စတာစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်တွင်လည်း ထပ်တိုးပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်လာမည်မဟုတ်ပေ။ မန်ယူအသင်းနှင့်ပွဲစဉ်တွင် တိုက်စစ်မှူး ဗာဒီ မပါဝင်နိုင်သော်လည်း လက်စတာစီးတီးအသင်းမှာ ဖလား ရရှိနိုင်ကြောင်း ဆင်ဆန်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆွမ်ဆီးအသင်းအား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင်လည်း တိုက်စစ်မှူး ဗာဒီမပါဝင်နိုင်သော်လည်း နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းသည် လက်စတာစီးတီးအသင်းမှ အခြားသောကစားသမားများ၏ စွမ်းဆောင်နိုင်စွမ်းကို သက်သေပြခဲ့ပြီးဖြစ်ကြောင်းလည်း ဆင်ဆန်က အခိုင်အမာပြောကြားခဲ့သည်။ ■

***စီးရီးအေပွဲစဉ် ၃၆ ကို မေ ၁၀၊ မေ ၁၊ ၂၊ ၃ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ လာဇီယိုနဲ့ အင်တာ ဆုံတွေ့နေသလို ဂျီနိုအာနဲ့ရိုးမားတို့လည်းတွေ့ဆုံနေလို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒ့ါအပြင် ဒီပွဲစဉ်မှာ အေစီမီလန်အနေနဲ့လည်း နိုင်ပွဲရယူနိုင်ဖို့ရှိနေပါတယ်။***

SERIE A

ရှိုင်းမင်းမင်း

# လာဇီယိုကိုအနိုင်ရဖို့ခက်ခဲနိုင်တဲ့ အင်တာမီလန်

## စီးရီးအေရင်ခုန်သံ – ၃၆

**အူဒီးနီးစ် - တိုရီနို** ည ၁၀း၃၀ (၃၀-၄-၁၆)

နည်းပြသစ် လူဂျီဒီကာနီယိုရဲ့ လက်အောက်မှာ အူဒီးနီးစ်ရဲ့ ကစားအား တိုးတက်လာနေပြီး နောက်ဆုံးအိမ်ကွင်းပွဲမှာ ဖီအိုရင်တီးနားကိုတောင် အနိုင်ရခဲ့တယ်။ ဒါပေမယ့် တိုရီနိုအသင်းကလည်း အင်တာမီလန်၊ ရိုးမားတို့နဲ့ ကစားခဲ့တဲ့နောက်ပိုင်းအဝေးကွင်းပွဲတွေမှာ အသင်းကြီးတွေကို အခက်တွေ့စေခဲ့တဲ့ အသင်းဖြစ်တယ်။ တိုရီနိုရဲ့ရုန်းအားကြောင့် အူဒီးနီးစ် ကပ်ပြီးသာနိုင်မယ်။

**ချီယေဗို - ဖီအိုရင်တီးနား** နံနက် ၁း၁၅ (၁-၅-၁၆)

ချီယေဗိုဟာ နောက်ပိုင်းအိမ်ကွင်းပွဲတွေမှာ နိုင်ပွဲဆက်နေတယ်ဆိုပေမယ့် အသင်းကြီးတွေနဲ့ရင်ဆိုင်ရတဲ့ပွဲတွေမှာတော့ရလဒ်ကောင်းရဖို့ ရုန်းကန်ခဲ့ရတယ်။ စီးရီးအေနောက်ဆုံးအဝေးကွင်း လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့တဲ့ ဖီအိုရင်တီးနားကလည်းရလဒ်ကောင်းရရှိဖို့ အားစိုက်လာမှာပါ။ ဖီအိုရင်တီးနားက အသင်းလိုက်ကစားပုံ ကောင်းမွန်နေပေမယ့် တိုက်စစ်ကအဆုံးသတ်ပိုင်းအားနည်းနေတယ်။ ဖီအိုရင်တီးနားရုန်းကန်ရနိုင်ပေမယ့် ကပ်ပြီးနိုင်ပွဲရနိုင်တယ်။

**ဂျူဗင်တပ် - ကာပီ** ညနေ ၅း၀၀ (၁-၅-၁၆)

ဂျူဗင်တပ်ဟာအခုနှစ်စီးရီးအေပြိုင်ပွဲမှာ အိမ်ကွင်း ၁၇ ပွဲကစားပြီး ချိန်မှာရှုံးပွဲတစ်ပွဲသာရှိသေးတဲ့အသင်းဖြစ်ပြီး လက်ရှိခြေစွမ်းလည်း တည်ငြိမ်နေတယ်။ နောက်ပိုင်းအိမ်ကွင်းပွဲတွေမှာ ဂျူဗင်တပ်ရဲ့တိုက်စစ်က ဂိုးသွင်းခြေထက်မြက်နေသလို ခံစစ်ကလည်း နောက်ဆုံးအိမ်ကွင်းပွဲ ငါးပွဲဆက် ဂိုးပေးရခြင်းမရှိအောင် ကစားနိုင်ခဲ့တယ်။ ကာပီက နောက်ဆုံးအဝေးကွင်းပွဲမှာ အေစီမီလန်အသင်းကို သရေကစားနိုင်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းအားနည်းလွန်းတယ်။ ဂျူဗင်တပ်ပဲနိုင်မှာပါ။

**အေစီမီလန် - ဖရိုစီနိုနီ** ည ၇း၃၀ (၁-၅-၁၆)

အေစီမီလန်ဟာ နည်းပြသစ်ဘရော့ချီရဲ့လက်အောက်မှာ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိတယ်။ အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ လူးဝစ်ဇ် အက်ဒရီယာနို ပြန်လည်ပါဝင်လာခဲ့ရင် အေစီမီလန်ရဲ့တိုက်စစ် ပိုမိုထက်မြက်လာနိုင်တယ်။ တန်းတက်ဖရိုစီနိုနီက တန်းပြန်မဆင်းရရေးအတွက် အားစိုက်နေတဲ့ အသင်းဖြစ်ပေမယ့် အဝေးကွင်းမှာကစားပုံ အနည်းငယ်အားနည်းမှုရှိတယ်။ အဝေးကွင်းမှာတိုက်စစ်နဲ့ ခံစစ်ကလည်း အားနည်းနေတယ်။ အေစီမီလန် ကပ်နိုင်သွားဖို့များတယ်။

**လာဇီယို - အင်တာမီလန်** နံနက် ၁း၁၅ (၂-၅-၁၆)

လာဇီယိုအသင်းက နောက်ဆုံးအိမ်ကွင်းပွဲမှာ အမ်ပိုလီကို အနိုင်ရခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းအသာစီးရရှိခဲ့ခြင်းမရှိခဲ့တာမို့ အင်တာမီလန်ကို ပွဲချိန်ပြည့် ဖိအားပေးနိုင်ဖို့ခက်တယ်။ ဒါပေမယ့် အိုင်ကာဒီ၊ ပလာစီယိုတို့ ဦးဆောင်တဲ့ အင်တာမီလန်တိုက်စစ်ကတော့ နောက်ပိုင်း အဝေးကွင်းပွဲတွေမှာ အကောင်းဆုံးခြေစွမ်းရဖို့ ရုန်းကန်နေရတယ်။ ဒါကြောင့် အင်တာမီလန်အနေနဲ့လည်း လာဇီယိုခံစစ်ကို ဖိအားပေးနိုင်ဖို့ခက်ခဲနိုင်ကာ သရေကျသွားနိုင်တယ်။

**ဂျီနိုအာ - ရိုးမား** ည ၁၁း၃၀ (၂-၅-၁၆)

နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းရှစ်ပွဲမှာရှုံးပွဲမရှိဘဲ ခြောက်ပွဲအနိုင်ရခဲ့တဲ့ဂျီနိုအာဟာ နောက်ဆုံးအိမ်ကွင်းပွဲမှာ အင်တာမီလန်ကို အနိုင်ယူနိုင်ခဲ့သလို ဖီအိုရင်တီးနားကိုလည်း သရေကစားနိုင်ခဲ့တယ်။ ရိုးမားကလည်း ခြေစွမ်းပိုင်း ကောင်းမွန်နေပြီး အဝေးကွင်းမှာ တိုက်စစ်က ဂိုးသွင်းခြေရနေတယ်။ ဒါပေမယ့် ရိုးမားအသင်းရဲ့ခံစစ်ကတော့ နောက်ပိုင်းအဝေးကွင်းပွဲတွေမှာ အားနည်းမှုအနည်းငယ်ရှိနေတာကို သတိပြုရမယ်။ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရယူနိုင်ဖို့အတွက် အားစိုက်ကစားနေတဲ့ ရိုးမားကသာ အဝေးကွင်းမှာ ပွဲကိုထိန်းချုပ်ကစားသွားနိုင်ခြေရှိနေသလို နိုင်ပွဲလည်းရယူသွားနိုင်ပါတယ်။

**နာပိုလီ - အတ္တလန်တာ** နံနက် ၁း၃၀ (၃-၅-၁၆)

အိမ်ကွင်းမှာ နိုင်ပွဲဆက်နေတဲ့ နာပိုလီအသင်းဟာ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရရှိရေးအတွက် အားစိုက်လာမှာဖြစ်ပြီး အိမ်ကွင်းခြေစွမ်းလည်းကောင်းမွန်နေလို့ အတ္တလန်တာအသင်းကို အခက်တွေ့စေမှာပါ။ နာပိုလီရဲ့ခံစစ်ကလည်း နောက်ဆုံးအိမ်ကွင်းနှစ်ပွဲမှာ ပေးဂိုးမရှိခဲ့သလို တိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိနေကာ အိမ်ကွင်းလည်းဖြစ်တာကြောင့် အမှားခံမှာမဟုတ်ပါဘူး။ အတ္တလန်တာကတော့ ခြေစွမ်းသာမန်သာရှိလို့ နာပိုလီပဲ နိုင်ပွဲရသွားဖို့များတယ်။

# ရထားသံလမ်းပေါ်၌ အိပ်ပျော်နေစဉ် ရထားကြိတ်ခံရ၍ သေဆုံး

**နေပြည်တော် ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာ ဘူတာတောင်ဘက်တွင် လူတစ်ဦး ရထားကြိတ်ခံရ၍ သေဆုံးနေကြောင်း သတင်းအရ ပရပ်ကြယ်ရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များက ဧပြီ ၂၄ ရက် ည ၁၁ နာရီခွဲခန့်တွင် သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ တောင်တွင်းကြီးမြို့နယ် အောင်မြင်သာ ကျေးရွာနေ အောင်ကိုဦး(၂၈)နှစ်ဖြစ်ကြောင်း သိရသည်။

မေးမြန်းချက်အရ ၎င်းသည် ပရပ်ကြယ်ကျေးရွာ ဘူတာတောင်ဘက် တစ်ဖာလုံခန့်အကွာ ရထားလမ်းမိုင်တိုင်အမှတ်(၂၃၉/၅-၆)ကြားရှိ ရထားသံလမ်းပေါ်၌ အိပ်ပျော်နေစဉ် တောင်တွင်းကြီးဘက်မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော အမှတ်(၆၂)အစုန် ပခုက္ကူ-ရန်ကုန်ရထားမှ ကြိတ်မိ၍ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် တောင်တွင်းကြီးမြို့နယ် ဆတ်သွားနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**



# ပဲနွယ်ကုန်းကွေ့တွင် ၂၂ ဘီးယာဉ် အရှိန်မထိန်းနိုင်ဘဲတိမ်းမှောက်

**ပဲခူး ဧပြီ ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းနယ်မြေရဲစခန်းအပိုင်တွင် ဧပြီ ၂၆ ရက် နံနက် ၃ နာရီခန့်က ၂၂ ဘီးတွဲယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေရဲစခန်းတွင်ရဲတပ်ကြပ်ကြီးစိုးပိုင် တာဝန်ထမ်းဆောင်နေစဉ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်(၁၂၂/၁-၂)ကြား ဘုရားကြီးကွေ့အနီးတွင် ယာဉ်တစ်စီးတိမ်းမှောက်ကြောင်းသတင်းအရ သွားရောက်စစ်ဆေးရာ ကျောက်တံခါးဘက်မှ ပဲနွယ်ကုန်းဘက်သို့ သကြားအိတ်များ တင်ဆောင်၍ ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက် သိင်္ဂီလမ်းနေ အောင်ကျော်ကျော်(၁၉)နှစ် မောင်းနှင်လာသည့် 1k/--- GE-13 အမျိုးအစား ၂၂ ဘီးယာဉ်သည် ကွေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ညာဘက်ခြမ်းသို့ထိုးကျခဲ့ရာ ယာဉ်မောင်းတွင် ဒဏ်ရာများ(စိုးရိမ်ရ)၊ ယာဉ်နောက်လိုက် ဖိုးဇော်(၃၈)နှစ်တွင် ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်မှာရှေ့လေကာမှန်ကွဲ ကိုယ်ထည်ပျက်စီး၊ ယာဉ်ပေါ်တွင်တင်ဆောင်လာသော သကြားအိတ် ၇၀၀ အနက် အိတ် ၅၀ ခန့် ပေါက်ပြဲ ပျက်စီးခဲ့သဖြင့် ယာဉ်မောင်းအောင်ကျော်ကျော်အား ပဲနွယ်ကုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# မသင်္ကာဖွယ်တွေ့ရှိသူအား စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုပေါ်

**နေပြည်တော် ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဧပြီ ၂၄ ရက် ညနေ ၅ နာရီခန့်တွင် နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် သံလျှက်မှော်တောင်ရပ်ကွက် ကန်တော်ကြီးအဝင်လမ်း အာရ်တီစီလမ်းဆုံအနီးအရောက် KENBO-CZI-125 နီ/နက်ရောင် ဆိုင်ကယ်နှင့်လူတစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ အောင်မြေသာစံမြို့နယ် သဘော်တန်းရပ်နေ ဇော်မျိုးလွင်(ခ)ကုလားလေး(၂၆)နှစ်ဖြစ်ပြီး အဆိုပါဆိုင်ကယ်အား ဧပြီ ၁၅ ရက် ညနေ ၅ နာရီခွဲခန့်က မဟာမုနိဘုရားကြီးတောင်ဘက်မုခ် လမ်းဘေး ပလက်ဖောင်းပေါ်၌ အိပ်ပျော်နေသော အမျိုးသားတစ်ဦး၏အနီးတွင် သော့တန်းလန်းဖြင့် ရပ်ထားသည်ကို တွေ့ရှိရ၍ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် သက်သေခံဆိုင်ကယ်ကိုသိမ်းဆည်းပြီး ဇော်မျိုးလွင်(ခ)ကုလားလေးအား ချမ်းမြ သာစည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# မြဝတီမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၇**

မြဝတီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၂၅ ရက်က မြဝတီမြို့ (၄)ရပ်ကွက် ချစ်ကြည်ရေးလမ်း သံတံတားအနီးရှိ စိုးဝင်း၏ ဘဝသစ် စားသောက်ဆိုင်ကို ရှာဖွေရာ ၎င်းနှင့်အတူ မင်းခိုင်အားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၂ ပြားကိုလည်းကောင်း၊ အလားတူ ယင်းနေ့က သီပေါမြို့နယ် နမ့်လန်ကျေးရွာ ကောင်းလန်းရပ်ကွက်နေ မအေးလင်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ကိုလည်းကောင်း၊ ဧပြီ ၂၄ ရက်က လားရှိုးမြို့ ရပ်ကွက်(၅) နယ်မြေ(၄) ဥပုတ်စာဖြေကျောင်းလမ်းနေ မအေးခမ်း၏နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူအလေးချိန် ၅၀ ဂရမ် သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



မအေးခမ်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# နှစ်လုံးထီ လောင်းကစားပြုလုပ်သူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက်နေ ဒေါ်တင်စန်း(ခ)ဒေါ်နုနုကြည်(၄၅)နှစ်၏နေအိမ်တွင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် မိတ္ထီလာအမှတ်(၂)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဧပြီ ၂၅ ရက် ညနေ ၃ နာရီခွဲခန့်တွင် ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ နေအိမ်အောက်ထပ်၌ ဒေါ်တင်စန်း(ခ)ဒေါ်နုနုကြည်အား နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၉၂၅၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မိတ္ထီလာအမှတ်(၂)နယ်မြေရဲစခန်းက လောင်းကစားဥပဒေဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# မသင်္ကာဖွယ်တွေ့ရှိသူအားစစ်ဆေးရာမှ လက်ကိုင်ဖုန်းလုယက်မှုများဖော်ထုတ်နိုင်

**နေပြည်တော် ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဧပြီ ၂၅ ရက် ည ၈ နာရီခွဲခန့်က နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် အိုးဘိုရွှေကျောင်ရပ်ကွက် အကွက်(၅၂)အနီးတွင်လူတစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာရပ်ကွက်နေ ခေါ်လေး(ခ)အောင်ဇင်ဝင်း(၁၈)နှစ်ဖြစ်ပြီး ၎င်းသူငယ်ချင်းများဖြစ်သည့် စောရန်ပိုင် (စိစစ်ဆဲ)၊ ထွန်းထွန်းအောင်(စိစစ်ဆဲ)တို့နှင့်အတူ လွန်ခဲ့သော ရက် ၂၀ ခန့် ည ၁၀ နာရီခန့်က (၁၂×၇၃)လမ်းဆုံတွင် ဆိုင်ကယ်ရပ်၍ ဖုန်းပြောနေသော အမျိုးသားတစ်ဦးထံမှ HTC အမျိုးအစား ခဲရောင်လက်ကိုင် ဖုန်းတစ်လုံးနှင့် လွန်ခဲ့သောတစ်လခန့် ည ၉ နာရီခန့်ကလည်း အဆိုပါလမ်းဆုံ၌ ဆိုင်ကယ်မောင်းနှင်လာသူ အမျိုးသမီးတစ်ဦးထံမှ HUAWEI အမျိုးအစား ခဲရောင်လက်ကိုင်ဖုန်းတစ်လုံးတို့အားလုယူ၍ ရောင်းချထားကြောင်း သိရသဖြင့် သက်သေခံပစ္စည်းများကို လိုက်လံသိမ်းဆည်းပြီး ခေါ်လေး(ခ)အောင်ဇင်ဝင်းပါ သုံးဦးအား အမှတ်(၂)နယ်မြေရဲစခန်းက အမှုများအသီးသီးဖွင့်လှစ်၍ အရေးယူထားကာ စောရန်ပိုင်နှင့် ထွန်းထွန်းအောင်တို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# ကလေးဝတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ကလေးဝ ဧပြီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ ကလေးဝ-ကလေး ကားလမ်းတွင် ဧပြီ ၂၆ ရက် ညနေ ၄ နာရီ ၅ မိနစ်ခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကုန်တင်ကုန်ချဆိပ်ကမ်းမှ ကျောက်စရစ်များ တင်ဆောင်၍ ကလေးမြို့ဘက်သို့ ကနီမြို့နယ်နေ ရန်နိုင်လင်း (၁၉)နှစ်မောင်းနှင်ပြီး ညီညီထွန်းနှင့်ရန်လင်းတို့ လိုက်ပါလာသော 6I/--- FORLAND ခြောက်ဘီးယာဉ်သည် ကလေးဝ -ကလေး ကားလမ်းမိုင်တိုင်အမှတ်(ဝ/၆)ခန့်တွင် လမ်း၏ဝဲဘက်ခြမ်းသို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုမရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ရန်နိုင်လင်းအား ကလေးဝမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်ဟန်(ပြန်/ဆက်)**

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

မြန်မာ့ဂုဏ်ရောင် အိမ်ရာဝင်းအတွင်း ဂရန်အမည်ပေါက် မြေကွက်အကျယ် ပေ(၈၄×၉၆)

ဖုန်း-၀၉-၅၀၁၅၂၈၅၊ ၀၉-၇၉၃၁၀၇၉၄၄

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဧပြီ ၂၇**

ရန်ကုန်(ရွှေဈေး) ၇၇၇၀၀၀ - ၇၇၇၀၀၀ မန္တလေး(ရွှေဈေး) ၇၇၆၅၀၀ - ၇၇၆၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၅၀၀ ကျပ်၊ | ၅၁၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၄၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၆၅ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၇၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၂၂. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၀. ၁၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၂၉၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈. ၆၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၅၉၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၅၂. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၂. ၂၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၆. ၅၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၆၆. ၇၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ နေပြည်တော်ရုံးဝင်းအတွင်းရှိ မြေကွက်လပ်တွင် ယာဉ်ရပ်နားရန်နေရာ (Car Parking)ဆောက်လုပ်ခြင်းလုပ်ငန်း ပေ(၃၀၀× ၁၃၀)(၃၉၀၀၀ စတုရန်းပေ)အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ကိုင်လိုသော မြန်မာနိုင်ငံသားလုပ်ငန်းရှင် မည်သူမဆိုဝင်ရောက်အဆိုပြုတင်ပြနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ နေပြည်တော်တွင် တင်ဒါပုံစံ(၁)စောင်လျှင် ကျပ်၅၀၀၀/-(ကျပ်ငါးထောင်တိတိ)ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်ရက် -၂၈-၄-၂၀၁၆ရက်မှ ၄-၅-၂၀၁၆ရက်ထိ

၄။ တင်ဒါတင်သွင်းရမည့်နေရာ -အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၊ နေပြည်တော်

၅။ တင်ဒါဖွင့်မည့်ရက်/အချိန် -၆-၅-၂၀၁၆ရက်၊ ၁၃း၀၀နာရီ

၆။ ဆက်သွယ်ရန်ဖုန်း -၀၆၇-၄၁၈၃၇၉၊ ၀၆၇-၄၁၈၄၆၁ ကြီးကြပ်မှုကော်မတီ

**အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန**

# မွန်ပြည်နယ်တွင် ပြည်တွင်းပြည်ပခရီးသွားလည်ပတ်မှုမြင့်တက်လာ



**ရေး ဧပြီ ၂၇**

မွန်ပြည်နယ်အတွင်းသို့ ပြည်တွင်းပြည်ပမှ ခရီးသွားများလာရောက်မှုမှာ ၂၀၁၆ ခုနှစ် မတ်လအထိ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု ၄၂၂၉၈ ဦးဖြစ်သည်။ ၂၀၁၅ ခုနှစ် မတ်လ ကာလတူတွင် ၄၁၈၆၉ ဦး လာရောက်လည်ပတ်ခဲ့ရာ ယခုနှစ်တွင်၄၂၉ဦး တိုးတက်မြင့်လာနေကြောင်း၊ ပြည်တွင်းခရီးသွားများ ၂၀၁၆ ခုနှစ် မတ်လတွင် ၈၀၁၀၃၁ ဦးဖြစ်ကာ ၂၀၁၅ ခုနှစ် မတ်လအထိ ၆၆၈၇၅၀ ဦး ဖြစ်၍ ကာလတူနှိုင်းယှဉ်လျှင် ၁၃၂၂၈၁ ဦး တိုးတက်လာကြောင်း မွန်ပြည်နယ်ဟိုတယ် နှင့်ခရီးသွားလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟောက်ကျင်မုန်က ပြောသည်။

ပြည်ပခရီးသွားများ လာရောက်ရာတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ကနေ တစ်ဆင့် လေဆိပ်မှ ဝင်ရောက်ကြသည့်အပြင် နယ်စပ်ဝင်ပေါက်များဖြစ်သော တမူး၊ တာချီလိတ်၊ မြဝတီ၊ ထီးခီးနယ်စပ်ဂိတ်မှလည်း ကိုယ်ပိုင်မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ စက်ဘီးများစီးနင်း၍ အုပ်စုအလိုက်လည်းကောင်း၊ တစ်ဦးချင်းအလိုက်လည်းကောင်း ဝင်ရောက်လည်ပတ်ခဲ့ကြကြောင်း ဦးဟောက်ကျင်မုန်က ဆက်လက်ပြောကြားသည်။

ပြည်တွင်းပြည်ပမှ ဝင်လာသောခရီးသွားများမှာ ဟိုတယ်နှင့်တည်းခိုခန်းသို့ ၂၀၁၅ ခုနှစ် ဝင်ရောက်မှုများတွင် ပြည်တွင်း ၁၇၇၅၂၂၄ ဦး ပြည်ပမှ ၁၀၆၅၂၁ဦး ဖြစ်ကာ ထိုင်းနိုင်ငံသားများက အများဆုံးဖြစ်ပြီး ရန်ကုန်လေဆိပ်မှ တစ်ဆင့်ဝင်ရောက်ကြပြီး မြဝတီနယ်စပ်ကနေ တစ်ဆင့် ဝင်ရောက်မှုများလည်းရှိသည်။ အနောက်ဥရောပနိုင်ငံများဖြစ်သော အီတလီ၊ ပြင်သစ်၊ စပိန်နိုင်ငံသားများလာရောက်လည်ပတ်မှုမှာ ဒုတိယအများဆုံးဖြစ်ပြီး ကော့သောင်းမှတစ်ဆင့် အပျော်စီးရွက်လှေများဖြင့်လည်း လာရောက်ခဲ့ကြောင်း သိရသည်။

နိုင်ငံခြားခရီးသွားအများစုမှာ ဒေသအတွင်းသို့ လည်ပတ်လျက်ရှိရာတွင် သမိုင်းဝင်ဘုရားစေတီပုထိုးများ၊ ရှေးဟောင်းယဉ်ကျေးမှုပြခန်း၊ သမိုင်းဝင်လှိုဏ်ဂူဖြစ်သော ကျိုက်မရောမြို့မှ ခရုံဂူ၊ ဖားဖောင်ဂူ၊ သဘာဝတောတောင်ရေမြေ ရှုခင်းများ၊ ကျိုက္ခမီ၊ စက်စဲ၊ ရေး၊ ကဗျာဝ၊ ဘုရားတောင်ပင်လယ်ဝ အပန်းဖြေစခန်းကမ်းခြေများသို့ အဓိကသွားရောက်လေ့လာကြကြောင်း သိရသည်။

ပြည်တွင်းပြည်ပမှ ခရီးသွား မြင့်တက်လာသည်နှင့်အမျှ နေ့စဉ် နိုဝင်ဘာလမှစ၍ မေလကုန်အထိ ခရီးသည်များပြားသည့်ကာလများတွင် ဟိုတယ်၊ တည်းခိုခန်း လိုအပ်ချက်များရှိနေပြီး ကျန်သည့်ဇွန်လမှ အောက်တိုဘာလကုန်အထိ ခရီးသွားများနည်းပါးသည့် ကာလတွင် အခန်းများ လုံလောက်မှုရှိနေကြောင်း သိရသည် ။

မွန်ပြည်နယ်အတွင်း လုပ်ပိုင်ခွင့်ရထားသော ဟိုတယ် ၂၆ လုံးရှိပြီး တည်းခိုခန်း ၁၇ လုံးရှိရာ အခန်းပေါင်း ၁၄၉၆ ခန်းရှိပြီး တည်ဆောက်၊ လျှောက်ထားဆဲဟိုတယ်၊ တည်းခိုခန်းမှာ ၁၄ လုံးရှိရာ အခန်းပေါင်း ၅၆၈ ခန်း ရှိနေကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# မူဆယ်တွင် တွေ့ရှိခဲ့သည့် မပေါက်ကွဲသေးသည့် အသံမိုင်းနှစ်လုံးအား ရဲတပ်ဖွဲ့မှူးရုံး၌ ဖျက်ဆီး

**မူဆယ် ဧပြီ ၂၇**

မူဆယ်မြို့ ဆင်ဖြူဈေးအနီးတွင် မပေါက်ကွဲသေးသည့် တရုတ်နိုင်ငံလုပ် အသံမိုင်းနှစ်လုံးကို ဧပြီ ၂၅ ရက်က တွေ့ရှိခဲ့ကြောင်း သိရသည်။

မူဆယ်မြို့မဈေးကြီးနှင့် ဆင်ဖြူဈေးလုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် ဈေးလုံခြုံရေးတို့ ပူးပေါင်းလှည့်ကင်း ဆောင်ရွက်နေစဉ် ဆင်ဖြူဈေးတောင်ဘက်ရှိ ဆန်းသစ်ကားဂိတ်အနောက်ဘက် ပေ ၂၀ အကွာ အမှိုက်ပုံအနီးတွင် စနက်တံတပ်ထားသည့် အသံမိုင်းနှစ်လုံးအားတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

နယ်မြေခံတပ်မတော် ရှေ့တန်းခလရ ၄၂ (မူဆယ်)က နံနက် ၈ နာရီခွဲတွင် မူဆယ်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ အဆိုပါမိုင်းအား လာရောက်ယူဆောင်ကာ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

❒

# သောက်သုံးရေများအခက်အခဲ ရှိ၊မရှိကွင်းဆင်းစစ်ဆေး

**အောင်လံ ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် သောက်သုံးရေများ အခက်အခဲ ရှိ၊ မရှိ သိရှိနိုင်ရန်တွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးတိုးကြည်တို့သည် ဧပြီ ၂၅ ရက် နံနက်ပိုင်းမှစတင်၍ စွယ်တုံး၊ ထူးပေါက်၊ သုံးရွာဆိုင်၊ လက်ပခုန်၊ သစ်ချို၊ ရဲဒင်၊ ရေတွင်းကြီး၊ ဘွက်ငုပ်ကျေးရွာများသို့ သွားရောက်စစ်ဆေးသည်။

၎င်းအပြင် အောင်လံမြို့မှ အသွားအပြန် ၁၀၈ မိုင်ကျော်ကွာဝေးသော တံခွန်တိုင်ကျေးရွာသို့ သွားရောက်ခဲ့ရာ ၎င်းကျေးရွာအနီးတွင်ရှိသော လက်တူးတွင်းနှစ်တွင်းနှင့် မြေသားရေကန်တို့မှာ ရေနည်းနေသဖြင့် တစ်ဖာလုံအကွာရှိ ဆည်မှရေကို သွားရောက်ခပ်ရသဖြင့် အခက်အခဲရှိ၍ မြေသားရေကန်တောင်းခံမှုအပေါ် အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြတောင်းခံပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**သိန်းလွင်(အောင်လံ)**



# သူငယ်တန်းသင်ရိုးသစ် (KG) ဆင့်ပွားသင်တန်းဖွင့်

**ဝန်းသို ဧပြီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် သူငယ်တန်း(KG) သင်ရိုးသစ်အတွက် မူလတန်းကျောင်းအုပ်များနှင့် KG သင်ဆရာ၊ ဆရာမများအား လေ့ကျင့်သင်တန်းပေးရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၅ ရက်က အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် KG သူငယ်တန်းကျောင်းသား၊ ကျောင်းသူများနှင့် ထိတွေ့သင်ကြားရသော မူလတန်းကျောင်းအုပ်များနှင့် ဆရာ၊ ဆရာမ စုစုပေါင်း ၂၄၉ ဦးကို တိုင်းအဆင့် KG နည်းပြသင်တန်းတက်ရောက်ခဲ့သော ဆရာ၊ ဆရာမများက ထပ်ဆင့်ပြန်လည်၍ ဧပြီ ၂၅ ရက် မှ မေ ၁၀ ရက် ထိ သင်ကြားပေးသွားမည် ဖြစ်ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**




ကြေးမုံ

မေ ၂၈၊ ၂၀၁၆

ဆောင်းပါး

# စတော့ဈေးကွက်သို့ဝင်ရောက်ရန် အခြေခံသိကောင်းစရာများ

**à ကေတီအို**

ပြီးခဲ့သည့် ၂၀၁၅ ခု ဒီဇင်ဘာ ၉ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့သည့် ရန်ကုန်စတော့အိပ်ချိန်းတွင် ပထမဦးဆုံးသော စာရင်းဝင်ကုမ္ပဏီအဖြစ် FMI ကုမ္ပဏီကို ၂၀၁၆ ခုနှစ် မတ် ၂၅ ရက်တွင် စတင်လက်ခံခဲ့ပြီး အရောင်းအဝယ်ဈေးကွက် (trading market) ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ကုမ္ပဏီများအနေနှင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများချဲ့ထွင်ရန် လိုအပ်သည့်ကာလရှည် ငွေကြေးအရင်းအနှီးရရှိရေးအတွက် စတော့ရှယ်ယာများထုတ်ဝေကာ အများပြည်သူသို့ ကမ်းလှမ်းရောင်းချလေ့ရှိပါသည်။ ဤသည်ကို (Initial Public Offering, IPO) လုပ်သည်ဟု ခေါ်ဆိုပါသည်။ ယင်း IPO အဆင့်တွင် ရှယ်ယာဝယ်ယူခွင့်ရရှိသူများသည် ယင်းကုမ္ပဏီမှ အမြတ်အစွန်းရရှိသည့်အချိန်တွင် ခွဲဝေပေးသည့် အမြတ်ဝေစု (dividend) ကို ခံစားနိုင်သလို ရှယ်ယာဈေးနှုန်းများ မြင့်တက်လာသည့်အချိန်တွင် ပြန်လည်ရောင်းချခြင်းမှ အမြတ်အစွန်း (capital gain) ကိုလည်း ရရှိနိုင်ပါသည်။

ပုံမှန်အားဖြင့် ရှယ်ယာများ စတင်ထုတ်ဝေရာတွင် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ (Securities Co) များက ကြားမှ တာဝန်ယူကာ အများပြည်သူသို့ ဖြန့်ချိရောင်းချပေးလေ့ရှိပါသည်။ Securities ဆိုသည့်စကားလုံးကို လုံခြုံရေးဟု အဓိပ္ပာယ်ရသည့် security နှင့် အမှတ်မမှားစေလိုပါ။ securities ဆိုသည်မှာ နိုင်ငံတော်အစိုးရအပါအဝင် ကုမ္ပဏီများမှ ထုတ်ဝေသည့် စတော့၊ ရှယ်ယာ၊ ငွေချေးစာချုပ်၊ ငွေတိုက်ဘီလ် အစရှိသော ရင်းနှီးမြှုပ်နှံမှုစာချုပ်စာတမ်းများကို ဆိုလိုခြင်းဖြစ်ပါသည်။

ရှယ်ယာများထုတ်ဝေရောင်းချထားသည့် အများပိုင်ကုမ္ပဏီများသည် ရန်ကုန်စတော့အိပ်ချိန်းမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်း (၁၇) ချက်နှင့်ပြည့်မီသည့်အချိန်တွင် စတော့အိပ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီအဖြစ် လျှောက်ထားနိုင်ကာ ယင်းတို့၏ ရှယ်ယာများကို ရောင်းဝယ်ဖောက်ကားနိုင်ကြပါသည်။ ဤသို့ စတော့အိပ်ချိန်းသို့ စာရင်းဝင်ရာတွင် နည်းလမ်းနှစ်မျိုး ရှိပါသည်။ ပထမနည်းမှာ မူလထုတ်ဝေရောင်းချပြီးသော ရှယ်ယာအရေအတွက်ကိုသာ စာရင်းဝင်ရှယ်ယာများအဖြစ် မှတ်ပုံတင်ကာ ဝင်ရောက်ခြင်းဖြစ်ပြီး ယင်းစနစ်တွင် ရှယ်ယာအသစ်များ ထပ်မံထုတ်ဝေရောင်းခြင်းမရှိပါ။ (ဥပမာ-မူလထုတ်ဝေထားသည့် ရှယ်ယာအစောင်ရေ တစ်သန်းကို စာရင်းဝင်ခြင်း)၊ ဒုတိယနည်းစနစ်မှာ စာရင်းဝင်လျှောက်လွှာတင်ခြင်းနှင့်အတူ ရှယ်ယာအသစ်များ ထပ်မံထုတ်ဝေရောင်းချသည့် နည်းဖြစ်ပါသည်။ (ဥပမာ-မူလက ထုတ်ဝေထားသည့် ရှယ်ယာတစ်သန်းနှင့် ထပ်မံထုတ်ဝေသည့် ငါးသိန်းကို စာရင်းဝင်ခြင်း) ဤနည်းဖြင့်ထုတ်ဝေရောင်းချသည့်အချိန်တွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရှယ်ယာအသစ်များကို သတ်မှတ်ဈေးဖြင့် ဝယ်ယူနိုင်ခွင့်ရှိပါသည်။

ဤနေရာတွင် ပြည်သူအချို့နှင့် မီဒီယာအချို့အမှတ်မှားနေသည့် အချက်တစ်ခုရှိပါသည်။ ယခု FMI ကုမ္ပဏီ၏ စာရင်းဝင်နည်းစနစ်မှာ ပထမနည်းဖြစ်သည့် နဂိုရှိပြီးသား ရှယ်ယာအရေအတွက်ကိုသာ စတော့အိပ်ချိန်းတွင် စာရင်းဝင်အဖြစ် မှတ်ပုံတင်သည်ဖြစ်၍ ဝယ်ယူရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် ရှယ်ယာအသစ်များကို ဝယ်ယူနိုင်ခွင့်ရှိမည်မဟုတ်ပါ။ ရှယ်ယာများ အသစ်ထုတ်ရောင်းခြင်း မရှိပါ။ ဝယ်ယူလိုသူများမှာ စတော့ဈေးကွက်၏ ရောင်းဝယ်ရေးဈေးကွက် (Secondary Market) မှတစ်ဆင့်သာ ဝယ်ယူရရှိနိုင်မည်ဖြစ်ပါသည်။

ယင်းသို့ စတော့များကို ဝယ်ယူနိုင်ရန်အတွက် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) မှ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားပြီးဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုခုထံသို့ သွားရောက်စာရင်းဖွင့်လှစ်ကာ ရောင်းဝယ်နိုင်ကြပါသည်။ ရန်ကုန်စတော့အိပ်ချိန်းသို့ ရင်းနှီးမြှုပ်နှံလိုသူများ တိုက်ရိုက်လာရောက် ဝယ်ယူ၍မရပါ။

ရှယ်ယာဝယ်ယူလိုသူများသည် အဆိုပါ တရားဝင်လိုင်စင်ရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုခုသို့ သွားရောက်ကာ ဖောက်သည်စာရင်းတစ်ခု ဖွင့်လှစ်ရမည်ဖြစ်ပါသည်။ ဖွင့်လှစ်ရာ တွင်မိမိ၏ မှတ်ပုံတင်လက်မှတ်နှင့် ဘဏ်စာရင်းစာအုပ်မိတ္တူတို့ကို ယူဆောင်သွားရန်လိုအပ်ပါသည်။ ဖောက်သည်စာရင်းဖွင့်လှစ်ပြီးနောက် မိမိဝယ်ယူလိုသည့် ရှယ်ယာအရေအတွက်၊ မိမိဝယ်ယူလိုသည့်ဈေးနှုန်းတို့ကို အဆိုပါငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသို့ အမှာလွှာပေးနိုင်ပါသည်။

ရှယ်ယာရောင်းချလိုသူများသည်လည်း မိမိနီးစပ်ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုသို့ သွားရောက်ကာ မိမိပိုင်ဆိုင်သည့် စတော့အရေအတွက်၊ စတော့အမျိုးအစား၊ မှတ်ပုံ တင်လက်မှတ်၊ ဘဏ်စာရင်းတို့နှင့်အတူ ဖောက်သည်စာရင်းဖွင့်လှစ်နိုင်ပါသည်။

ဤနေရာတွင် ယခု ရန်ကုန်စတော့အိတ်ချိန်း၏ ရောင်းဝယ်ရေးစနစ်ကို အနည်းငယ်တင်ပြလိုပါသည်။ ယခုကျင့်သုံးနေသည့်စနစ်မှာ ရှယ်ယာလက်မှတ်များ ကိုင်ဆောင်ရောင်းဝယ်ခြင်းမပြုသည့်စနစ် (Dematerialization) ကို ကျင့်သုံးခြင်းဖြစ်သောကြောင့် ပြည်သူတို့အနေနှင့် ရှယ်ယာလက်မှတ်များသယ်ဆောင်ကာ ရောင်းဝယ်သည့်စနစ် မရှိတော့ပါ။ ရှယ်ယာရောင်းလိုသူသည် မိမိဝယ်ယူထားသည့် ကုမ္ပဏီမှထုတ်ပေးလိုက်သည့် ရှယ်ယာပိုင်ဆိုင်သည့်အထောက်အထား စာရွက်ကိုပြသကာဖောက်သည်စာရင်းကို ဖွင့်လှစ်နိုင်ပါသည်။ ထိုသို့စာရင်းဖွင့်လှစ်ပြီးနောက် မိမိပိုင်ဆိုင်ထားသည့် ရှယ်ယာများထဲမှ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အကုန်ဖြစ်စေရောင်းချနိုင်သလို မရောင်းဘဲနေ၍လည်း ရပါသည်။ ရောင်းချလိုပါက မိမိရောင်းချလိုသည့် ရှယ်ယာအရေအတွက်၊ ရရှိလိုသည့်ဈေးနှုန်းတို့ဖြင့် အရောင်းအမှာလွှာ တင်နိုင်ပါသည်။

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် မိမိတို့ထံသို့ရောက်ရှိလာသည့် အရောင်း၊ အဝယ် အမှာလွှာများကို အချိန်နှင့်တစ်ပြေးညီ စတော့အိပ်ချိန်းသို့ပေးပို့ရပါသည်။ စတော့အိပ်ချိန်းသည် ရောက်ရှိလာသည့် အဝယ်၊ အရောင်း အမှာလွှာအသီးသီးကို အမှန်ကန်ဆုံး၊ အမျှတဆုံးဈေးနှုန်းရရှိစေရန် ရောင်းဝယ်မှု (trading) ကိုပြုလုပ်ပေးပါသည်။ အရောင်းအဝယ်ပြီးမြောက်သည့် အမှာလွှာများကို သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသို့ ချက်ချင်းပြန်လည်အကြောင်းကြားရပါသည်။

ရှယ်ယာဝယ်ယူရောင်းချလိုသူများသည် မိမိတို့ရောင်းလိုသည့် စတော့အတွက် ဈေးကွက်တွင် လောလောဆယ်ဖြစ်နေသည့် မည်သည့်ဈေးနှုန်းနှင့်မဆို ရောင်းဝယ်လိုသည့် အမှာလွှာ (market order) ကိုပေးနိုင်သလို မိမိကြိုက်နှစ်သက်သည့်ဈေးနှုန်းကို ကန့်သတ်ထားသည့် (limit order) ဖြင့်လည်း အမှာလွှာပေးနိုင်ပါသည်။ သို့သော် သတိချပ်ရမည့်အချက်မှာ ဈေးကွက်အတွင်းတွင် မည်သည့်ဈေးနှင့်မဆို ရောင်းမည်၊ ဝယ်မည်ဆိုသည့် (market order) သည် စတော့ဈေးကွက်တွင် ကန့်သတ်ဈေး အမှာလွှာ (limit order) ထက် ဦးစားပေးအဆင့် ပို၍မြင့်သည်ကို ဂရုပြုရန် လိုအပ်ပါသည်။

ဆက်လက်၍ ဝယ်ယူခွင့်ရရှိသူ၏ ငွေစာရင်းမှ ရောင်းချသူ၏ ငွေစာရင်းသို့ ငွေသားများ သတ်မှတ်ချိန်အတွင်း ရောက်ရှိရေး၊ ရောင်းချသူ၏ စတော့စာရင်းမှ ဝယ်ယူသူ၏ စတော့စာရင်းသို့ အချိန်မီရောက်ရှိရေးကို ဆောင်ရွက်ပေးရပါသည်။

ရန်ကုန်စတော့အိပ်ချိန်းသည် အရောင်းအဝယ်ဖြစ်ပြီးသည့် ရှယ်ယာများအတွက် ငွေစာရင်းရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် KBZ ဘဏ်ကို စာရင်းရှင်းလင်းရေးဘဏ်အဖြစ် ခန့်အပ်ခဲ့ပါသည်။ အရောင်းအဝယ်ဖြစ်ပြီးသည့် အရောင်းအမှာလွှာများအတွက် သက်ဆိုင်ရာ ဖောက်သည်၏ စာရင်းသို့ အရောင်းအဝယ်ဖြစ်ပြီး သုံးရက်မြောက်နေ့ (T+3) တွင် ငွေသားများ ရောက်ရှိသွားမည်ဖြစ်သလို ဝယ်ယူသူ၏ စတော့စာရင်းသို့လည်း (T+3) နေ့တွင် စတော့များ ရောက်ရှိသွားမည်ဖြစ်ပါသည်။ (ဥပမာ-မေ ၁၀ ရက်တွင် အရောင်းအဝယ်ဖြစ်ပါက သက်ဆိုင်ရာစာရင်းများသို့ မေ ၁၃ ရက်တွင် ရောက်ရှိသွားခြင်းဖြစ်ပါသည်)။

နောက်ဆုံးဖောက်သည်ချလိုသည်မှာ ရှယ်ယာ ဝယ်ယူ၊ ရောင်းချလိုသူများသည် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) မှ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားပြီးဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများဖြစ်သည့် (က) MSEC Co. (ခ) KBZ SC (ဂ) CB Securities (ဃ) AYA Trust Co. နှင့် (င) KTZ RH Co. တို့ထံတွင် သွားရောက်စာရင်းဖွင့်လှစ်ကာ လုပ်ငန်းများဆောင်ရွက်နိုင်ကြပြီဖြစ်ပါသည်။ ရှယ်ယာဝယ်ယူ ရောင်းချခြင်းမပြုမီ မိမိစာရင်းဖွင့်လှစ်ထားသည့် အထက်ပါကုမ္ပဏီများထံမှ အကြံဉာဏ်များရယူခြင်း၊ ဈေးနှုန်းအတက်အကျများကို ဆင်ခြင်သုံးသပ်ခြင်း၊ မိမိဝယ်ယူမည့်ကုမ္ပဏီ၏ သတင်းအချက်အလက်များကို အချိန်ယူလေ့လာခြင်းဖြင့် ရောင်းမှား ဝယ်မှားဖြစ်ခြင်းမှ ကင်းဝေးနိုင်ကြမည်ဖြစ်ပါသည်။




# တစ်ရက်လျှင်တန် ၁၀၀ ထွက်နေသော မုံရွာမြို့မှအမှိုက်များရှင်းရန် ဝန်ထမ်းအင်အားနှင့် ယာဉ်အစီးရေတိုးမြှင့်ပေးရန်လိုအပ်

**မုံရွာ မေ ၂၇**

မုံရွာမြို့ပေါ်မှ တစ်ရက်လျှင် အမှိုက်တန်ချိန် ၁၀၀ နေ့စဉ်ထွက်ရှိမှုအပေါ် မြို့နယ်စည်ပင်သာယာရေးကော်မတီပိုင် မော်တော်ယာဉ် ၁၂ စီးရှိသည့်အနက် ကောင်းမွန်သောရှစ်စီးကို အသုံးပြုကာ အနည်းငယ်သာရှိသော ဝန်ထမ်းအင်အားဖြင့် ဆောင်ရွက်နေရသောကြောင့် တန်ချိန် ၅၀ ပင် ရှင်းလင်း၍မပြီးကြောင်း မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက ပြောသည်။

"မုံရွာမှာ အမှိုက်က တစ်ရက်တန် ၁၀၀ လောက်ထွက်နေတော့ မလောက်မငှ ဝန်ထမ်းအင်အား စက်အင်အားတွေနဲ့ ဘယ်လိုမှမရှင်းနိုင်ပါဘူး။ ယာဉ်ကလည်း ၁၂ စီးရှိတာ ရှစ်စီးပဲသုံးရပြီး ကျန်တာတွေက ပျက်နေတာ မပြင်ကြဘူးဖြစ်နေတယ်။ အခုမှ စတင်ဆောင်ရွက်တာဆိုတော့ ပြင်သင့်တာတွေပြင်နေပါတယ်။ ဝန်ထမ်းတွေရဲ့ အရင်ပုံစံတွေကိုလည်း ပြင်သင့်တာပြင်ရမှာဖြစ်ပါတယ်။ မုံရွာမှာ လတ်တလော လူငယ်လူကြီးတွေစုဖွဲ့ထားတဲ့ စေတနာ့လုပ်အားပေးအဖွဲ့တွေက စည်ပင်နဲ့ပေါင်းပြီး သန့်ရှင်းရေးတွေကို နေ့စဉ်နေချိန်မှာ ဆောင်ရွက်လာတာဟာ မြို့သန့်ရှင်းရေးအတွက် အများကြီးအထောက်အကူပြုစေသလို အများစုရဲ့စိတ်ထဲမှာ အမှိုက်ရှင်းတာကို ပူးပေါင်းလာတဲ့အပြင် လူတစ်ဦးချင်းစီရဲ့ ထားရမယ့်စိတ်ဓာတ်နဲ့ စည်းကမ်းကို ပိုမိုသိရှိလာစေတဲ့အတွက် ဆက်လက်ဆောင်ရွက်သွားကြမှာပါ။ အမှိုက်ရှင်းလုပ်အားပေးတဲ့အပေါ် ငွေကြေးအလှူငွေထောက်ပံ့သလို စည်ပင်ဝန်ထမ်းတွေအပေါ်မှာလည်း လူထုရဲ့နွေးထွေးမှုဟာ အရင်ကထက်ပိုလာတော့ ဝန်ထမ်းတွေအနေနဲ့ လုပ်ရတာ အရင်ကထက်စာရင် ပိုပျော်လာကြတာတွေ့ရပါတယ်။ လိုအပ်နေတဲ့ စည်ပင်ဝန်ထမ်းအင်အားတိုးပြီး ခန့်ထားဖို့ရယ်၊ စက်ကိရိယာယာဉ်ပစ္စည်း ထပ်ဖြည့်နိုင်ဖို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးအဖွဲ့နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားပါတယ်" ဟု ဦးကျော်မျိုးဝင်းက ပြောသည်။

လက်ရှိ မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ လုပ်ဆောင်နေမှုအပေါ် အများပြည်သူများအနေဖြင့် အားရထောက်ခံမှုများရရှိလာခြင်းနှင့်အတူ မြို့သန့်ရှင်းရေးအပေါ် ဆောင်ရွက်ရာတွင် စည်ပင်၏တာဝန်ဖြစ်၍ မိမိတို့နှင့်မသက်ဆိုင်ဟူသော အမြင်များလျော့လာသည်ကို တွေ့ရသလို ဝန်ထမ်းများအနေဖြင့် ယခင်ကကဲ့သို့ ညွှန်ကြားမှ၊ ခိုင်းမှလုပ်သည့်အမူအကျင့်များ ဖျောက်ကာ ကိုယ်တိုင်အသိစိတ်ဖြင့် ဆောင်ရွက်သော နိုင်ငံတကာအဆင့်ဝန်ထမ်းများအသွင်သို့ တဖြည်းဖြည်းချင်းပြောင်းလဲလာနေပြီဖြစ်ကြောင်း မုံရွာဒေသခံ ဦးဇော်ထိုက်က ပြောပြသည်။

"မုံရွာအမှိုက်တွေရှင်းတာ အရင်ကနဲ့တော့မတူတော့ဘူး။ အများပြည်သူစိတ်ဝင်စားတာတွေရှိလာသလို ဝန်ထမ်းတွေအနေနဲ့ ခိုင်းမှလုပ်တာထက်ကိုယ်တိုင်က ကိုယ့်အသိစိတ်နဲ့လုပ်လာတာတွေ တွေ့ရတာ လက်ရှိမှာ မြို့သန့်ရှင်းရေးကိုတော့ အများကြီးထောက်ကူ ပြောင်းလဲလာတာတော့ အမှန်ပဲဗျ။ အမှိုက်ရှင်းတာက တိုးတက်ပြောင်းလဲလာတာနဲ့အတူ သိမ်းပြီးတဲ့အမှိုက်ပစ်ရာမှာ ဘယ်လိုစနစ်နဲ့ ဘယ်လိုပစ်ရင်ကောင်းနိုင်မယ်ဆိုတာကတော့ ပညာရှင်တွေ၊ မြို့မိမြို့ဖတွေနဲ့ တိုင်ပင်ဆွေးနွေး အဖြေရှာသင့်ပါပြီ။ အမှိုက်တွေကို လက်ရှိမှာ မြို့ရဲ့သမိုင်းဝင် အင်းတွေထဲသွားထည့်နေကြတာကိုလည်း ဝိုင်းဝန်းစဉ်းစား အဖြေထုတ်သင့်နေပါပြီ။ အင်းတွေထဲမှာ မြို့ရဲ့ခရိုနီအချို့က အကွက်တွေရိုက်နိုင်အောင် စည်ပင်အမှိုက်ကားတွေက အမှိုက်တွေဝယ်ပြီး အင်းကိုဖို့နေတာတွေဟာ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေမယ့် အကြောင်းရင်းတွေပဲ" ဟု ယင်းက ပြောသည်။ **မျိုးဝင်းထွန်း (မုံရွာ)**


Prestige
Automobiles
bmwmyanmar.com
BMW
Sheer
Driving Pleasure
THE FIRST-EVER
BMW EXPO IS COMING.
THE NEXT
100 YEARS
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
Hotline : 01- 230 6133
www.facebook.com/BMWPAC

## ခေစ်ကြောင်းလမ်းပြီးစီးခြင်း

ကလေးမြို့နေ ဦးသန်းဝင်း-ဒေါ်ခင်ဌေးတို့၏သား

**မောင်စန်းမျိုးလွင်**

**Diploma in International Export**
**(University of Amsterdam, the Netherlands)**
**Diploma in Dutch Language Proficiency**
**(University of Amsterdam, the Netherlands)**

နှင့်

ကလောမြို့၊ အင်းပြင်ရွာနေ ဦးမြင့်ဇော်-ဒေါ်ခက်ခက်ဇော်တို့၏ သမီး

**မယဥ်မင်းခင်ခင်**

**B.A(Hons),M.A(English)**
**Diploma in English Language Proficiency (SEMEO),**
**International Diploma in Computer Studies(NCC,UK)**

တို့သည် ၂၄-၄-၂၀၁၆ရက်တွင် နှစ်ဖက်သောမိဘလူကြီးများရှေ့မှောက်၌ ခေစ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စန်းမျိုးလွင်-မယဥ်မင်းခင်ခင်**

## လူရည်ချွန် ရွေးချယ်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ အထက(၂)၊ အဌမတန်း(A)မှ မခန့်ရတီကျော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၅/၂၀၁၆ ပညာသင်နှစ်အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ဆု ရွေးချယ်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မခန့်ရတီကျော် အား လူရည်ချွန်တစ်ယောက်ဖြစ်လာစေရန် အသိပညာ၊ အတတ်ပညာများကို သင်ကြားပို့ချပေးပါသော ကွမ်းခြံကုန်းမြို့နယ်မှ မြို့နယ်ပညာရေးမှူး၊ အထက(၂)ကျောင်းအုပ်ဆရာမကြီးနှင့် တကွ မူလတန်းမှစ၍ ယခု အလယ်တန်း၊ အထက်တန်းအထိ ပညာသင်ကြားပြသပေးခဲ့သော ဆရာ၊ ဆရာမများနှင့် သင်ဆရာမြင်ဆရာ ကြားဆရာများ၊ မိတ်ဆွေသင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီသင်ကြားပေးခဲ့ကြသော ပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဘိုးဘိုး** - **ဦးမောင်ညို**
**ဘွားဘွား** - **ဒေါ်ယဥ်ရွှေ(သန့်-Electronic)**
**ဖေဖေ** - **ဦးကျော်မင်းထွန်း(E.E ဒေါပုံမြို့နယ်လျှပ်စစ်မန်နေဂျာရုံး)**
**မေမေ** - **ဒေါ်သန္တာညို**

## လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဆရာဖြစ်သင်တန်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝတောရဆရာတော်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်အရှင်မြတ်သည်-

ဗဟိုအဖွဲ့ချုပ် သြဝါဒါစရိယဆရာတော်ကြီးများ၏ ဆန္ဒတော်အရ"သတ္တမ" အကြိမ် "လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဆရာဖြစ်သင်တန်း"ကို (၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်) ၂၂-၅-၂၀၁၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်ပါမည်။ သြဝါဒါစရိယဆရာတော် အရှင်မြတ်တို့ထံမှ သြဝါဒစကား ချီးမြှင့်ပေးတော်မူပါဘုရား။

ပထမကြိမ်တန်းအထက် အောင်မြင်ပြီးသော အရှင်မြတ်များ၊ ဆရာလေးများ၊ ကျောင်းထိုင်ကျောင်းပိုင်အရှင်မြတ်များ၊ သြဝါဒါစရိယဆရာတော်ကြီးများထံမှ ထောက်ခံချက်ရရှိထားသော ပုဂ္ဂိုလ်များ သင်တန်းတက်ရောက်ခွင့် ရှိပါသည်။

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ ၂၁-၅-၂၀၁၆ ရက်(စနေနေ့)၊ ညနေ ၅ နာရီ ဂိုဏ်းပေါင်းစုံ သံဃဥပုသ်ပြုအမီ ကြွရောက်တော်မူပါရန် လျှောက်ထားပါသည်ဘုရား။

**နန်းနွယ်(ဥက္ကဋ္ဌ)**
**လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၁၈၉၇၃၇၊ ၀၉-၄၀၀၄၀၅၅၉၊ ၀၉-၄၂၅၀၁၇၃၈၈**

## ရွက်စိမ်းဆိုင်မှ
## လျော်ဖြူ (ဖြူသန့်)နှင့် (လျော်စေးအဖြူ)ဝယ်လိုပါသည်

မန်ဂန်ရှား၊ နံ့သာနီ(ရွေးကြီး)လျော်ဖြူ/ ကျွန်း၊ ကြယ်ပဲ မျိုးစေ့များ ရပါပြီ။
အမှတ်-H-3၊ ဆင်ကန်ပတ်လမ်း၊ မြေပဒေသာကျွန်း၊ ဗဟန်း
အမှတ်-690A နေပြည်တော်အမြန်လမ်း၊ ၁၁မိုင်၅ဖာလုံ(ရွက်စိမ်းခြံ)
Ph-095107064, 09796333652, 0931130329

TW သိဒ္ဓိဝင်
စိန်ရွှေရတနာဆိုင်
သိဒ္ဓိဝင် စိန်ရွှေရတနာရောင်းဝယ်ရေးဆိုင်အား
အမှတ်(၂၁၅)၊၃၁×၃၂လမ်းကြား၊အနော်ရထာလမ်းမကြီး၊
ဆူးလေ၊ရန်ကုန်တွင် (၁-၅-၂၀၁၆)နေ့မှ
စတင်ဖွင့်လှစ်တော့မည်ဖြစ်ပါသဖြင့် ဖွင့်ပွဲအခမ်းအနားသို့
ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဆိုင်(၁) အမှတ် - ၂၁၅၊ ၃၁-၃၂လမ်းကြား၊အနော်ရထာလမ်းမကြီး၊ ဆူးလေ။ ဖုန်း - ၀၁ ၂၅၀၄၈၉၊ ၀၉ ၄၄၀ ၄၄၀၀ ၃၆၊ ၀၉ ၄၄၀၄၄၀၀ ၃၇
ဆိုင်(၂) အမှတ် - ၁၁၁၊ သုမင်္ဂလာလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်၊ သဃ်ာန်းကျွန်း၊ ဇဝန။ ဖုန်း - ၀၁ ၈၅၆၄ ၇၀၅၊ ၀၉ ၄၄၀ ၄၄၀၀ ၃၈၊ ၀၉ ၄၄၀ ၄၄၀၀ ၃၉

KMD Institute
LCCI
ဆရာဦးသန့်ဇော်ဦး ကိုယ်တိုင်သင်ကြားသော
LCCI Level I, II, III (စာရင်းကိုင်သင်တန်းများ)
• Level 1 & 2 Book Keeping and accounts Course ကိုသင်ကြားပေးပါမည်။
• မေးခွန်းဟောင်းများကို အခမဲ့ပြန်လှန်သင်ကြားပေးပြီး Exam အောင်မြင်သည်အထိ တန်းခွဲသစ်များသို့ ပြန်လည်တက်ရောက်သင်ကြားခွင့်ပေးပါမည်။
• Level 3 သင်တန်းပြီးဆုံးပါက KMD တွင် On Job Training ဆင်းနိုင်ပြီး အလုပ်သင် စာရင်းကိုင်အဖြစ် အရည်အချင်းပြည့်မီပါက လုပ်ငန်းခွင်ဝင်နိုင်အောင် လုပ်ဆောင်ပေးပါမည်။
LCCI - I, II
Oct Exam Series
လှည်းတန်း - 18-MAY-2016 (5:30PM-7:30PM) (WED, THU, FRI)
မြောက်ဥက္ကလာပ - 10-MAY-2016 (7:30AM-10:30AM) (TUE-WED)
ISO

F.A.M.E မှ ဖွင့် လှစ်မည့် IQN ( UK ) Diploma များ
* HR နယ်ပယ်ထဲ တွင် ကျွမ်းကျင်စွာလုပ်ကိုင်နိုင်ရန်အတွက်
Diploma in Human Resource Management ( IQN - UK )
* Marketing ကိုလေ့လာလိုသူများအတွက်
Diploma in Marketing ( IQN - UK )
* Professional Certificate ကိုရယူလိုသူတိုင်းအတွက်
* Professional Certificate in Business Management
* Human Resource Management
* Sales and Marketing
* Business Management

အမှတ်၁၂၄ ၊၁-ဘီ၊၂၁လမ်း ၊လသာမြို့နယ်
09-73081131, 09-30360680,0925386817
F.A.M.E

အောင်နိုင်သူ မဟာစိန် ကုမ္ပဏီလီမိတက်
Winner Super Diamond Pile Co., Ltd.
W.S.D Group

W.S.D Pile
Licence No.PL-12
လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် ဓာတ်ဖိုများတွင်
ပိုင်ရိုက်ခြင်း၊Bored Pile,လှုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph:01-381964, 09-73131288, 09-73150482, 09-977909888, 09-250499988
Off: Ph- 09-250 288811, FAX: 01-381964, Email: wsdmyanmar@gmail.com

# Future Mandalay is for You အနာဂတ်မန္တလေးဟာ သင့်အတွက်သာ

"အနာဂတ် မန္တလေးဟာ သင့်အတွက်သာ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း MRCCI ကကြီးမှူးကာ **၃၀.၄.၂၀၁၆ရက်နေ့ နံနက်(၉)နာရီမှ စတင်ပြီး အမျိုးသားကဇာတ်ရုံ မန္တလေး** တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးမည့်သူများမှာ

**ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်** ၊ **ဦးတင်စံကျော်** (Device Business Management Academy)

**ဒေါ်တင်မိုးလွင်** (Talents & Models Agency) ၊ **ဦးအောင်ချစ်ခင်** (Strategy First)

**ဦးအောင်ဆန်းဝင်း** (အောင်သမာဓိ စိန်ရွှေရတနာဆိုင် နှင့် ရွှေသန့်စင်လုပ်ငန်း) ၊ **စိန်နှင့်မြ ဦးကျော်ဝင်း** (စိန် နှင့် မြ မွေ့ရာ ပရိဘောဂ)

UD **ဦးခင်မောင်ဝင်း** (UD Group)၊ **ဒေါက်တာ ထွန်းထွန်းအောင်** (MMID Public Co.,Ltd.) တို့ကဆွေးနွေးကြပါမည်။

- စာရေးဆရာ သတင်းစာဆရာ **ဆရာဦးကျော်ရင်မြင့်** က ဆွေးနွေးမည့်သူများကို မေးခွန်းများမေးမြန်းပေးပါမည်။ တက်ရောက်လာသူများကလဲ မေးမြန်း ဆွေးနွေးနိုင်ပါသည်။
- ထိုင်းနိုင်ငံ UTCC တက္ကသိုလ်က MBA ဘွဲ့ကို မန္တလေးမြို့တွင် အိုးမကွာအိမ်မကွာ လေ့လာသင်ယူနိုင်အောင် MRCCI ကစီစဉ်ပေးမည်ဖြစ်ပါကြောင်း ကိုလည်း ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါသည်။
- မတင်မိုးလွင် ဦးဆောင်သည့် (Talents & Models Agency) ကဧည့်ခံဖျော်ဖြေမည်ဖြစ်ပါသည်။

**တက်ရောက်သူများအတွက် ပေတ္တာတုံဖြန့်သည့် အနေဖြင့် ဆိုင်ကယ်၊ တီဗွီ၊ ရေခဲသေတ္တာ များ ကိုကံစမ်းမဲ များ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။**

| Main Sponsors | Diamond Sponsors | Co-sponsors |
|---|---|---|
| | TALENTS & MODELS; ZARNI QUALITY PRODUCT | THREE STAR (THREE STAR-Gram Mill); AUNG THAMARDI; MC; UD Group; AS CONSTRUCTION (ASIA SPEED CONSTRUCTION); WOA; Kyaw Padethar; HOTEL HAZEL MANDALAY; New Cherry; SAN PYA LIVESTOCK CO.,LTD (SANPYA) |

စိတ်ပါဝင်စားသူ မည်သူမဆို အခမ်းအနားကို **အခမဲ့** တက်ရောက်နိုင်မည် ဖြစ်ပြီး နေ့လည်စာဧည့်ခံကျွေးမွေးပါမည်၊
တက်ရောက်လိုသူများအနေဖြင့် MRCCI Page - https://m.facebook.com/mrccimdy/သို့ စာရင်းပေးသွင်းနိုင်ပါသည်။
စုံစမ်းရန် နှင့် စာရင်းပေးသွင်းရန် ဖုန်း ၀၉-၂၀၅၁၀၆၃ ၊ ၀၉-၂၅၆၃၇၇၃၀၈ ၊ ၀၉-၇၇၇၇၇၄၀၀၃ ၊ ၀၂-၆၉၃၂၆ ၊ ၀၂-၆၉၃၁၁

---

CROWN EDUCATION Yangon · Myanmar

psb Academy



ယူကေ၊ ဩစတြေးလျ၊ အမေရိကန်၊ စင်ကာပူတို့တွင် ပညာသင်ကြားခြင်း

## "Psb academy INFO DAY"

- (၁၀)တန်းအောင်မြင်ပြီးသူများအတွက် ပြောင်းလဲလာသော မြန်မာနိုင်ငံ၏ အနာဂါတ်စီးပွားရေးကို ဦးဆောင်ရန် စီးပွားရေးနှင့် စီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာများသင်ယူခြင်း
- စင်ကာပူတွင် အင်ဂျင်နီယာဘာသာရပ်ကို လေ့လာသင်ယူမယ်ဆိုရင် ပိုလီတီးကနစ်မှာနှင့် ဒီဂရီ ဘယ်လမ်းကြောင်းကို ရွေးချယ်သင့်သလဲ၊ ဘာတွေကွာခြားပါသလဲ
- အင်္ဂလန်၊ ဩစတြေးလျ BEဘွဲ့တွေကို ၅၀% စရိတ်သက်သာစွာဖြင့် သင်ယူနိုင်ဖို့ဘယ်လိုလမ်းကြောင်းတွေရှိသလဲ
- (၁၀)တန်းအောင် AGTI, B.tech, HND Electrical, Business ကျောင်းသားများအတွက် (၁၆)လအတွင်း သင်ယူနိုင်မည့် ယူကေ၊ ဩစတြေးလျဘွဲ့များ
- အမေရိကန်၊ အင်္ဂလန် MBA ဘယ်ဟာကို ရွေးချယ်သင်ယူသင့်သလဲ၊ ဘယ်ဟာက ပိုအကျိုးရှိသလဲ
- GMAT, GRE ဘာတွေပြင်ဆင်ထားဖို့ လိုပါသလဲ

7 May (Sat)
NOVOTEL HOTEL (Bagan Room)
2 : 00 PM - 5 : 00 PM

REGISTER NOW : 01 527 838 - 09 450 200 080 - 09 730 40 688

---

ရွှေနှင်းဆီလမ်းမ ရေစီငြေ
အဆောက်အဦပါ
မရမ်းကုန်းမြို့နယ်
ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်
ဆက်သွယ်ရန်ဖုန်း-၀၉ ၈၅၁၃၈၄၄၅၆

---

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123

---

## MCC Orientation Programme

MCC.i

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုထားကြသော ကျောင်းသား/သူများအတွက် တက္ကသိုလ်အကြိုပြင်ဆင်မှုသင်တန်း



### General Orientation
- Foundation of English
- Foundation of Computing
- Soft Skills

### Foundation for Computing Diploma
- Introduction to Computer Technology
- Introduction to Computer Programming

(or)

### Foundation for Engineering Diploma
- Introduction to Engineering Mathematics
- Basic Engineering Science

(or)

### Foundation for Business Diploma
- Introduction to Business Accounting
- Introduction to Business Administration



Enroll Now!

**Hot-Line : 01-2304156, 01-246634** www.facebook.com/mcc.institute

MCC Polytechnic (Yangon) Block 6, 2nd Floor, Myanmar ICT Park, Hlaing Campus, Yangon, Myanmar.
Ph - 01-245762, 01-249152, 01-652236, 01-652237.

**- Opening Date: 28 April 2016 -**

---

**အခန်းငှားမည်**

(၁၅×၅၅)ပေ၊ အမြင့် ၁၇ပေ၊ မြေညီ ထပ်ခိုးအပြည့်ပါသည်။ အဆင့်မြင့်ပြင်ဆင်ပြီး။

အောင်သပြေလမ်း၊ ယုဇနပလာဇာအနီး။

**ဆက်သွယ်ရန်၊ ဖုန်း-၀၉၇၃၁၀၀၆၀၃၀၊ ၀၉-၂၅၀၀၀၁၈၆၄**


---

**ကွန်ဒိုအမြန်ငှားမည်**

သန်လျင်၊ STAR CITY CONDO၊ (၅)လွှာ၊ 1185sqft (1MBR + 2BR) ပြင်ဆင်ပြီး
Ph:09-785015660, 09-5122804

---

**အဆင့်မြင့်မြင့် နေထိုင်လိုသူများလည်းကောင်း၊ ရင်းနှီးမြှုပ်နှံလိုသူ၊လက်ရှိအငှားဖြင့် ဆက်တိုက်ဝင်ငွေရလိုသူများအတွက် အထူးသတင်းကောင်း**



- တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ ၁၃ရပ်ကွက်၊ မြသီတာအိမ်ရာရှိ မြေဓရိယာ ၈၇၄၃ စတုရန်းပေပေါ်တွင် အိမ်ဓရိယာ စုစုပေါင်း ၆၃၀၀ စတုရန်းပေ၊ နှစ်ထပ်RC တိုက်ကို ခန့်ထည်စွာ ဆောက်ထားပါသည်။
- မာစတာအိပ်ခန်း ၂ခန်း၊ ရိုးရိုးအိပ်ခန်း ၄ခန်း၊ ထမင်းစားခန်း ၁ခန်း၊ ဧည့်ခန်းကျယ်ကျယ် ၂ခန်း၊ မီးဖိုချောင်၊ အစေခံခန်း၊ ကား ၂စီးစာဂိုဒေါင်၊ အိမ်ရှေ့ဆင်ဝင်ပါဝင်ပြီး အပေါ်ထပ်အောက်ထပ်ကို ကျွန်းပါကေး ယမနေကွက်ခေါက်၊ ဂရန်းနိုက်ကျောက်ပြားများဖြင့် ၄င်း၊ နံရံတွင်အသက်ရှူကျောက်ပြားများကပ်ထားပါသည်။
- အိမ်ရှေ့ငါးအလှမွေးရန် ရေကန်ငယ်၊ ပန်းအုတ်ခေါင်းနှင့် ကျယ်ပြန့်သောမြက်ခင်းပြင်၊ ပါဝါမီတာ၊ ရေပူရေအေးတို့တပ်ဆင်ပြီး အဆင့်မြင့် တည်ဆောက်ထားပါသည်။
- လက်ရှိအငှားတစ်လသိန်းသုံးဆယ်ဝင်ပါသည်။ကွန်ဒိုတိုက်ခန်းထက်ဈေးနှုန်းထက် ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးပါမည်။
- ရောင်းဈေး ။ ၁၀၈၀၀သိန်း (1sqft= 1.2 သိန်း သာ ကျသင့်ပါသည်)

ဆက်သွယ်ရန် - ၀၉၇၃၀၀၉၉၈၁၊ ၀၉၉၇၄၀၅၅၅၅၀

**သန်းငွေနှင့်ရောင်းရင်းများ** ၅-ကျိုက်ထီးရိုး/ရှောင်သာ(ဖန်း)
☆ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ (စွယ်တော်သေးဆူ)၊ ပခုက္ကူ (၃)ရက်။
☆တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ၊ မွေတော်ကက္ကူ (၃)ရက်။
☆မန္တလေး၊ မုံရွာ၊ ဖြင်ဦးလွင်၊ အလောင်းတော်ကဿပ (၃/၅)ရက်။
☆ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက်ထီးရိုး၊ ဝက်ခဲ (၅)ရက်။
☆မော်လမြိုင်ဘုရားစုံ၊ ကျိုက္ခမီ၊ ဝက်ခဲကမ်းခြေ (၂/၃)ရက်။
☆ကျိုက်ထော်ရေတံခွန်၊ ဘားအံ ဂူ(၅)ဂူ (သောကြာ/စနေ)
☆ပြည်၊ အကောက်တောင်၊ နဂါးရစ် (စနေ/တနင်္ဂနွေ)
☆ဂလွန် ☆နေပြည်တော် ☆မဲလဲဆံတော်ရှင် (စနေ/တနင်္ဂနွေ)
Apr 22,29, May 6,13,20,27 ☆ကားစီးလိုပါကစီစဉ်ပေးသည်
အမှတ်(၄၂)ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

**ခိုးမြင့်ကြယ်**
ကျိုက်ထီးရိုး (နေ့ပြန်/ငြိမ်) 35000
ရှောင်သာ Guest (ငြိမ်) 40000, Hotel (ငြိမ်) 45000
ငွေဆောင် (Hotel+ကား) 45000
ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။
01-549380, 09-5093704, 09-450012971

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

**COHABO**
ချောင်းသာ/ငွေဆောင်
ခရီးစဉ်-100000
Ph-09 731 61773
09 516 1773

**TRIWAVE** Travels & Tours
09-4545 80003
09-4545 80004
May 7, 14, 28 ဘားအံ-ကျိုက်ထော်ရေတံခွန်-ဆာ (33000 Ks)
May 20-23 (115000 Ks)
Discount ရှိသည်။

**ရွှေအိုးကြီး** Aircon Express
မြဝတီ၊ မဲဆောက်၊ ဗဒေါ
ဘားအံဘုရားစုံနှင့် ကျိုက်ထော်ရေတံခွန်၊ Apr-29, May 20
Special Pass(Visa) 90000Ks
09-421073634, 09-777636630

**ရွှေကြေးစည်**
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်စမ်းလိုက်ဂူ
▲ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့
▲မန္တလေး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာကန်၊ ကျောက်စိမ်းဘုရား
▲ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ
▲မော်လမြိုင်၊ ကျိုက္ခမီ၊ ဝက်ခဲ၊ ဘူးလပိုင်တောင် (ကျိုက်ထီးရိုး)
▲(ကျိုက်ထော်ရေတံခွန်၊ ပဒ့်ဂူ၊ ကော့ဂွန်းဂူ)(နေပြည်တော်)(ဂလွန်)

**ပိုင်ဇေ** တသင်ပိုင်း
ဂ တန်း ၊ ၁၀ တန်း ဘာသာစုံ ရမှတ်မြင့် တသင်ပိုင်းများ
(၂၄)မဟာဗန္ဓုလလမ်း၊ ရေကျော်၊ ပုဇွန်တောင်
၀၉-၇၃၁၇၇၇၈၀၆၊ ၀၉-၇၉၅၁၈၈၈၇၈၃
ဂ-တန်း ဘာသာစုံ (၅)ယောက်ပိုင်းများ လက်ခံပါပြီ။
(၁) ရေကျော်ပိုင်း (၂) ကမာရွတ်ပိုင်း (၃) ကြည့်မြင်တိုင်ပိုင်း
(၄) ရွှေပင်လုံအိမ်ရာ Rose Park 1 ပိုင်း မြောက်/အုံ

**ဖူးပိုးသား**
ကျိုက်(၅)ကျိုက်
(၁)ညအိပ်ဆိုင်ထမင်း(၃)နပ်ကျွေး 35000 သောကြာအပါတ်စဉ်
15000 တနင်္ဂနွေအပါတ်စဉ်
Ph:09425334456,0949323965,0949578205

**Access Cherry** Travels & Tours
ဘားအံ - ကျိုက်ထော်ရေတံခွန် 35,000 ကျပ်
ရောက်ရှိမည့်နေရာများ
- ကျိုက်ထော်ရေတံခွန်
ပါဝင်သော Service များ
- Air-con Bus
- Tour Leader
- Tour Guide
Ph : 01-400547, 09-794490012, 25981831, 976643352

**တာဝတိံသာ**
အဆင့်မြင့် အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
Ph: 09 32152526
09 421024222
09 31483218
09 49344288

**ကား** မျိုးစုံ
(Alphard/Crown/MarkII/ Hiace ...)
Ph:09795549249, 095418126

**ကိုသန့်ဇင်**
CAR RENTAL
ကားမျိုးစုံ ခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821








**ဂုဏ်ရည်ဆေးတိုက်**

ဂုဏ်ရည် ® အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

စျ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန်-နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း-၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၃၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



ကြော်ငြာခွင့်ပြုချက်အမှတ်- တဆ၀၀က(စာနယ်ဇင်း) ၀၅၄/၀၇၀၃

ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း
## ဦးရဲမြင့်
## အသက်(၈၆)နှစ်

သုခကမ္ဘာဆေးရုံ မှ မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာဝင်းဇော်၏ဖခင် ဦးရဲမြင့်သည် (၂၄.၄.၂၀၁၆) ရက်နေ့တွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
သုခကမ္ဘာဆေးရုံ

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးရဲမြင့်
## အသက်(၈၆)နှစ်

LIZSTAR CO., LTD မှ ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၏ဖခင် ဦးရဲမြင့်သည် (၂၄.၄.၂၀၁၆) ရက်နေ့တွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအုန်းထွန်း နှင့် ဇနီး
မြကန်သာ – အုန်းထမင်းဆိုင်

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မီမီစိန် (အသက် ၄၅ နှစ်)
### Director
### Champion Construction Materials Co., Ltd.

ဒေါ်မီမီစိန် Director သည် ၁၉-၄-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

BOD နှင့် ဝန်ထမ်းများ
Naing Hongke Facade Engineering Co., Ltd

---

### အမည်မှန်

အဖ ဦးမာမက်အာဒမ်၏သား ဖြစ်သူ မိုဟာမက်အီစမန်အီ၊ မိုဟာမက်အီမောအီ၊ ဦးစံလင်း၊ ၁၂/ပဇတ (နိုင်)၀၀၉၄၇၇၇ကိုင်ဆောင်သူသည် တစ်ဦးတည်းဖြစ်ကြောင်း။

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး
### ဦးရဲမြင့် (နတ်တလင်း)
### အသက်(၈၆)နှစ်

ဒေါက်တာဝင်းဇော် (ဥက္ကဋ္ဌ၊ လစ္စတားကုမ္ပဏီများအုပ်စု)-ဒေါ်စိုးကြည်ပြာယမင်းတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးရဲမြင့်သည် ၂၄-၄-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁း၂၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကပ္ပတိန် ဝေမြိုးနှင့်သင်္ဘောသား ညီအစ်ကိုများ
(MV. Sumibou)

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးရဲမြင့်(နတ်တလင်း)
## အသက်(၈၆)နှစ်

ဒေါက်တာဝင်းဇော် (ဥက္ကဋ္ဌ၊ လစ္စတားကုမ္ပဏီများအုပ်စု)-ဒေါ်စိုးကြည်ပြာယမင်းတို့၏ဖခင်ကြီးသည် ၂၄-၄-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

MV.GRACE ZEPHYR မှ
ရေယာဉ်မှူးနှင့် သင်္ဘောဝန်ထမ်းများ

---

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး
### ဦးရဲမြင့် (နတ်တလင်း)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘောက်ထော် မျှော်စင်လမ်း၊ အမှတ်(၆၀ က/ခ)နေ ဦးသက်နိုင် (Managing Director-Asia Petroleum Co.,Ltd & Grand Master Golf Co.,Ltd.)-ဒေါ်ချောစု (Director-Asia Petroleum Co.,Ltd & Grand Master Golf Co.,Ltd.)တို့၏ ချစ်လှစွာသောဖခင် ဦးရဲမြင့်သည် ၂၄-၄-၂၀၁၆ ရက်တွင် ရန်ကုန်မြို့၊ သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Asia Petroleum Co.,Ltd နှင့်
Grand Master Golf Co.,Ltd မှ
တာဝန်ရှိသူများ

---

အားကစား မြင့်တင် စိတ်လန်းရှင် ဆန့်ကျင် မူးယစ်ဆေး

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းရှင် (ပခုက္ကူ)
### အသက် (၉၇) နှစ်

ဦးဇေတာလှမင်း (ဥက္ကဋ္ဌ၊ မြန်မာ-ဂျပန်အသင်း) +ဒေါ်ခင်ဇော်ယု တို့၏ မိခင် ဒေါ်သန်းရှင် (ပခုက္ကူ)၊ အသက် (၉၇) နှစ်သည် ၂၃-၄-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁း၀၀ နာရီတွင် ပခုက္ကူမြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်များ
မြန်မာ-ဂျပန်အသင်း

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးကြင်ဝမ်
### အသက်(၉၁)နှစ်
### ဂျိုးသိန်းဆေးပေါ့လိပ်၊ ပဲခူးမြို့

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် (၁၀၉/က)နှင့် ပဲခူးမြို့၊ (၃၃)လမ်း၊ အမှတ်(၂၄၉)နေ (ဦးကျော်ရင်-ဒေါ်ကြူကြီး)တို့၏သား၊ (ဦးကျော်အင်း-ဒေါ်ရွှေ)တို့၏သားသမက်၊ ဒေါ်လှသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးကြင်ဝမ်သည် ၂၁-၄-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၄း၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Orchid Hotels Group

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးကြင်ဝမ်
### အသက်(၉၁)နှစ်
### ဂျိုးသိန်းဆေးပေါ့လိပ်၊ ပဲခူးမြို့

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် (၁၀၉/က) နေ ဒေါ်လှသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးကြင်ဝမ်သည် ၂၁-၄-၂၀၁၆ (ကြာသပတေးနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်နိုး-ဒေါ်စုန်းကြည်
ဦးထူးထူးမောင်-ဒေါ်သတ်သတ်မွန်

---

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာ စီးပွားရေးလုပ်ရန် အချက်အချာကျသော ရန်ကုန်-ပြည်လမ်းမကြီးပေါ်၊ ထောင့်ကွက်၊ ရေသန့်ရေအမျိုးအစားရသည်။ ပေ(၅၇x၁၀၀)၊ သိန်း-၁၂၀၀ (ညှိနှိုင်း)

ဖုန်း-၀၉-၂၅၄၂၃၈၈၃၃၊ ၀၉-၂၆၀၂၇၀၅၃၇၊ ၀၉-၇၉၉၉၈၄၀၆၂၀

---

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးကြင်ဝမ်
# ဂျိုးသိန်းဆေးပေါ့လိပ်ဖခင်ကြီး
# အသက်(၉၁)နှစ်

Win & Win Group of Companies ၏ဥက္ကဋ္ဌ ဦးဝင်းဆွေ-ဒေါက်တာမြတ်သီတာမြင့်၏ ချစ်လှစွာသော ဖခင်ကြီးသည် ၂၁-၄-၂၀၁၆ရက် (ကြာသပတေးနေ့) Singapore စံတော်ချိန် ၆း၃၀ နာရီတွင် Mount Elizabeth Hospital တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

| | |
|---|---|
| ဦးသိန်းဟန်နှင့် ဇနီး (Tokyo Pipe Co.,Ltd) | ဦးမောင်မောင်နှင့် ဇနီး (Panda Hotel) |
| ဦးကျော်တင့်နှင့် ဇနီး | ဦးထွန်းအေးနှင့် ဇနီး (Zenith Group of Companies) |
| ဦးကွန်းနှင့်ဇနီး (Myat Mar Lar Co.,Ltd) | ဦးမြင့်သန်းနှင့် ဇနီး |
| ဦးဖေခင်နှင့် ဇနီး | ဦးသောင်းနှင့် ဇနီး |
| ဦးချစ်ဆွေနှင့် ဇနီး | ဦးလှထွန်းနှင့် ဇနီး |
| ဦးကြည်ခင်နှင့် ဇနီး | ဦးမောင်မောင်ဝင်းနှင့် ဇနီး (Fulon Co.,Ltd) |
| ဦးမျိုးမြင့်နှင့် ဇနီး (Director- Pyay Wa Say Co.,Ltd) | |

# နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူများထံမှ ဆင်းသက်ပြီး ပြည်သူလူထုထံတွင်သာ ရှိ

စာမျက်နှာ » ၅

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

စာမျက်နှာ » ၃



သတင်း - ဆုနှင်းလဲ့
ဓာတ်ပုံ - စောသိန်းဝင်း

ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်မြင်ကွင်း

# စက်မှုဇုန်များ ကုန်ထုတ်လုပ်မှုကဏ္ဍတိုးတက်ရေးအတွက် လျှပ်စစ်နှင့် ကျူးကျော်ပြဿနာ ဖြေရှင်းပေးသွားမည်

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးသည် ရန်ကုန်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျပြီး နိုင်ငံ့ဂျီဒီပီ၏ ရာခိုင်နှုန်းအများဆုံးပါဝင်နေသော ရန်ကုန်စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်၍ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေးအတွက် အဓိကပြဿနာရပ်များဖြစ်သည့် လျှပ်စစ်နှင့် ကျူးကျော်ပြဿနာကို ဖြေရှင်းပေးသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

လက်ရှိအစိုးရတာဝန်ယူဆောင်ရွက်သော တစ်လအတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စက်မှုကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မှုတွင် အဓိကရင်ဆိုင်နေရသည့် ပြဿနာများ၊ အခက်အခဲများ၊ လိုအပ်ချက်များနှင့် ဖြေရှင်းဆောင်ရွက်ရမည်တို့ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၁ ဇုန်မှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် ယနေ့ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးချုပ်တွင် တွေ့ဆုံဆွေးနွေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

"စက်မှုဇုန်တွေ ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် ကျွန်တော်တို့တိုင်းပြည်ရဲ့ အလုပ်အကိုင်တွေကို ပေးနိုင်မှာဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေကို ပေးနိုင်မှ ကျွန်တော်တို့ တိုင်းပြည်မှာ ဖြစ်နေတဲ့ လမ်းဘေးဈေးသည်ကိစ္စတွေ၊ ကျွန်တော်တို့ မြို့ထဲမှာ ကျပ်နေတဲ့အခြေအနေတွေ၊ အလုပ်အကိုင်အခွင့်အလမ်းရနိုင်တဲ့ နေရာတွေကို လူတွေက ရွှေ့လျားသွားမယ်။ ဒါဆိုရင် စက်မှုဇုန်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ကျွန်တော်တို့ ရန်ကုန်ရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးတယ်။ ကျွန်တော်တို့နိုင်ငံဟာ ကုန်သွယ်မှုလိုငွေအမြဲတမ်းပြနေတဲ့နိုင်ငံဖြစ်ပါတယ်။ ကုန်သွယ်မှုလိုငွေပြတဲ့အတွက် ကျွန်တော်တို့တိုင်းပြည်မှာ ဘတ်ဂျက်လိုငွေဖြစ်တယ်။ ဘတ်ဂျက်လိုငွေဖြစ်ခြင်းနဲ့အတူ ငွေကြေးဖောင်းပွမှုက တစ်ဆက်တစ်စပ်တည်းရှိနေပါတယ်။ စီးပွားရေးတည်ငြိမ်နိုင်မှုနဲ့ ငွေတန်ဖိုးတည်ငြိမ်နိုင်မှုအတွက် ကျွန်တော်တို့တိုင်းပြည်ရဲ့စီးပွားရေးအောင်မြင်အောင် ဘယ်လိုလုပ်မလဲဆိုတာ စဉ်းစားဖို့လိုပါတယ်" ဟု ဝန်ကြီးချုပ်က လုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် ထည့်သွင်းပြောကြားခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့❖

## တစ်နိုင်ငံလုံးဓာတ်အား ပြတ်တောက်မှုဖြစ်ပေါ်

**နေပြည်တော် မေ ၂၇**

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ယနေ့ည ၆ နာရီ မိနစ် ၄၀ အချိန်တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တောင်ငူ-သာယာကုန်း ဓာတ်အားခွဲရုံများ ဆက်သွယ်ထားသော ဓာတ်အားလိုင်း (၂) လိုင်းရှိရာ သာယာကုန်းနှင့် ကွန်းအကြား ကြခင်းမီးလောင်မှုကြောင့် အမှတ်(၁)လိုင်း Line False ဖြစ်၍ ဓာတ်အား ပြတ်တောက်ခဲ့ပြီး အမှတ်(၂)လိုင်းမှာလည်း ဝန်အားမနိုင်သည့်အတွက် ဓာတ်အားထပ်မံပြတ်တောက်ရာမှ ဓာတ်အားစနစ်တစ်ခုလုံး ဓာတ်အားပြတ်တောက်သွားခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဓာတ်အားပြတ်တောက်ခဲ့ပြီးနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူများက ဓာတ်အားပြန်လည်ရရှိရေးဆောင်ရွက်ခဲ့ရာ ည ၇ နာရီတွင် နေပြည်တော်နှင့် ၇ နာရီ ၅၆ မိနစ်တွင် ပင်မဓာတ်အားခွဲရုံကြီးများသို့ ဓာတ်အား ပြန်လည်ပို့လွှတ်နိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC–U) သည် ငြိမ်းချမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်၊ နိုင်ငံရေးဆွေးနွေးနေစဉ်ကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရန်၊ နိုင်ငံရေးအာမခံချက်များကို အကောင်အထည်ဖော်နိုင်ရန်၊ သဘောတူညီချက်များနှင့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုနိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၈ ရက်(ယနေ့) နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ကိုညီ)**



ရောဝတီနှင့် ဂျိုဟိုးဒါရူးလ် အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# ရောဝတီအသင်း အိမ်ကွင်း၌ ရှုံးနိမ့်

သတင်း၊ ဓာတ်ပုံ - ရှိုင်းထက်ဇော်

၂၀၁၆ ရာသီ AFC Cup ပြိုင်ပွဲအုပ်စု (H) ဖွဲ့မည်ဖြစ်သည့် ရောဝတီအသင်းနှင့် လက်ရှိချန်ပီယံ ဂျိုဟိုးဒါရူးလ် (မလေးရှား)အသင်းတို့ ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြသည်။

**ဂျိုဟိုးဒါရူးလ် -နှစ်ဂိုး၊ ရောဝတီ - တစ်ဂိုး**

ရောဝတီအသင်းမှာ လက်ရှိချန်ပီယံ ဂျိုဟိုးဒါရူးလ်အသင်းကို ပထမအကျော့က ဂိုးပြတ်ရှုံးခဲ့သလို ယခုဒုတိယ အကျော့တွင်လည်း ပွဲပြီးခါနီးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ယခုပြိုင်ပွဲတွင် ပုံစံကောင်းပြသထားသည့် ဂျိုဟိုးဒါရူးလ်အသင်းမှာ ငါးပွဲဆက် အနိုင်ရလဒ်နှင့်အတူ အုပ်စုပထမဖြင့် ရှုံး/ထွက် အဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့❍


သူငယ်တန်း အထူးအစီအစဉ်
ယခုမှ ကျောင်းစ နေကြမည့် သူငယ်တန်းများအတွက်... အသစ်စက်စက် သင်ရိုးများကို နိုင်ငံတကာစံချိန်နှင့်တန်းတူ သင်ကြားနည်းသစ်ကိုမလွှဲမပြောင်းပြု၍ သင်ကြားပေးမည်ဖြစ်ကြောင်း သတင်းကောင်း ပါးလိုက်ပါသည်။

ဂုဏ်ထူး ဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်းကြီး
ပညာရေးအဆင့်မြင့် ဘော်ဒါ
ရန်ကုန်မြို့၏ No.1 ဆရာများ စုစည်းသော သင်သည်။
Guide များက တစ်နေ့(၃) နာရီ လေ့ကျင့်ပေးသည်။
အဆင့်မြင့်ဆုံး Air Con ခန်းများနှင့် ထားသည်။
ရန်ကုန်မြို့နယ် အသီးသီးမှ Ferry ကား ကြို/ပို့ ရှိသည်။
ဦးရာလူ ကြိုက်ရာ ကုတင်၊ အခန်း၊ စာသင်ခုံ ကြိုက်ရာဈေး စနစ်
သူငယ်တန်းမှ ဒသမတန်း အထိ ဧပြီလ (၂၇) ရက်နေ့ ဖွင့်မည်။ ကျောင်းအပ် လက်ခံနေပါပြီ
ORANGE SUPER MART
၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် မွေးထုတ်ခဲ့သောတပည့်ရင်များ